
ယမင်းစာပေ
လာခြင်းကောင်းသည့်ခြေလှမ်းများနှင့် ဗုဒ္ဓဝင်ရသကြေးမုံသတ္တုတို့များ
နန္ဒာမိုးကြယ်

### ဒို့တာဝန်အရေး သုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုးအဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောက်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ယမင်းစာပေ စာစဉ် (၆)

# လှာခြင်းကောင်းသည့် ခြေလှမ်းများနှင့်

## ဗုဒ္ဓဝင်ရသကြေးမုံဝတ္ထုတိုများ


**ပုံနှိပ်မှတ်တမ်း**

| | |
|---|---|
| အတွင်းစာသားခွင့်ပြုချက်အမှတ် | ၁၅၇၈/၂၀၀၃(၁၁) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၂၅၀/၂၀၀၄(၃) |
| စာရေးသူ | နန္ဒာမိုးကြယ် |
| အဖုံးဒီဇိုင်း | ကိုစိုးအောင် |
| ကွန်ပျူတာစာစီ | ရွှေကွင်းဆက် |
| စီစဉ်သူ | ယမင်းစာပေ |
| ဖလင် | AZ |
| ထုတ်ဝေသူ | ဦးခင်မောင်သိန်းဆွေ<br>သလ္လာဝတီစာပေ<br>အမှတ် ၂၄၀၊ အခန်း (၃)၊<br>၂၅ ရပ်ကွက်၊<br>သုဝဏ္ဏ၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ် | အောင်ကိန်းအောင်ဆက်<br>ဦးကြည်ဝင်း<br>အမှတ် (၁၅၁)၊ ၃၈ လမ်း၊<br>ကျောက်တံတား၊ ရန်ကုန်။ |

၂၀၀၄ ခုနှစ် မတ်လ (ပထမအကြိမ်)

အုပ်ရေ (၁၀၀၀)

တန်ဖိုး (၇၀၀/-)

ဖြန့်ချိရေး
ယမင်းစာပေ
အမှတ် (၁)၊ မဟာဝိဇယစေတီတော်၊ လိပ်ကန်အနီး၊
ရန်ကုန်မြို့။

# လာခြင်းကောင်းသည့် ခြေလှမ်းများ နှင့်
# ဗုဒ္ဓဝင်ရသကြေးမုံဝတ္ထုတိုများ

နန္ဒာမိုးကြယ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အမှာမမည်သော စကားဦး | |
| ၁။ | အလင်းမဲ့ရောင်စဉ် | ၁ |
| ၂။ | သံသရာအဆက်ဆက် | ၁၃ |
| ၃။ | အမှောင်ကွယ်သည့် အလင်းရောင် | ၂၄ |
| ၄။ | တောင်းခြွေသော ဆု | ၃၂ |
| ၅။ | ရွှန်းမြခန္တီ | ၄၀ |
| ၆။ | အေးမြသော ဆန်ရေ | ၅၂ |
| ၇။ | ရှန်းထွက်သူ | ၆၄ |
| ၈။ | သံတွေခဲ | ၇၉ |
| ၉။ | စွဲသူ၏ လမ်း | ၈၉ |
| ၁၀။ | ဟို..ဝေးဝေးရဲ့ အနီးမှာ | ၉၇ |
| ၁၁။ | လာခြင်းကောင်းသည့် ခြေလှမ်းများ | ၁၀၅ |
| ၁၂။ | တစ်မိုးအောက်မှာ | ၁၁၇ |
| ၁၃။ | လိပ်ပြာအတောင်ညောင်းခဲ့ပြီ | ၁၂၉ |
| ၁၄။ | လင်းအရုဏ်လျှောက်လမ်း | ၁၄၃ |
| ၁၅။ | ပုံတင်ပုံရိပ် | ၁၅၃ |
| ၁၆။ | လာရာလမ်းသို့ ပြန်သည့်အခါ | ၁၆၉ |
| ၁၇။ | မြင်တတ်သူ | ၁၇၈ |

## လာခြင်းကောင်းသည့်ခြေလှမ်းများအတွက် အမှာမမည်သော စကားဦး

ရသစာပေကို မိမိများစွာမှ နှစ်သက်ချစ်မက်ပါသည်။ ထိုအထဲ ရသစာပေနယ်နိမိတ်၌ အကျုံးဝင်သော ဗုဒ္ဓဝင်ရသစာပေတွေလည်း အပါအဝင်ဖြစ်ပါသည်။ သည်လိုမျိုး ဗုဒ္ဓဝင်ရသစာပေတွေကို နှစ်သက် ချစ်မက်အောင် လမ်းခင်းပေးခဲ့သည်က ကွယ်လွန်သူ စာရေးဆရာကြီး ငွေဥဒေါင်း (ဆရာဦးကြီးမောင်)ပဲ ဖြစ်ပါသည်။ ဆရာကြီး၏ မဂ္ဂဇင်းပါ ဗုဒ္ဓစာပန်းချီလက်ရာမွန်တို့ကို တရှိက်မက်မက် ဖတ်ရှုရင်း တစ်နေ့နေ့ တစ်ချိန်ချိန် ဘာသာရေးစာပေတွေကို နှံ့နှံ့စပ်စပ် ဖတ်ရှုခဲ့ပြီးသည့်သကာလ ဘာသာရေးအတွေးအခေါ် အသိအမြင်တို့ ဝင်ဆန့်လာသည့်အခါမျိုး၌ ဆရာကြီးကဲ့သို့ပင် 'ဗုဒ္ဓစာပန်းချီ' ခြယ်လို စိတ်တွေ ပေါ်ပေါက်ခဲ့ဖူးပါသည်။

ခုတော့ ဆန္ဒ၏ စေ့ဆော်မှုဖြင့် ဗုဒ္ဓဝင်ဇာတ်လမ်းတော်တော်များများကို မိမိရေးဖြစ်နေခဲ့ပါပြီ။ တကယ်ဆိုလျှင် မိမိ၏ လက်ရှိ

အသက်အရွယ်နှင့် လက်ရှိတွေ့ကြုံနေရသော အတွေ့အကြုံလောက်နှင့် နှုနယ်လှစွာသော စာပေလေ့လာအားကလေးလောက်နှင့် ဤလိုစာစုမျိုးကို မကိုင်သင့်သေးသည်က အမှန်ပါ။ သို့သော်ငြား စာရေးဆရာကြီး ဇေယျ၏ စာတစ်ပုဒ်ထဲကလို ကိုယ့်ကိုယ်ကို ပြည့်ဝသူတစ်ယောက်ဖြစ်ပါမှ စာရေးမည်ဟု ဆုံးဖြတ်လျှင် ဘယ်တော့မှ ရေးဖြစ်လိမ့်မည်မထင်ကြောင်း ကိုယ့်လက်ရှိ လေ့လာဆည်းပူးထားတာနှင့်ပင် ရေးထုတ်နိုင်သလောက် ရေးထုတ်ဖို့ လိုအပ်ကြောင်း တိုက်တွန်းရေးသားထားသဖြင့် အားတက်မှု ဖြစ်ပေါ်ကာ တစ်ပုဒ်ပြီးတစ်ပုဒ်ဆိုသလို ရေးထုတ်ဖြစ်ခဲ့ရာ အပုဒ်ရေ တော်တော်များများပင် ရနေခဲ့ပါပြီ။

သည်နေရာ၌ မိမိက မိမိပုံဖော်ခြယ်ရေးခဲ့သော ဗုဒ္ဓဝင်ဝတ္ထုများအား "ဗုဒ္ဓဝင်ရသကြေးမုံ" ဟူ၍ အမည်သညာ ပြုခဲ့ပါသည်။ ထိုအမည်သညာအတိုင်းပင် မဂ္ဂဇင်းဂျာနယ်များက ထည့်သွင်းဖော်ပြပေးခဲ့ကြပါသည်။ ထိုဝေါဟာရစကားစုသည် မိမိ၏ ကိုယ်ပိုင်ဝေါဟာရစကားစုဖြစ်ပါသည်။ မိမိအနေဖြင့် ဗုဒ္ဓဝင်ရသကြေးမုံ၌ တစ်ပုဒ်ပြီးတစ်ပုဒ်ဆိုသလို ပုံရိပ်များ ထင်ဟပ်လာသောအခါ မိမိလေးစားခင်မင်ရသော နှောင်တော်စာရေးဆရာချစ်ဦးညိုက ဗုဒ္ဓစာပေကို ရသမြောက်စွာ ပြန်လည် ဇာတ်ကြောင်းဆင် ရေးဖွဲ့သူများအဖို့ သတိပြုသင့်သော သင်ခန်းစာများ ရရှိနိုင်စေရန် သူရေးသားပြုစုခဲ့သည့် "ရာဇဝင်ကို စာတင်ကြသူများနှင့် စာပေအနုပညာဆောင်းပါးစာစုများ" စာအုပ်ကို အမှတ်တရပေးပါသည်။ ထိုစာအုပ်တွင် ဖော်ပြပါရှိသော ဘာသာရေးနောက်ခံဝတ္ထုများရေးသော ကျွန်တော် (၁)၊ (၂)၊ (၃)၊ (၄) ဆောင်းပါး

စာစုများက လောလောလတ်လတ် ဗုဒ္ဓဝင်ရသကြေးမုံမှန်ပြင်အား ပွတ်သပ်နေမိပြီဖြစ်သော မိမိကို ကောင်းစွာဆုံးမသွန်သင်ပေးပါသည်။ သည့်အတွက် နောင်တော်ဆရာချစ်ဦးညိုကို များစွာ ကျေးဇူးဥပကာရ တင်ရှိပါသည်။

ဗုဒ္ဓဝင်ရသကြေးမုံကို ဖော်ကျူးရာ၌ မိမိတင်ပြရေးဖွဲ့မည့် ဇာတ်လမ်းသည် ခိုင်မာသော ကျောရိုးရှိပြီးသား ဖြစ်ပါသည်။ ဇာတ်လမ်း ဇာတ်ကွက်ရှိပြီးသားလည်း ဖြစ်ပါသည်။ ယင်းမှ မိမိအနေဖြင့် ခေတ်ကာလသားသမီးများ ဖတ်ရှု၍ အဆင်ပြေမည့် စကားပြေအဖွဲ့ အနွဲ့ကို အားပြုကာ ဝတ္ထုဖန်တီးမှု အတတ်ပညာနှင့် မွမ်းထုံထားခြင်း ဖြစ်ပါသည်။ ထိုသို့ မိမိယုံကြည်ရာ ဝါသနာထက်သန်ရာ လုပ်ရပ် အတွက် ဘယ်သူဘယ်ဝါတွေက ဖျက်ကြစေဦးတော့ မိမိ၏ လျှောက်လမ်းကတော့ တတန်းတန်း တမတ်မတ်ရယ်ပါ။ ခြေရာတွေ ကျန်ရအောင် ချန်ရစ်ဖို့ ကြိုးစားမည်ဖြစ်သကဲ့သို့ ယုံကြည်မိသည့် အလုပ်တစ်ခုကိုလည်း ဘယ်သောအခါမှ လမ်းလွဲသွားမည်မဟုတ်ပါ။

ဆရာသမားတစ်ယောက်က ဆိုဖူးသည်။

"မင်းတို့ လုပ်နေတာ လေးလေးနက်နက်တွေးကြည့်ရင် စာပေနဲ့ သာသနာပြုနေတာပဲကွ" တဲ့။

သည်စကားကြောင့် ပင်ပန်းခဲ့သမျှ ရှင်လန်းခဲ့ရပါသည်။ နွမ်းခွေခဲ့သမျှ အပြုံးဝေခဲ့ရပါသည်။ ခု စာနယ်ဇင်းများ၌ ပြန့်ကျဲနေသော ဗုဒ္ဓဝင်ရသကြေးမုံစကလေးများကို တစ်စုတစ်စည်းတည်း ဆက်စပ် တင်ပြခွင့် ရခဲ့ပါချေပြီ။ ဤ 'လာခြင်းကောင်းသည့် ခြေလှမ်းများ' နှင့်

'ဗုဒ္ဓဝင်ရုပ်သဝတ္ထုတို့များ' စာအုပ်ဖြစ်ပေါ်လာသည့် ကိစ္စ၌ ထုတ်ဝေသူ ဒေါက်တာ ဒေါ်ဥမ္မာသက် (ယမင်းစာပေ)အားလည်းကောင်း၊ မိမိ၏ စာမူများအား ထည့်သွင်းဖော်ပြပေးကြကုန်သော စာနယ်ဇင်းများမှ အယ်ဒီတာများအား လည်းကောင်း၊ အထူးသဖြင့် ဗုဒ္ဓဝင်ရုပ်သစာပေ များ ရေးဖြစ်အောင် အမြဲလို တိုက်တွန်းအားပေးသော ဆရာဦးကျော် သန်း (သီလဝံဘာသာရေးမဂ္ဂဇင်း)အား လည်းကောင်း၊ ကောင်းမွန် သော အကြံဉာဏ်ပေးရုံမက သေသပ်ကျနလှစွာဖြင့် ကွန်ပျူတာ ရိုက်နှိပ်ပေးသည့် ဆရာကိုတိုးရီ + ဒေါ်ခင်မျိုးဦး (ရွှေကွင်းဆက် ကွန်ပျူတာ)နှင့်တကွ အားပေးဖတ်ရှုကြကုန်သော စာဖတ်ပရိသတ် အပေါင်းအား ကျေးဇူးဥပကာရတင်ရှိကြောင်း မှတ်တမ်းတင်အပ် ပါသတည်း။

နန္ဒာမိုးကြယ်

၇.၉.၂၀၀၃ (တနင်္ဂနွေနေ့)

## အလင်းမဲ့ရောင်စဉ်

အဆင်မပြေတာမှ တကယ့်ကို အဆင်မပြေတာ။

ညက တစ်ညလုံးလိုလို တစ်လမ်းဝင် တစ်လမ်းထွက်နဲ့ လှည့်ပတ်ခိုးယူဖို့ကြံပေမဲ့ လုံလုံခြုံခြုံပိတ်ထားကြတာနဲ့၊ ဒါတွေဒါတွေ နဲ့ချည်း ပတ်ပတ်တိုးနေရတယ်ဆိုတော့ကာ ကျုပ်ရဲ့သူခိုးအလုပ်ဟာ ညက တကယ်ပဲ အလုပ်မဖြစ်ခဲ့ပါဘူး။

ဒီတော့လည်း မထူးပါဘူးလေ။ အိပ်တာပဲ ကောင်းပါတယ် ဆိုပြီး ကဿပဘုရားရှင်ကျောင်းတော်ရှိရာသွားတဲ့ လမ်းနံဘေးက တဲလွတ်လေးတစ်လုံးပေါ်မှာ ပုဆိုးကို ခေါင်းမြီးခြုံပြီး အိပ်ပစ်လိုက် တယ်။ အိပ်သာ အိပ်ပစ်လိုက်ရတယ်။ တကယ်တော့ အိပ်လို့လည်း မပျော်ပါဘူး။ မပျော်ဆို စိတ်ညစ်တဲ့အာရုံက ဟိုရောက်သည်ရောက်နဲ့။

အဲဒီတုန်းမှာပဲ ကဿပဘုရားရှင်ကျောင်းတော်ရှိရာ ဦးတည် သွားနေကြတဲ့ ခြေလှမ်းတွေကို ကြားနေရတယ်။ အချိန်ကတော့ လင်း

အရက်ပျိုးစလောက်ပဲ ရှိဦးမှာပါ။ အဲဒီအချိန်မှာ ကျုပ်ရဲ့နားထဲကို အသံတစ်သံက စီးမျောဝင်ရောက်လာခဲ့တယ်။

"မင်းတို့ ဟောဟိုတဲပေါ်မှာ မိုးစိုးပက်စက်အိပ်မောကျနေတဲ့လူကို ကြည့်လိုက်ကြစမ်း။ ခြေထောက်မှာလည်း ရွှံ့တွေ အလိမ်းလိမ်းကပ်လို့။ ဒီအချိန်ထိ အိပ်ရာက မထသေးဘဲ ပုဆိုးခေါင်းမြီးခြုံပြီး အိပ်နေတယ်ဆိုတော့ ဘယ်လိုမှ လူကောင်းသူကောင်း မဖြစ်နိုင်ဘူး။ တစ်ညလုံးလှည့်ပတ်ခိုးပြီး မိုးလင်းခါနီးမှအိပ်ရတဲ့ သူခိုးဖြစ်လိမ့်မယ်"

ကျုပ်စိတ်ထဲမှာ ထောင်းခနဲ ဖြစ်သွားတယ်။ ဒီအသံရှင်ရဲ့ ခန့်မှန်းယူဆချက်ဟာ ကွက်တိမှကွက်တိ။ ဒါပေမဲ့ သူခိုးကို ခိုးတယ်လို့ ယိုးစွပ်ရင် ကြိုက်ပါ့မလား။ အဆင်မပြေဖြစ်လာရတဲ့အထဲ ကျုပ်ကို သူခိုးဆိုပြီး သရုပ်ပြနေတယ်ဆိုတော့ ကျုပ် ဘယ်မှာ ဒေါသမထွက်ဘဲ နေလိမ့်မလဲ။ ဒီတော့…

"ငါ့ကို သူခိုးလို့ပြောတာ ဘယ်သူလဲ။ ပြောတဲ့သူတော့ ငါ့အကြောင်းကို ကောင်းကောင်းကြီးသိသွားစေရမယ်"

လို့ စိတ်ထဲမှာတေးမှတ်ပြီး ခေါင်းမြီးခြုံထားရာက အသာလေးလှပ်ပြီး ကြည့်လိုက်မိတယ်။

လားလား… ဘယ်သူများ မှတ်တယ်။ ဘုရားရှင်ရဲ့ ကျောင်းဒကာကြီး သုမနသူဌေး ဖြစ်နေတာကိုး။ အဲဒီသူဌေးရဲ့ နောက်မှာလည်း အခြွေအရံတွေက အများသား။ အခြွေအရံတွေက ကျုပ်ရဲ့ဖြစ်နေပုံကိုကြည့်ပြီး…

"သြော်… သူခိုး သူခိုး"

ဆိုပြီး ခေါင်းတဆတ်ဆတ်ညိတ်ရင်းမှတ်ချက်ပြုလို့ သူဌေးကြီး သွားရာနောက် ကောက်ကောက်ပါအောင် လိုက်သွားကြတယ်။

'တောက်… ငါ့ဘာသာ သူခိုးဖြစ်တာ ဘာအရေးလဲ။ ဒင်းက သူဌေးဆိုပြီး ငါ့ကို ချိုးချိုးနှိမ်နှိမ်ပြောလိုက်တာ။ ဟွန်း… ငါ့အစွမ်း အစ ဘယ်လောက်ရှိတယ်ဆိုတာ သိရမယ်။ ငါ ဒုက္ခကောင်းကောင်း ပေးပြမယ်။ ကြည့်သာနေ'

ကျုပ်ရင်ထဲမှာ သုမနသူဌေးကြောင့် ဒေါသမီးခိုးတွေ တငွေ့ ငွေ့ ဖြစ်လာခဲ့ပြီလေ။ အခွင့်သာ အခါပေးရင်ဖြင့် ကျုပ်ဘာလဲဆိုတာ ကောင်းကောင်းကြီးသိရစေမယ် သုမန။

သုမနသူဌေးပိုင်ဆိုင်တဲ့ လယ်မြေဧကတွေဆိုတာ နည်းနည်း နောနောမှ မဟုတ်ပါကလား။ လယ်လုပ်ငန်းကိုလည်း လုပ်သားတွေ တစ်ပုံကြီးနဲ့ အကြီးအကျယ်လုပ်ကိုင်တဲ့သူ။ ခုဆို စပါးတွေဟာ ဝင်းလို့ မှည့်လို့ ရိတ်သိမ်းချိန်တောင် ကျရောက်နေခဲ့ပြီပဲ။ သုမနဟာ အားလပ်ချိန်ရောက်ပြီဆိုတာနဲ့ တစ်မျှော်တစ်ခေါ် ရှုမဆုံးနိုင်တဲ့ သူ့ စပါးခင်းတွေကို ကြည့်ပြီး ပီတိတွေ ဝေလေ့ရှိတာကို ကျုပ်သိထား တော့…။ ဟွန်း…ဟွန်း ကျုပ်ကို သူခိုးလို့ နင့်နင့်သီးသီးပြောထားတဲ့ ဒင်းအပေါ်ကို လက်စားလှလှချေရတော့မယ်လေ။

ဒါနဲ့ တစ်ညမှာ ကျုပ်လည်း လယ်ကွင်းတွေကို မီးရှို့ပစ်လိုက် တယ်။ နွေဘက်အပူရှိန်တွေကြောင့် သွေ့ခြောက်စပြုနေတဲ့ ကောက်နှံ တွေဟာ မြောက်ပြန်လေရဲ့ ပင့်နှိုးမှုနဲ့ 'ရှိတ်… ရှိတ်… ရှိတ်… ရှိတ်'ဆိုပြီး လောင်သွားလိုက်တာ တစ်ခင်းကနေတစ်ခင်း မီးမကူးဖို့

လူအင်အား ဘယ်လောက်နဲ့ ကြိုးစားကြိုးစား သိတယ်မဟုတ်လား၊ မိုးများ မိုးနိုင်ဆိုတာလေ။ သုမနတော့ သူ့စပါးခင်းတွေဆီက စပါး စေ့တစ်စေ့တောင် မရတော့ဘူးဆိုတော့ ဘယ်လိုများဖြစ်နေဦးမလဲ။

ဒါလောက်နဲ့ သူ့အပေါ် အငြိုးကျေရမယ်လား။ ဟင့်အင်း ဘယ်လိုမှ မကျေနိုင်ပေါင်ဗျာ။ အခွင့်သာအခါပေးရင် ထပ်ပြီး နှိပ်စက် လိုက်ဦးမယ်။

သုမနမှာ စိုက်ပျိုးရေးလုပ်ငန်းတွေမှာ အသုံးပြုဖို့ နွားခြံကြီးထဲ မှာ နိုင်းနွားတွေ အမြောက်အမြားမွေးမြူထားပါတယ်။ နိုင်းနွားတွေ ဆိုတာ ထွန်ဖို့၊ ယက်ဖို့၊ စပါးနယ်၊ စပါးတိုက်ဖို့ နိုင်းနွားတွေရှိသလို နို့စားနွားတွေလည်း ရှိကြတာပဲ။ တစ်နေ့ ကျုပ်ဟာ အစောင့်တွေ လစ်နေတုန်း နွားခြံထဲကို တိတ်တိတ်ကလေး ဝင်သွားခဲ့ပါတယ်။ ပြီးတော့ လက်ထဲမှာပါလာတဲ့ ဓားနဲ့တွေ့သမျှနွားတွေရဲ့ ခြေထောက် တွေကို ခုတ်ပိုင်းပစ်တယ်။ ဓားကလည်း မြနေအောင်သွေးထားတော့ လွဲလွဲခုတ်ရတာများ တယ်ပြီး အရသာရှိ ဟီဟိ…။ သုမနတော့ သူ့နွားတွေကို ဘယ်လိုမှ အသုံးမချရတော့ ဘယ်လောက်များ ဗျာများ နေလိုက်မလဲ မသိဘူး။

ဒါလောက်နဲ့ ကျုပ်ကျေနပ်ဦးမယ် ထင်သလား။ ဟင့်အင်း… ဝေးပါသေးရဲ့ဗျာ။ ဒီတော့ ကျုပ်ဘာလုပ်သလဲ။ သူဌေးကြီးရဲ့အိမ်ကို လူအလစ်မှာ မီးကွင်းပစ်တင်လိုက်တယ်။ ဘာပြောကောင်းမလဲ။ ငြိမ်းသတ်နိုင်သူတွေ ဘာမှ မလုပ်နိုင်ခင် အိမ်လုံးကြီးရော၊ အိမ်ထဲမှာ ရှိနေတဲ့ ပစ္စည်းပစ္စယတွေရော ပြာကျသွားလိုက်တာများ ဟား… ဟား… ကြည့်လို့ တကယ်ကောင်း၊ ရှုလို့ တကယ်ကောင်း။

တကယ်ဆို ကျုပ်ကို သူခိုးလို့ နင့်နင့်သီးသီးပြောလိုက်တဲ့ စကားအပေါ် ကျုပ်လက်စားချေတာ ကျေသင့်ပါပြီ။ ဒါပေမဲ့ တနုံ့နုံ့ ဖြစ်နေတဲ့ စိတ်ကြောင့် ကျုပ်လုပ်ရပ်ကို အဆုံးမသတ်နိုင်သေးပါဘူး။ ကျုပ်ဟာ ခုနစ်ကြိမ်တိုင်တိုင်ပဲ စပါးခင်းတွေကို မီးရှို့ဖျက်ဆီးခဲ့ပါတယ်။ ခုနစ်ကြိမ်တိုင်တိုင်ပဲ နွားခြံထဲကို ဝင်လို့ နွားခြေထောက်တွေကို ခုတ်ပိုင်းခဲ့ပါတယ်။ ခုနစ်ကြိမ်တိုင်တိုင်ပဲ အိမ်ကို မီးကွင်းပစ်ခဲ့ပါတယ်။ ဒါဘယ်သူ့လက်ချက်ဆိုတာ စဖြစ်ကတည်းက ကနေ့အထိ သုမနသူဌေးကြီး သိပုံ၊ ရိပ်မိပုံ မရပါဘူး။ ကျုပ်သာဆို ကျုပ်ကို အဲသလို ဒုက္ခပေးရင် ဘယ်သူဘယ်ဝါသိအောင် စုံစမ်းမှာပဲ။ စုံစမ်းလို့ ရရင် ပြန်ပြီး ကလဲ့စားချေမှာပဲ။ ချေလို့ ကျေပြီးရင်တောင်မှ ကိုယ့်ရဲ့ ဆုံးရှုံးမှုတွေအတွက် ကြေကွဲဝမ်းနည်းနေဦးမှာပဲ။

သုမနဟာ ဘယ်လိုမျိုးလူစားပါလိမ့်။

ခုနစ်ကြိမ် ခုနစ်လီတိုင်အောင် ပျက်စီးမှုဆုံးရှုံးမှုတွေအပေါ် ဘယ်လိုမှ ထိခိုက်တုန်လှုပ်တာ မတွေ့ရဘူး။ ခါတိုင်းလိုပဲ ဝတ်မပျက် ဘုရားရှင်ရှိရာ သွား။ လှူဒါန်းကြည်ညို ပူဇော်ပြီးတော့ တရားနာနဲ့။ သည်လိုဆိုတော့ကာ ကျုပ်ရင်ထဲမှာ ကလိကလိနဲ့ ကျုပ်က သူဌေးကြီး စိတ်မကောင်းဖြစ်နေတာမျိုး၊ ဝမ်းပန်းတနည်း ရှိုက်ကြီးတငင်ဖြစ်နေတာမျိုး၊ ဒေါသနဲ့ တုန်လှုပ်နေတာမျိုး၊ အဲဒါမျိုးတွေကို ကြည့်ရှုပြီး တစိမ့်စိမ့်အရသာခံချင်နေတာ။ ခု ကျုပ်ရဲ့ ရည်ရွယ်ချက်က အောင်မြင်မှု မရဘူးဆိုတော့ ကျုပ်မကျေနပ်ပါဘူး။ ဒီတော့ ကျုပ် ဘာလုပ်ရရင် ကောင်းမလဲ။ ကျုပ်လုပ်လိုက်လို့ သူဌေးကြီး စိတ်ထိခိုက်ကြေကွဲ

နိုင်စရာ ဘာများရှိသလဲ။ ဒါကို စုံစမ်းရမယ်။ စုံစမ်းလို့ ပြီးရင်ဖြင့် ဟင်း... ဟင်း...။

✲

သိပ်တော့လည်း မစုံစမ်းလိုက်ရပါဘူး။ သူဌေးကြီးအိမ်က အစေအပါးတွေနဲ့ ရင်းနှီးကျွမ်းဝင်အောင် ချဉ်းကပ်လိုက်တဲ့အခါ ကျုပ် သိချင်နေတဲ့ကိစ္စကို သိလိုက်ရပါတယ်။

"အဆွေတို့... အဆွေတို့ရဲ့ သူဌေးဟာ လူတစ်မျိုးပဲနော်။ လယ်ယာစီးပွားတွေ၊ ဥစ္စာပစ္စည်းတွေ၊ အိုးအိမ်တွေကို မက်မောနှစ်သက်ပုံလည်း မရပါကလား။ ဒီလောက်အကြိမ်ကြိမ်ပျက်စီးနေတာတောင် ဂရုမစိုက်ပါကလား။ တန်ဖိုးထားရ၊ မြတ်နိုးရမှန်းလည်း မသိဘူး။ ဒီလောကမှာ သူတန်ဖိုးထားမြတ်နိုးရတဲ့အရာကော ရှိမှ ရှိသေးရဲ့လား အဆွေတို့ရယ်"

သည်စကားကို ပြောလိုက်တော့ အစေအပါးတွေ၊ အလုပ်အကျွေးတွေက ပြုံးကြတယ်။ တစ်ဆက်တည်းဆိုသလိုပဲ သူတို့ဆီက လိုလိုလားလားစကားသံတွေ ထွက်ကျလာတော့တယ်။

"ကျုပ်တို့ရဲ့ အရှင်သခင် သုမနသူဌေးအကြောင်းကိုတော့ ပြောမနေပါနဲ့ဗျာ။ သူက လူထူးလူဆန်းဗျ။ သူပိုင်တဲ့ ဥစ္စာပစ္စည်းတွေအပေါ် ဘာတစ်ခုမှ နှမြောစုံမက်တာ မဟုတ်ဘူး။ အဲ... တစ်ခုတော့ ရှိလေရဲ့။ ဒါက သူဆောက်လုပ်ထားတဲ့ ကျောင်းတော်။ ဟုတ်တယ်။ အဲဒီကျောင်းတော်ကိုတော့ သူသိပ်ဂရုစိုက်တယ်။ အမြတ်တနိုး တန်ဖိုးလည်း ထားတယ်။

အို… နိပ်လိုက်လေ။ ဒီစကားဟာ ကျုပ်အတွက်တော့ တကယ့်ကို မင်္ဂလာအပေါင်း ခညောင်းတဲ့စကား။ ဒီစကား ကြားပြီးတဲ့ နောက်ပိုင်း ကျုပ်ဘာလုပ်သလဲ။

သုမန ရေစက်ချလှူဒါန်းထားတဲ့ ကျောင်းက သံဃာတော်အရှင်မြတ်တွေ မြို့ရွာထဲ ဆွမ်းခံထွက်နေချိန်မှာ ကျုပ် အဲဒီကျောင်းကို မီးကွင်းပစ်တင်လိုက်တယ်။

မီးဟာ ကျောင်းက ခါးပန်းတွေကို စွဲပြီး ရိပ်ခနဲ၊ ရိပ်ခနဲ လောင်လိုက်တာများ အလွတ်တစ်နေရာကနေ ကျုပ်ကောင်းကောင်းကြီး ကြည့်နေမိပါသေးတော့။ အဲဒီအချိန်မှာ သူဌေးကြီးဟာ သူနေတဲ့နေရာကနေ ကျောင်းရှိတဲ့ဆီကို ပြေးချလာတယ်။ ဟား… ပီတိဖြစ်စရာ မြင်ကွင်းကို မြင်ရတော့တာပါပဲ။ သုမနဟာ သူတန်ဖိုးထားမြတ်နိုးတဲ့ ကျောင်းကြီးရဲ့ ပစက္ခမြင်ကွင်းကိုကြည့်ပြီး တလူးလူးတလိမ့်လိမ့်ဖြစ်နေရင်တော့ ကျုပ်ရင်ထဲက အစိုင်အခဲဟာ ကျေပျောက်သွားမှာ အမှန်ပါ။

ဒါပေမဲ့ ကျုပ်ရဲ့အထင်နဲ့အမြင်ဟာ တစ်လွဲစီဖြစ်သွားရပြန်ပါပြီ။ သူဌေးကြီး ဘာလုပ်နေတယ်မှတ်တုံး။ မီးတွေ တဟုန်းဟုန်းတောက်လောင်နေတဲ့ ကျောင်းကြီးကို ကြည့်ပြီး လက်ခမောင်းခတ်နေတော့တာပါကလား။ ဝမ်းနည်းပူဆွေးရိပ်ဆိုတာ အစတောင် ရှာလို့မရဘူး။

ရောက်လာတဲ့ အခြွေအရံတွေက သူဌေးကြီးအတွက် စိတ်ပူနေကြတယ်။ စိတ်ဖောက်ပြန်သွားသလား။ ဘာလားပေါ့။

"သတိထားပါ အရှင်။ သတိထားပါ"

"ဟုတ်ပါတယ် သူဌေးကြီး။ ပစ္စည်းသခါရ လူသခါရပါ"

အားလုံးက စိုးရိမ်တကြီးနဲ့ သုမနကို ဝိုင်းဝန်းသတိပေးကြ၊ ဖျောင်းဖျကြတယ်။ ဒီတော့ သူဌေးကြီးက တည်ငြိမ်ရင့်ကျက်တဲ့ အပြုံးနဲ့ ခပ်အေးအေးပဲ။

"ကျုပ်ကို ရူးသွားတယ် မထင်ပါနဲ့။ ကျုပ်မရူးပါဘူး။ စိတ်သောကလည်း မဖြစ်ပါဘူး။ ဒီကျောင်းတော်ကြီး မီးလောင်သွားတော့ လှူရခဲ့တဲ့ သာသနာတော်မှာ ထပ်လှူရဦးမယ်။ ဒီကျောင်းတော်ကြီးအစား နောက်တစ်ခါထပ်ပြီး ကျောင်းဆောက်လှူခွင့် ရဦးမယ်။ ကုသိုလ်တွေ ဖြစ်ဦးမယ်ဆိုတာကို တွေးမိပြီး ဝမ်းသာနေတာပါ။ ပျော်လွန်းလို့ လက်ခမောင်းခတ်နေတာပါ"

တောက်… ကျုပ် ဘယ်လိုဖြစ်သွားမှန်းတောင် မသိတော့ဘူး။ ကျုပ်ကြံစည်ထားသမျှတွေဟာ သဲထဲရေသွန်သလို ဖြစ်သွားရတာတွေက ခဏခဏဆိုတော့ကာ ကျုပ်စိတ်ဆင်းရဲရပါတယ်။ ဒေါသဖြစ်ရပါတယ်။ ရင်ထဲမှာ ပူလောင်နေတာပဲလေ။

ကျုပ် ဘာဆက်လုပ်ရင် ကောင်းလေမလဲ။

✽

မထူးတော့ပါဘူးလေ။

ဘယ်လိုပဲ ကျုပ်ဘက်က အနှောင့်အယှက် အဖျက်အဆီးတွေ လုပ်ခဲ့ပေမဲ့ ဘာဆိုဘာမှ ထိမထင်ခဲ့တဲ့ သူဌေးကြီးကိုတော့ ကျုပ်အသေသတ်ရမှပဲ ကျုပ်ရဲ့ ဒေါသတွေ ပြေငြိမ်းသွားမှာပါ။

ကြည့်စမ်းပါဦး။ ခံစားချက်အသည်းနှလုံး မရှိပုံများ။

သုမနသူဌေးဟာ ချက်ချင်းဆိုသလို မီးလောင်ပျက်စီးသွားတဲ့ နေရာကို ရှင်းလင်းပြီး ရှိသမျှဥစ္စာတွေနဲ့ သူ စိတ်တိုင်းကျ ကျောင်းတော်ကြီးကို ဆောက်လုပ်ခဲ့ပါတယ်။ အားလုံးပြီးစီးပြီဆိုတော့ ကဿပမြတ်စွာဘုရားရှင် အမှူးပြုတဲ့ သံဃာတော်အရှင်မြတ်တွေကို ပင့်ပြီး ရေစက်ချပွဲကြီး ကျင်းပပြန်တယ်။ အဲဒီပွဲကို ကျုပ်ရောက် သွားခဲ့ပါတယ်။ ရောက်ဆို သူဌေးကြီးက သူ့ကျောင်းတော် ရေစက်ချ ပွဲ အလှူတော်ကို အယုတ်အလတ် အမြတ်မရွေး ဖိတ်ကြားခဲ့တာ မဟုတ်လား။

တခြား တခြားသူတွေရဲ့ ရည်ရွယ်ချက်နဲ့ ကျုပ်ရဲ့ ရည်ရွယ် ချက်တွေဟာ ကွာခြားမယ်ဆိုတာ သေချာပါတယ်။ ကျုပ်ရဲ့ ခါးကြား ထဲမှာ ဓားမြှောင်တစ်ချောင်း ရှိနေတယ်။ အခွင့်သာရင် ပရိသတ် ကြားထဲက လှစ်ခနဲထွက်ပြီး သူဌေးကို ကိစ္စတုံး လုပ်ကြံလိုက်မယ်။ ဒီတော့ ကျုပ်လည်း အခါအခွင့်ကို စောင့်နေလိုက်ပါတယ်။

ဒီလိုနဲ့ ရေစက်ချတရားနာပြီးလို့ အမျှဝေတော့မယ့်အချိန်မှာ

"မြတ်စွာဘုရား..တပည့်တော်လျှောက်ထားလိုပါတယ်ဘုရား။ တပည့်တော်ရဲ့ လယ်တွေ အိမ်တွေဟာ ခုနစ်ကြိမ် ခုနစ်ခါတိုင်တိုင် မီးလောင်တာ ခံရပါတယ်။ နွားခြံထဲက နွားတွေ ဓားအခုတ်ခံရတာ လည်း ခုနစ်ကြိမ်တိုင်အောင်ပါ ဘုရား။ အခု ကျောင်းတော်ကြီး မီးလောင်တာကိုပါထောက်ဆရင် တပည့်တော်မှာ ရန်သူတစ်ယောက် ရှိနေတာ သေချာပါပြီ။ အဲဒီလူကိုလည်း တပည့်တော်ရဲ့ ကောင်းမှု

ကုသိုလ်အစုစုကို အမျှဝေပါတယ်ဘုရား။ သူ့ကြောင့် ဒုတိယအကြိမ် ကျောင်းဆောက်လှူခွင့်ရတာမို့ ဒီအလှူမှာ သူ့ကိုပါ အမျှဝေပါတယ် ဘုရား"

အဲသလိုမျိုး လျှောက်ထားသံလည်းကြားရရော ကျုပ်စိတ်တွေ ဘယ်လိုဖြစ်သွားသလဲမသိဘူး။ တစ်ကိုယ်လုံးလည်း ကြက်သီးမွေးညင်းတွေ ဖျဉ်းခနဲဖြစ်သွားတယ်။ ကျုပ်တွက်ဆထားတာတွေဟာ လွဲမှားကုန်ပါပြီ။ ကျုပ်…ကျုပ် အမှားကြီး မှားခဲ့ပါပြီလေ။ ဒါကြောင့်ပဲ ပရိသတ်ကြားက တိုးလို့ ဘုရားရှင်ရှေ့အရောက်သွားပြီး ဖြစ်ပျက်သမျှအလုံးစုံကို လျှောက်ထားဝန်ခံလိုက်တယ်။ လှူသတ်လက်နက်ကိုလည်း အပ်လိုက်တယ်။ သူဌေးကြီးကိုလည်း ဝန်ချတောင်းပန်လိုက်တယ်။

"အို… မိတ်ဆွေ။ ကျုပ်ရဲ့စကားမှားသွားမှုကြောင့် ဒီလိုမျိုး အကျိုးဆက်တွေ ဖြစ်သွားရတာကို။ ကျုပ်လည်း အဆွေ့ကို တောင်းပန်ပါတယ်။ အဆွေရဲ့ ပြုမူခဲ့မှုတွေမှန်သမျှကိုလည်း ခွင့်လွှတ်ပါတယ်"

ဒီအချိန်မှာတော့ ကျုပ်ရင်တွေ လှိုက်ခုန်နေတယ်။ ဝမ်းသာလို့ပဲ ဖြစ်မှာပါလေ။

❊

"အား…အား…အမလေး…ကျွတ်…ကျွတ်…ကျွတ်"

ကျုပ်ရဲ့ဒုက္ခက မသေးပါဘဲလား။ ခေါင်းက မီးလျှံတွေက အမြီးကိုရောက်၊ အမြီးက မီးလျှံတွေက ခေါင်းကိုရောက်နဲ့ တစ်ကိုယ်

လုံး ပတ်ချာလည်အောင် မီးလောင်ခံနေတဲ့ဥစ္စာ။ ကျုပ်ရဲ့ ခန္ဓာကိုယ်လား။ အဆမတန် ကြီးမားတာပဲပေါ့။ ကျုပ်ဟာ မြွေကြီးလေ။ မြွေကြီးမှ ရိုးရိုးမြွေကြီးမဟုတ်ဘူး၊ မြွေပြိတ္တာကြီးတဲ့။

ကျုပ်ရဲ့ဖြစ်အင်ကို ဆွမ်းခံဝင်ရအောင် ဆင်းလာတဲ့ အရှင်မဟာမောဂ္ဂလန်ဟာ ဒိဗ္ဗစက္ခုဉာဏ်နဲ့ မြင်တွေ့သွားပါတယ်။ ဒါကို ဘုရားရှင်ရှိရာရောက်လို့ လျှောက်ထားတော့ ဂေါတမမြတ်စွာက…

"ငါဘုရားရှင်လည်း ဗောဓိမဏ္ဍိုင်မှာ ဒိဗ္ဗစက္ခုရကတည်းက မြင်ခဲ့ပါတယ် ချစ်သားမောဂ္ဂလန်။ ဤမြွေကြီးကား ကဿပဘုရားရှင်လက်ထက်၌ သူတော်ကောင်း သုမနသအပေါ် အကုသိုလ်အမှုတွေကျူးလွန်ခဲ့သော သူခိုးဖြစ်ခဲ့ပေတယ်။ အဲဒီကံဟာ သိပ်ကို ကြီးမားလေတော့ သေလွန်တဲ့အခါ ငရဲကျ၊ ငရဲကလွတ်တော့ တစ်ကိုယ်လုံးမီးလောင်ခံရတဲ့ မြွေပြိတ္တာကြီးဖြစ်ပြီး အကုသိုလ်ကြွေး ဆပ်နေရခြင်းဖြစ်ပေတယ် ချစ်သား"

လို့ ဟောကြားသတဲ့။ ဒါဟာ ရဟန္တာရှင်လက္ခဏာသိစေဖို့ရှင်မောဂ္ဂလန်က ဘုရားရှင်ကို လျှောက်ထားခဲ့တာပါ။ ကျုပ်ပြန်စဉ်းစားကြည့်တယ်။ ငရဲမှာလည်း ခံစားရ၊ ငရဲက လွတ်လာတော့လည်း ခုလို မြွေပြိတ္တာဘဝနဲ့ ဒုက္ခသုက္ခတွေ တွေ့ကြုံနေရတာ။ အကုသိုလ်ဝဋ်ကြွေး ဆပ်နေရတာဟာ အဓိကလက်သည်တရားခံက ဘယ်သူ့ကိုမှ ကောင်းကျိုးမပေးတဲ့ ဒေါသပါ။

ဒေါသကြောင့် ဘယ်သူတွေ အကျိုးရှိခဲ့သလဲ။

ဘယ်သူတွေ အကျိုးမဲ့နေသလဲ။

ယမင်းစာပေ

ကျူပ်ဟာ ဒေါသကြောင့် သောကရောက်နေရတာကတော့ သေချာတယ်။

◆

(၂၀၀၃၊ ဇူလိုင်၊ မဟာမြိုင်မဂ္ဂဇင်း)

ကျမ်းကိုး

- ❖ ဓမ္မပဒ–၄
- ❖ ဓမ္မဒူတ အရှင်ပညိသာရ၏ တရားမရခြင်းအကြောင်းအရင်း။

## သံသရာအဆက်ဆက်

သည်ပုံအတိုင်းဆိုလျှင်ဖြင့် သည်တောင်ကို မကျော်နိုင်တော့ဘူးဟု ထင်သည်။

ကာယကံရှင်တွေကလည်း သည်သို့ ထင်ကြသည်။

ထို့အတူ ကာယကံရှင်နှင့် ပတ်သက်သော အိမ်သူအိမ်သားတွေကလည်း ထင်ကြသည်။

သို့သော်ငြား ကာယကံရှင်အတွက် အိမ်သူအိမ်သားတို့ဘက်မှ အစွမ်းကုန်ကြိုးပမ်းပေးကြပါ၏။ သေခြင်းတရားကို ကန့်ထားနိုင်သမျှ ကန့်ထားပေးနိုင်ဖို့ သာဝတ္ထိပြည်အတွင်း၌ရှိကြကုန်သော ဝါရင့်သမ္မာရင့် သမားတော်ကြီးများကို ပင့်လျက် ဆေးကောင်းဝါးကောင်းများဖြင့် ကုသပေးကြပါ၏။ သို့ရာတွင် ကာယကံရှင်ဖြစ်သော ဥပသကာ 'မဟာဓမ္မိက'၏ အခြေအနေမှာ တိုးတက်မလာ။ အခြေအနေက မီးစာကုန် ဆီခန်းတော့မည့် အခြေအနေ။

"ဒီပုံအတိုင်းဆိုရင်ဖြင့် တို့များရဲ့ ဥပသကာကြီးတော့ သွားရှာမယ်တင်ပါရဲ့ကွယ်"

"စိတ်မကောင်းစရာပါပဲလေ။ ဝေချိန်တန် ဝေ၊ ကြွေချိန်တန် ကြွေရမယ် ဆိုပေမဲ့လည်း ခုလိုမျိုး ကိုယ့်မျက်စိရှေ့မှာ ဝေဒနာကို မချိမဆန့်ခံစားနေရတာမျိုးကို မြင်နေ၊ တွေ့နေရတော့လည်း ဇာတိဇရာဗျာဓိ မရဏာသဘောကို ပိုလို့ နားလည်သဘောပေါက်ရတယ်"

"ဒါပေမဲ့ကွယ် မဟာစမ္ပိကရဲ့ လားရာဂတိက စိတ်ချရမယ့် လားရာဂတိ ဖြစ်မှာပါ။ ဘာကြောင့်ဆို သူဟာ သံဃာ့ဝတ်မှန်သမျှကို သဒ္ဓါတရားပြည့်ဝစွာနဲ့ ကျေပွန်ခဲ့သူ မဟုတ်လား"

အမှန်တကယ်လည်း မဟာစမ္ပိကသည် ဥပသကာစစ်စစ်ပီသလှစွာ ဘုရားရှင်အမှူးပြုသော သံဃာတော်တို့အပေါ်တွင် ဝတ္တရားမှန်သမျှ ကျေပွန်ခဲ့သည်။ သူတင်ပဲလားဆိုတော့ မဟုတ်။

သူ့တွင်ရှိသော သားခုနစ်ယောက်၊ သမီးခုနစ်ယောက်၊ အိမ်သူဇနီးနှင့်တကွ တစ်ကျိပ်ခြောက်ယောက်သော အိမ်သားတွေကလည်း သူ့ကဲ့သို့ပင် သံဃာ့ဝတ်ကို အလှည့်ကျဆိုသလို ဆောင်ရွက် ကျေပွန်ခဲ့ကြသည်ချည်း ။

"အီး …ဟီးဟီး …အင်း… ဟင်း…ဟင်း"

ပူလောင်ပြင်းပြသော ဝေဒနာက နွယ်အမြစ်တွေလို တွယ်ရစ်ရှည်ခိုကြလေသလောမသိ။ မဟာစမ္ပိကသည် နူးညံ့စွာ ခင်းကျင်းထားသော အိပ်ရာပေါ်တွင် တလူးလူးတလွန့်လွန့်။

"အဖေ… အဖေ… ဘယ်လိုနေသလဲဟင်။ သားတို့ သမီးတို့ ဘာများလုပ်ပေးကြရမလဲ။ ပြောပါအဖေ"

"အေးကွယ်။ ဝေဒနာက အပြင်းအထန်နှိပ်စက်နေတယ်။ အဖေတော့ ဒီတောင်က ကျော်လိမ့်မယ်မထင်ဘူး။ ဒီအတွက် ဘာမှ သောကတွေ များမနေကြနဲ့။ ရုပ်ဆိုတဲ့ ခန္ဓာကိုယ်ကြီးဖြစ်လာရင် ပျက်မှာက ဓမ္မတာပဲ။ ဒီတော့ အဖေ့အနေနဲ့ တစ်ခုတော့ သားတို့ သမီးတို့ကို တောင်းဆိုချင်တယ်"

"ပြောပါအဖေ။ ပြောပါ"

"အဖေ သုတ္တန်ဒေသနာတွေကို ကြားနာချင်တယ်ကွယ်။ ဒီတော့ သားတို့ ဘုရားရှင်ဆီကို သွားကြပါ။ ပြီးတော့ အဖေ့ဆီ ရဟန်းသံဃာတွေလွှတ်ပေးဖို့ ဘုရားရှင်ကို လျှောက်တင်ခွင့်တောင်းပြီး ပင့်ဆောင်လာခဲ့ကြပါ"

"စိတ်ချပါ အဖေ။ သားတို့ ခုပဲ ဘုရားရှင်ရှိတဲ့ ဇေတဝန် ကျောင်းကို သွားကြမယ်"

သို့ဆိုပြီးလျှင် လိမ္မာရေးခြားရှိကြကုန်သော သားခုနစ်ယောက် စလုံးပင် ဇေတဝန်ကျောင်းတော်ကြီးရှိရာသို့ သွက်လက်သော ခြေလှမ်း များဖြင့် ထွက်သွားကြလေသည်။ ကျန်သူတွေကမူ ရဟန်းသံဃာတော် တို့ကြွလာလျှင် ပြည့်စုံစွာ ဝတ်ဖြည့်နိုင်ရန် သူ့အလုပ်၊ ကိုယ့်အလုပ် ခွဲဝေယူကြလေတော့သည်။

❊

ဂေါတမ မြတ်စွာဘုရားရှင်၏ ခွင့်ပြုစေစားချက်ဖြင့် ရဟန်း သံဃာတို့ ကြွလာကြလေပြီ။ အိမ်သူအိမ်သားတို့သည် ရဟန်းသံဃာ

တို့အား မြင့်မြတ်သည့်နေရာသို့ ပင့်ဆောင်လျက် လိုအပ်သော ဝတ်တို့ကို လစ်ဟာမှုမရှိအောင် ဖြည့်ဆည်းပေးနေကြချေသည်။ အဆိုပါမြင်ကွင်းကို ကြည့်လျက် မဟာဓမ္မိကသည် အိပ်ရာထက်တွင် လဲလျောင်းရင်း ကြည်ကြည်နူးနူး။

အားလုံး အနေအထား အသားကျလေသောအခါ ရဟန်းသံဃာအရှင်သူမြတ်တို့သည် လက်အုပ်ကြာမှုံကလေးနှင့် ငုံငုံကလေးဖူးနေသော မဟာဓမ္မိကအား မေတ္တာစိတ်တွေလွှမ်းခြုံလျက် သတိပဋ္ဌာန်သုတ္တန်ဒေသနာတော်မြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြလေတော့သည်။ သည်ဒေသနာရေလျှဉ်ကြောင့် မဟာဓမ္မိကသည် မျောမျောသမ်းသမ်း။

သို့စဉ်ကြိုက် သိန္ဓဝနတ်မြင်းတစ်ထောင်ကသော နတ်ရထား(၆)စင်းတို့သည် နတ်ပြည်ခြောက်ထပ်မှ သက်ဆင်းလာကြကာ မဟာဓမ္မိကအိမ်၏ ကောင်းကင်ပြင်သို့အရောက် တုံ့ခနဲထိုးရပ်လိုက်ကြသည်။ ဒါကို မျောလွင့်နေသော အာရုံရိပ်မှတစ်ဆင့် မဟာဓမ္မိကမြင်လိုက်ရချေ၏။ သူတို့ ဘာလုပ်နေကြပါသနည်း။ အာရုံထဲ ပေါ်လာသည်က ရထားထိန်းနတ်သားတို့သည် တစ်စီးတစ်စီးဆီမှ တစ်ပါးတစ်ပါးဆီ ရထားပေါ်မှ ဆင်းသက်လာကြကာ မဟာဓမ္မိကရှေ့သို့ ရောက်လာကြလေသည်။

စတုမဟာရာဇ်နတ်ဘုံမှ လာသော နတ်၊ တာဝတိံသာနတ်ဘုံမှ လာသော နတ်၊ ယာမာနတ်ဘုံမှလာသော နတ်၊ တုသိတာနတ်ဘုံမှ လာသော နတ်၊ နိမ္မာနရတိနတ်ဘုံမှလာသော နတ်၊ ပရနိမ္မိတဝသဝတ္တိဘုံမှလာသော နတ် စုစုပေါင်း နတ်ခြောက်ပါးတို့က တစ်ပါးစီပင်

သူတို့နှုတ်ဘုံ၏ သာယာကြည်နူးဖွယ်ကောင်းမှုကို ချီးပပြောဆိုကြပြီး သူ့ရထားပေါ် တက်ပါ။ ငါ့ရထားပေါ် တက်ပါနှင့် အလုအယက် ခေါ်ငင်နေကြလေသည်။

မဟာခမ္မိကအဖို့ လူ့ဘဝမှ ကင်းပြတ်ပြီးသည်နှင့် အပါယ်ငရဲ ဘုံမှ ကင်းလွတ်၍ ထူးကဲကောင်းမြတ်လှသည့် နတ်ဘုံနတ်နန်း တစ်ခုခု၌ စံမြန်းရတော့မည်ကိုသိသဖြင့် ကြည်နူးချမ်းမြေ့မှုအတိ ဖြစ်ရချေသည်။ သို့သော် ရုတ်ခြည်းလိုက်သွားဖို့ရာကျ တွန့်သလိုလို။ ဘာကြောင့်ဆို နတ်ဘုံနတ်နန်းသို့ ရောက်သွားလျှင်ဖြင့် ယခုလို တရားဒေသနာတော်တွေကို နာကြားနိုင်ပါဦးမည်လား။ ဒါ.. သေချာ သော ကိစ္စမဟုတ်။ သေချာသည်က လက်ရှိရောက်နေသော နေရာ သည်သာ သူနာကြားလိုသော တရားဒေသနာတော်အား နာကြားခွင့် ရဖို့ စိတ်ချရသည်ပင်။ သည်စိတ်ချရသောနေရာတွင် တရားကို ဆုံး အောင် နာယူလိုက်ချင်သည်။ သည့်အတွက်တော့ သူ့ရထားပေါ် တက်ပါ။ ငါ့ရထားပေါ် တက်ပါ စသည်ဖြင့် အလုအယက်ခေါ်ငင် နေကြသော နတ်တို့ တားမြစ်ရတော့မည်။ သို့မဟုတ်ပါက အနှောင့် အယှက်တွေက တထွေးထွေး။

"ခဏနေပါဦး။ ခဏကလေး နေစမ်းပါဦး။ ပြီးတော့မှ ဆက် တာပေါ့"

နှုတ်က ဤသို့ဤပုံ လွှတ်ခနဲထွက်သွားသော်လည်း မဟာခမ္မိက၏ မျက်လွှာတံခါးတို့က ပိတ်၍နေမြဲ။ သူ ဘာတွေများ နှုတ်မှ ထွက်သွားခဲ့ပါလိမ့်။ ဘာတွေပြော၍ ဘာတွေထွက်သွားမှန်း

မသိလင့်ကစား သူ့ဝန်းကျင်ရှိ ပုဂ္ဂိုလ်တွေကမူ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေပြီ။

"ကိုယ်တော်တို့ ဥပသကာ မဟာဓမ္မိကဟာ ရောဂါဝေဒနာ သည်းနေလို့ တရားသံကို နားမခံသာအောင်ဖြစ်နေတယ်ထင်ပ"

"ဟုတ်မယ်။ ဒါကြောင့် တရားကို ရပ်ခိုင်းတာပေါ့"

"ဒါဆိုရင် တို့များ တရားဆက်ပြီးရွတ်နေလို့ မဖြစ်တော့ဘူး"

"အင်းလေ။ ပြန်ကြွကြတာပဲ ကောင်းပါတယ်။ ဟိုရောက်မှ ဘုရားရှင်ကို ပြန်လျှောက်ကြတာပေါ့"

ရဟန်းတော်များသည် အချင်းချင်းတိုင်ပင်ပြီးလေသော် နေရာမှ ထ၍ ကျောင်းတော်သို့ ပြန်ကြွသွားလေ၏။ ကျန်ရစ်သူတို့ကား ဝမ်းနည်းပက်လက်။

"ကြည့်စမ်းပါကွယ်။ တို့အဖေဟာ အရင်ကဆို တရား ဒေသနာတော်တွေကို ဘယ်လောက် နာကြားရ၊ နာကြားရ ဝတယ်ကို မရှိခဲ့ဘူးနော်"

"ဟုတ်ပါရဲ့ကွယ်။ ခုများကျတော့ ဘယ်လိုဖြစ်ရတာတဲ့တုံး။ အဖေကိုယ်တိုင် လိုလိုလားလား တရားနာချင်တယ်ဆိုလို့ တို့တစ်တွေ သွားပင့်ပေးခဲ့ရတယ်မဟုတ်လား။ မဟုတ်မှလွဲရော တရားသံတွေကို ကြားတာနဲ့ အဖေဟာ သေခြင်းတရားကို ကြောက်ရွံ့သွားတယ် ထင် ရဲ့"

"ဒါဆိုရင် အဖေ့ရဲ့ လားရာဟာ ကောင်းမှ ကောင်းပါတော့ မလားကွယ်"

မိသားစုအားလုံး တစ်ယောက်တစ်ပေါက် ပြောဆိုပြီးကြသည်နှင့် သူတို့ချစ်ရသော ဖခင်အတွက် ဝမ်းနည်းပက်လက်ဖြစ်ကာ ရှိုက်ကြီးတငင် ငိုကြွေးကြလေသည်။ တချို့ဆိုလျှင် ငိုကြွေးရုံနှင့်အားမရသေး။ နံရံကို ထုသူ ထုကြ၏။ ကြမ်းပြင်ကို ထုသူ ထုကြ၏။ သည်သို့သော အသံဗလံများက အာရုံမျောလွင့်နေသော မဟာခမ္မိကကို ရုတ်ခြည်းသတိပြန်လည်လာစေခဲ့ပြီကော။

အို... ဘာတွေဖြစ်နေကြပါလိမ့်။

ဟင်... သံဃာတော်တွေကော ဘယ်...ဘယ်...ဘယ်ကိုများရောက်ရှိသွားကြပါလိမ့်။ သူ ဘယ်လိုနားလည်ရမှန်းမသိတော့။

"သားတို့၊ သမီးတို့ မင်းတို့ ဘာအတွက် ရှိုက်ကြီးတငင် ငိုကြွေးနေကြတာလဲကွယ်။ ဒါထက် ရဟန်းသံဃာတော်တွေကိုလည်း မတွေ့ရတော့ပါလား။ ဘယ်ရောက်ကုန်ကြပါလိမ့်။ ပြောကြစမ်းပါဦး"

"ဝမ်းနည်းလို့ ငိုကြွေးနေကြတာပါအဖေ။

အဖေဟာ ရဟန်းသံဃာတော်တွေ ရွတ်ဖတ်နေကြတာကို ခဏနေပါဦး။ ခဏကလေး နေစမ်းပါဦး။ ပြီးတော့မှ ဆက်တာပေါ့လို့ ဟန့်တားတဲ့အတွက် ရဟန်းသံဃာတော်တွေ ဆက်မရွတ်ဖတ်ကြတော့ဘဲ ကျောင်းရှိရာ ပြန်ကြွသွားတာပေါ့ အဖေရယ်"

သည်စကားကြားလိုက်တော့ သေကောင်ပေါင်းလဲ ဝေဒနာခံစားနေရသည့်ကြားမှ မဟာခမ္မိက၏ နှလုံးသည်းပွတ်တို့ ကြေကြေကလေး ကွဲရလေတော့သည်။

"သားတို့ သမီးတို့ အထင်မှားကုန်ကြပါပြီကွယ်။

အဖေဟာ တရားသံကို အင်မတန်မှ နှစ်သက်ချစ်မက်တဲ့သူပါ။ ခုလည်းပဲ ကိုယ့်အိမ်ကြွလာပြီး တရားဒေသနာချီးမြှင့်တဲ့ ရဟန်းသံဃာတော်တွေကို အဖေတားမြစ်ပါ့မလား"

"ဒါဖြင့် အဖေ ဘယ်သူ့ကို စကားပြောတာလဲဟင်"

"ဟာ... ဒါဆို ဟုတ်ပြီ။ ဟုတ်ပြီ။ ဒီလို သားတို့ သမီးတို့ရဲ့။ အဖေဟာ ဝေဒနာနဲ့ မိန်းမောပြီး တရားတော်အပေါ် အာရုံဖြန့်နေတုန်း နတ်ပြည်ခြောက်ထပ်က နတ်ရထားတွေ ဆိုက်လာကြတယ်"

မဟာဓမ္မိက သူကြုံတွေ့ခဲ့ရသည့်အဖြစ်တို့ကို ပြန်လည် ပြောကြားလိုက်သည်။ သူဘယ်လောက်ပြောပြော ပကတိမျက်ဆံဖြင့် မြင်ကြတွေ့ကြရသည်မဟုတ်လေတော့ အဘယ်မှာလျှင် ယုံကြည်နိုင်မှာတဲ့နည်း။ မယုံသည့်အပြင် သွေးရူးသွေးတန်းနှင့် ပြောချင်ရာတွေပြောဆိုလေသလောဟုလည်း ထင်မှတ်လိုက်ကြပါသေးသည်။

"ဘာလဲ။ အဖေပြောတာကို သားတို့ သမီးတို့က မယုံကြဘူးကဲ့လား။ မင်းတို့ကသာ မယုံဘဲနေ။ နတ်ရထားခြောက်စင်းကတော့ အဖေတို့အိမ်ရဲ့ကောင်းကင်မှာ ရပ်နေတုန်း"

သည်သို့ပြောလေ ပို၍ ယုံကြည်မှုကင်းစရာ ဖြစ်လာလေသည်သံသယကို ကင်းပြတ်အောင်တော့ ကြံဆောင်ရပါလိမ့်မည်။

"သားတို့ဘက်က မယုံကြည်ကြတာ အပြစ်မဟုတ်ပါဘူး၊ ဒီအတွက် အဖေ့ဘက်က လက်တွေ့ပြဖို့လိုသပေါ့။ ကဲ... မင်းတို့ပန်းကုံးတွေ အခုသွားယူလှည့်စမ်း"

ထူးခြားဆန်းကြယ်သော မြင်ကွင်းတစ်ရပ်ကို ရှုမြင်ရတော့ မည်မို့ အလုပ်အကျွေးများသည် ရတ်ခြည်းပင် အပြင်သို့ထွက်ကာ ပန်းကုံးများကို ဆောင်ယူလာခဲ့ကြသည်။

"ကဲ… သားတို့ သမီးတို့ကို အဖေမေးမယ်။

နတ်ပြည်ခြောက်ထပ်ရှိတဲ့အနက် ဘယ်အထပ်က နတ်ပြည်ဟာ အကောင်းဆုံးတဲ့လဲကွယ်"

"တုသိတာနတ်ပြည်က အကောင်းဆုံးလို့ မှတ်သားရဖူးပါ တယ် အဖေ"

"ကောင်းပြီ။ ဒါဖြင့်ရင် သားတို့ရဲ့လက်ထဲမှာ ကိုင်ထားတဲ့ ပန်းကုံးကို တုသိတာနတ်ပြည်မှလာသော ရထားဦး၌ ဤပန်းကုံးသည် ငြိပါစေသတည်းလို့ အဓိဋ္ဌာန်ပြီး ပစ်လွှတ်လိုက်ကြစမ်းပါကွယ်။ ပန်းကုံးကြီးတွေ ကောင်းကင်မှာ တွဲလွဲဆွဲထားသလိုဖြစ်ရင် အဲဒီနေရာ ဟာ တုသိတာနတ်ပြည်မှလာတဲ့ နတ်ရထားပဲပေါ့ကွယ်"

စကားဆုံးတော့ သားခုနစ်ယောက်၏လက်ထဲမှ ပန်းကုံးတို့ သည် အဓိဋ္ဌာန်ပြုခြင်းပြီးဆုံးသွားလေတော့ ကောင်းကင်ထက် လွင့် တက်သွားလေတော့သည်။

"ဟော… ဟော.. ကြည့်စမ်း။ ကြည့်လိုက်စမ်းဟော့။ ပန်းကုံး တွေ ကောင်းကင်မှာ တွဲလွဲချိတ်နေပြီ"

"ဟယ်… ဟုတ်ပါရဲ့။ အဖေပြောတဲ့ ရထားကို မမြင်ရပေ မဲ့ အဖေပြောသလို တစ်နေရာတည်းမှာ ချိတ်နေပုံထောက်ရင် ဒါ တုသိတာနတ်ပြည်က လာတဲ့ နတ်ရထားပဲ"

ယမင်းစာပေ

"ဟုတ်ပါတယ် သားတို့ သမီးတို့။

အဖေလည်း ဝေဒနာကို ဆက်ပြီးမခံစားချင်တော့ပါဘူးကွယ်။ အဖေ တုသိတာနတ်ပြည်ကိုတက်ဖို့ ရွေးချယ်လိုက်ပါပြီ။ စိုးရိမ်မှုနဲ့ ငိုကြွေးတာတွေ လုပ်မနေကြပါနဲ့တော့ကွယ်နော်။ အဖေ့ကို ချစ်တယ် ဆိုရင် အဖေပြုခဲ့တဲ့ ဒါနသီလတွေကို ဆက်လက်ပျိုးထောင်ကြပါ။ ဘာဝနာတွေ ပွားများအားထုတ်ကြပါ။ ကဲ… အဖေသွားတော့မယ် သားတို့ သမီးတို့"

သို့ဆိုပြီးသော် မဟာဓမ္မိကသည် တစ်ချက်မျှ လူးလွန့်ပြီး ငြိမ်သက်ကျသွားလေတော့သည်။ အားလုံးသည် ကောင်းကင်ထက် ကို လှမ်းကြည့်တော့ ပန်းကုံးတို့သည် လူးလွန့်ကာ မြင့်မြင့်မားမား ဝေးရာအရပ်သို့ တက်သွားတော့သည်မှာ နောက်ဆုံး ဘာမျှ မမြင် ရတော့သည်အထိ။

❊

ကျောင်းတော်သို့ ပြန်ရောက်လာကြသော ရဟန်းသံဃာတော် တို့၏ လျှောက်ထားချက်ကို ကြားရသည့် တဒင်္ဂ ဘုရားရှင်မှ ရဟန်း သံဃာတို့ ယူဆသကဲ့သို့ မဟုတ်ကြောင်း၊ ယခုအချိန်၌ မဟာဓမ္မိက သည် ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့ပြီဖြစ်ကြောင်း မိန့်ကြားတော် မူခဲ့လေသည်။

"မှန်လှပါ အရှင်ဘုရား"

သို့ဆိုလျှင်ဖြင့် မဟာဓမ္မိကရဲ့ လားရာကို သိလိုလှပါသည် ဘုရား"

"ချစ်သားတို့ …

ဥပသကာ မဟာဓမ္မိကသည် ယခုအခါ၌ တုသိတာနတ်ပြည်တွင် သုံးဂါဝုတ်ရှိသော ခန္ဓာကိုယ်ဖြင့် နတ်သမီးတစ်ထောင် ခြံရံလျက် ယူဇနာနှစ်ရာငါးဆယ်ရှိ ရတနာခုနစ်ပါးနှင့် တည်ဆောက်သည့် ဗိမာန်ကြီးဝယ် စံစားနေရလေပြီတကား။

ချစ်သားတို့…

လောက၌ ကောင်းမှုပြုသောသူသည် ပစ္စုပ္ပန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ နှစ်ဘဝစလုံး၌ပင် ဝမ်းမြောက်ရ၏။ မိမိ၏ စင်ကြယ်သောကုသိုလ်၏ ပြည့်စုံခြင်းကို မြင်သောအခါ ဝမ်းမြောက်ရပေ၏။ အထူးထူးအပြားပြား ဝမ်းမြောက်ရပေ၏"

ဟူသော ဣဓ မောဒတိ ပေစ္စ မောဒတိ အစရှိသော ဓမ္မဒေသနာတော်ကို ဟောကြားပြီးခဲ့သည့် တဒဂ်ဝယ် တရားသဘင်အတွင်းရှိ များစွာသော တရားနာပရိသတ်အပေါင်းလည်း သောတာပန်အဆင့်သို့ လှမ်းတက်ကြကုန်လေသတည်း။

◆

**(၂၀၀၃၊ မတ်လ၊ မဟာမြိုင်မဂ္ဂဇင်း)**

**ကျမ်းကိုး**

- **ဓမ္မပဒ၊ ယမကဝဂ်**
- **၁၆ ခုမြောက် မဟာဓမ္မိကဥပသကာဝတ္ထု။**

## အမှောင်ကွယ်သည့် အလင်းရောင်

အသက်အရွယ်အားဖြင့် ကွာဟသည်ဆိုသော်ငြား သူတို့နှစ်ဦး၏ ချစ်ခြင်းကမူ ခိုင်ခိုင်ကြည်ကြည်။ သူတို့သည် လောကီလူ့ဘောင်ကို ငြီးငွေ့၍ ရဟန်းဝတ်ခဲ့ကြ၏။ ယခုလည်း ဂေါတမဘုရားရှင်ရှိရာ သွားရောက်ဖူးမြော်၍ ကမ္မဋ္ဌာန်းတရားကို ယူခဲ့ကြသည်။ ထိုကမ္မဋ္ဌာန်းတရား အားထုတ်ဖို့ရန်လည်း သည်တောအုပ်အတွင်းရှိ ဆိတ်ငြိမ်လှစွာသော တောကျောင်းကလေးကို ရွေးချယ်လိုက်ကြချေသည်။

တစ်နေ့တာ၏ အလျားမိုင်များစွာကို ဖြတ်သန်းခဲ့ရသည်မို့ ဒေါင်းဖန်ဝါသူရိန်မင်းလည်း ပန်းလျနေခဲ့ပါပြီကော။ သည့်အတွက် တစ်ညတာ အိပ်စက်နားခိုရန် အနောက်ကျွန်းသို့ ယွန်းသွားခဲ့ပေတော့သည်။

အလင်းကွယ်ပျောက်၍ အမှောင်ပျိုးလာတော့ စိမ့်စိမ့်ကလေး ချမ်းတက်စေဖို့ မြောက်ပြန်လေက ဆော်နိုးတိုက်ခတ်လာခဲ့သည်။ မိတ်ဆွေချစ်ဖြင့် ဖွဲ့တည်လာခဲ့သော သူတို့နှစ်ဦး တစ်နည်းအားဖြင့် ရဟန်းအိုနှင့် ရဟန်းပျိုတို့သည် တောကျောင်းကလေး၏ မျက်နှာစာ၌ ရဟန်းတရားကို အားထုတ်ဖို့ ဆုံးဖြတ်လိုက်ကြသည်။ ကောင်းကင် မှာတော့ ညကို တန်ဆာဆင်ထားသော ငွေလမင်းသည် ကမ္ဘာမြေပြင် အား ၎င်း၏ အဝါရည်တွေကို ကြဲပက်ချလိုက်သည်။

ဟေမန္တကာလပေမို့လားမသိ။ နှင်းမြူတွေက သင်တိုင်းသဖွယ် ရက်ရှယ်ရင်း အဝေးမြင်ကွင်းတို့အား ပိတ်ဆီးဆို့ရန် အားထုတ် နေပါသည်ကော။ မြောက်ပြန်လေက မြိုင်ရဂုံအတွင်းရှိ ခွာညိုတို့၏ ရနံ့ကို လက်တွဲခေါ်ဆောင်နေပြန်သည်။

"ချမ်းတယ် ရဟန်းအိုကြီးရဲ့"

"သဘာဝပေပဲ ရဟန်းပျိုကလေးရယ်"

"သဘာဝဆိုပေတယ်လို့ ကြာတော့လည်း မခံနိုင်ဘူး ရဟန်း အိုကြီး။ ဒီတော့ ထင်းတွေရှာပြီး အချမ်းဒဏ်ကာကွယ်ဖို့ မီးလှုံရမယ်။ ပြီးတော့မှ ရဟန်းတရားကို အားထုတ်တာပေါ့"

ရဟန်းအိုကြီးအဖို့ သူခင်မင်ရသော ရဟန်းပျိုကလေးကို ဘာ ပြန်ပြောရမှန်း မသိ။ ရဟန်းပျိုကလေးလုပ်သမျှကို ကြည့်ငေးနေမိ လေသည်။

ရဟန်းပျိုကလေးသည် တစ်နေရာမှ ထင်းတုံးကြီးတစ်တုံးနှင့် အတူ ဝါးခက်ဝါးလက်များကို ယူဆောင်လာခဲ့လေသည်။ ထို့နောက်

မြေကွက်လပ်တစ်နေရာတွင် ပုံစုလျက် သာမဏေငယ်လေးတစ်ပါးကို လှမ်းခေါ်လိုက်သည်။

"လာ… ဟော့…ကိုရင်။ မီးလှုံကြရအောင်။ ပြီးတော့ မီးလှုံရင်း စကားလေးဘာလေးပြောကြရရအောင်ကွယ်။ နို့မဟုတ်ရင် ပျင်းစရာကြီး"

ပြောသည့် အတိုင်းပင် ရဟန်းပျိုကလေးသည် မီးခတ်ကျောက်တို့ကို ပွတ်တိုက်လျက် ထင်းတို့ကို မီးစွဲလောင်စေခဲ့သည်။ အညွန့်တလူလူတက်လာသည့် မီးတောက်မီးလျှံတို့အား လက်ဝါးကလေးများဖြန့်လျက် မီးလှုံရင်း စကားတွေ တွတ်ထိုးနေခဲ့သည်။ သည်ပထမယံပတ်လုံး၌ ရဟန်းပျိုကလေးသည် တရားအားထုတ်ဖို့ရာ မေ့လျော့သွားခဲ့ပါပြီလား။

အခြား အခြားသော ရဟန်းတွေကို တိမ်းငဲ့ကြည့်လိုက်တော့ ရဟန်းအသီးသီးသည် ဘုရားရှင်ပေးသော ကမ္မဋ္ဌာန်းတရားများကို သင့်လျော်လျောက်ပတ်ရာနေရာများသို့သွားလျက် အသီးသီးအားထုတ်နေကြချေသည်။ သည့်အတွက် မိတ်ဆွေကောင်းတို့၌ ရှိရမည့် ဝတ္တရားအတိုင်း သတိပေးရချေတော့မည်။

"မိတ်ဆွေ ရဟန်းပျိုကလေး။ ဒီလိုမျိုးတန်ဖိုးရှိတဲ့ အချိန်တွေကို အလဟဿဖြစ်ပြီး ကုန်လွန်စေမှာတဲ့လား။ ဒီလိုတော့ မနေပါနဲ့ ရဟန်းပျိုကလေးရယ်။ မေ့လျော့ပေါ့ဆတဲ့သူအတွက် အပါယ်လေးပါးဟာ ရှောင်လွှဲလို့ မရပါဘူး။ ဘုရားရှင်ရှေ့တော်မှောက်ရောက်တဲ့အခါ လိမ်ပြီးလျှောက်လို့လည်း ရမှာမဟုတ်လေတော့ မမေ့မလျော့ မပေါ့ဆဘဲ တရားအားထုတ်ကြရအောင်လားကွယ်"

"အို ဘာတွေလာပြောနေတာလဲ ရဟန်းအိုကြီး။

ကျုပ်ဘာသာကျုပ် ချမ်းလို့မီးလှုံနေတာ ပျင်းလို့စကားပြော နေတာ အချိန်တွေ အလဟဿဖြစ်သတဲ့လား။ ဘယ်ကလာ။ အဲဒါ တန်ဖိုးရှိရှိအသုံးချနေတာ ရဟန်းအိုကြီးရဲ့။ ကျုပ်ဘာသာကျုပ် လွတ် လွတ်လပ်လပ် စိတ်တိုင်းကျနေစမ်းပါရစေ"

"ကောင်းပါပြီကွယ် ကောင်းပါပြီ"

စကားတွေက ရှေ့ဆက်ရန် မသင့်တော့ပြီမို့ သည်မှာတင်ပဲ အနားသတ်လိုက်ရချေတော့သည်။ အရာအားလုံးသည် သူ့အကြောင်း တရားနှင့် သူပဲ မဟုတ်ပါလား။ သည်တော့ ရဟန်းအိုကြီးအဖို့ အပါးမှခွာလျှက် သင့်တော်ရာနေရာတစ်နေရာကို ရွေးချယ်ရင်း ပထမ ယံကိုဖြတ်သန်းဖို့ရာအတွက် ဘုရားရှင်ပေးအပ်ထားသော ကမ္မဋ္ဌာန်း တရားတို့ကို ဆင်ခြင်လိုက်သည်။ ထိုအချိန်ဝယ် သာမဏေငယ်လေး လည်း အနားမှာမရှိတော့ပြီမို့ ရဟန်းပျိုကလေးမှာ တဝါးဝါးသမ်းရင်း အခန်းတွင်းသို့ ပြန်ဝင်ကာ အိပ်ရာထက်၌ ခြေပစ်လက်ပစ် အိပ်မော ကျရှာလေတော့၏။

❊

သည်တစ်ညကား ရဟန်းအိုကြီးအတွက်တော့ သံသရာတစ် လျှောက်၊ ဘဝတာတစ်ခုလုံး၌ အထူးကဲဆုံး၊ အမွန်မြတ်ဆုံးသော ညတစ်ည ဖြစ်ခဲ့ရပါပြီ။

သူသည် ရဟန်းတရားကို အားထုတ်ရင်း ပထမယံ၌ စင်္ကြံ ကြွခဲ့၏။ မဇ္ဈိမယံသို့ရောက်သော် မလျော့မတင်း စောင်းကြိုးညင်း

သည့်အလား ခန္ဓာကိုယ်အား အနားပေးသည့်အနေဖြင့် ခေတ္တမျှ တစ်မှေးမှိတ်ခဲ့သည်။ သို့ဖြင့် ပစ္ဆိမယံသို့ ရောက်လေသော် ဝီရိယ ပင့်နိုးမှုကြောင့် စောစောထလိုက်ပြီး တရားအားထုတ်ပြန်ခဲ့သည်။

မမှေ့မလျော့ မပေါ့ဆမှု။

စိတ်ကို ပျံ့လွင့်ခြင်းမရှိရလေအောင် ထိန်းချုပ်နိုင်မှု။

တရား၏သဘောကို ပြတ်ပြတ်ထင်ထင် သိလာမှု။

ရုပ်၊ နာမ်၊ ခန္ဓာတို့၏ ဖြစ်ပျက်မှုသဘောကို ဆင်ခြင်နိုင်စွမ်း ရှိလာမှု။

ဒါတွေကို ပေါင်းရုံးသိမ်းဆည်းလိုက်လေသောအခါဝယ် နံနက် မိုးသောက် အလင်းမရောက်မီမှာပင် ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တ ဖိုလ်သို့ ဆိုက်ရောက်ခဲ့ပါတော့၏။

ရဟန်းပျိုကလေးမှာမူ ပတ်ဝန်းကျင်တွင် ဘာဖြစ်နေသည်ကို မသိ။

အိပ်မက်ကမ္ဘာထဲတွင် ပျော်မောစွာ ကူးခပ်လျက် အရာရာကို အမေ့မေ့အလျော့လျော့။ တစ်ပါးသောရဟန်းတွေ ဘာဖြစ်သည်ကို လည်း သူမသိ။ သူ့ကိုယ်သူ ဘာဖြစ်နေသည်ကိုလည်း သူအမှတ် မထား။

သို့ဖြင့် တစ်လပြီး .. တစ်လ၊ ကာလခြေလှမ်းတွေက ခရီး ပေါက်လာစေခဲ့သည်။

✲

ဝါလကင်းလွတ် သီတင်းကျွတ်သမယ ရောက်ပြီဆိုတော့ ရဟန်းပျိုကလေးနှင့် ရဟန်းအိုကြီးတို့သည် ဂေါတမဘုရားရှင်ထံမှောက် ဖူးမြော်ကန်တော့ရန် ရောက်ရှိသွားကြပါချေ၏။ ရောက်တော့ ဘုရားရှင်အား ထိခြင်းငါးပါးဖြင့် ဖူးမြော်ကန်တော့ပြီးသည့်နောက် ညှိပရိသတ်တွေရှိနေကြသည်မို့ သင့်လျော်လျောက်ပတ်သည့်နေရာ၌ ထိုင်နေကြလေသည်။

ပရိသတ်အားလုံး စုံလင်တော့ ဘုရားရှင်သည် ရဟန်းပျိုလေးနှင့် ရဟန်းအိုကြီးတို့အား ရှေ့တော်မှောက်တိုးစေလျက် ...

"ချစ်သားတို့ သင်တို့နှစ်ဦးသည် ရဟန်းကိစ္စပြီးဆုံးခြင်းသို့ ရောက်ကြပါပြီလော"

ဟူ၍မေးလေရာ သွက်လက်ချက်ချာသော ရဟန်းပျိုကလေးက

"အရှင်ဘုရား

ဟောဒီရဟန်းအိုကြီးဟာ အရှင်ဘုရားထံမှ ကမ္မဋ္ဌာန်းတရားတွေ ယူဆောင်ပြီး သီတင်းသုံးရမယ့် တောကျောင်းကလေးရှိရာ ရောက်တယ်ဆိုရင်ပဲ အိပ်ခြင်းနဲ့ ငိုက်မျဉ်းခြင်းတို့မှာသာ အချိန်ကုန်နေပါတယ်ဘုရား"

ဟူ၍ လျှောက်ထားတော်မူခဲ့သည်။ သူ့စကားကြောင့် ပရိသတ်ကြီး၏ အကြည့်များစွာသည် ရဟန်းအိုကြီးပေါ်သို့ လွှမ်းခြုံကျရောက်သွားခဲ့ချေသည်။ ထိုအကြည့်များအပေါ် သရုပ်ခွဲကြည့်လျှင်ဖြင့် မလိုလားအပ်မှုတွေက ရာနှုန်းပို၍ များလေမလား။

"ကောင်းပြီ ချစ်သား...

သင်ပြောတဲ့ ရဟန်းအိုကြီးက သင်ပြောသလို အချိန်တွေကို အသုံးချတယ် ထားလိုက်ပါတော့။

သင်ကရော အချိန်တွေကို ဘယ်လိုအသုံးချပါသလဲ ချစ်သား''

''အရှင်ဘုရား

တပည့်တော်ဟာ ညချမ်းရောက်ပြီဆိုတာနဲ့ ရှေးဦးစွာ ထင်းတွေကို ရှာဖွေပါတယ်ဘုရား။ နောက် ထင်းတွေကို မီးဖိုလို့ ပထမယံမှာ မီးလှုံရင်း မငိုက်မျဉ်းမအိပ်သာဘဲ အချိန်တွေ ကုန်လွန်စေခဲ့ပါတယ် ဘုရား''

အသွင်က တက်တက်ကြွကြွ။

သည်တက်ကြွသောအသွင်၌ မာန်မာနတွေက ပျော်ဝင်စူးနစ်နေတာ သေချာသည်။ သူ့အသွင်က မာနဆူးကလေးတွေ တချွန်ချွန်တဝေဝေဖြစ်နေသလောက် ရဟန်းအိုကြီးမှာမူ ဘာဆိုဘာမျှ လျှောက်တင်ထားစရာမလိုတော့သည့်အလား။ မည်သည့်အရာကိုမျှ တုံ့နှင်းစရာမလိုတော့ဟု ယူဆထားသည့်အလား ဣန္ဒြေရရဖြင့် ဆိတ်ဆိတ်ငြိမ်ငြိမ်ကလေး ဖြစ်နေရှာလေသည်။ ဘုရားရှင်ကား သူ့ထံသို့ ကြွရောက်လာကတည်းက ပုစ္ဆာတစ်ခု၏အဖြေကို ရရှိထားခဲ့ပြီး ဖြစ်သည်။ သည့်အတွက် ပြဿနာတစ်ရပ်ကို အနားသတ်ရပေတော့မည်။

''ချစ်သား ရဟန်းပျိုကလေး

သင်သည် မေ့လျော့ခြင်းဖြင့် အချိန်ကို ကုန်စေခဲ့ပြီးမှ မမေ့မလျော့ပါဟု ဆိုခဲ့ချေပြီ။ စင်စစ် သင်ရည်ညွှန်းသော ရဟန်းအိုသည် မေ့လျော့သူမဟုတ်။

တကယ့်တကယ်၌ သင်သည် မြင်းပိန်နှင့်အလားသဏ္ဍာန်

တူပြီး ငါ၏ သားတော်ရဟန်းအိုကမူ သိန္ဓဝအဿမိုရ်မြင်းနှင့် တူညီ ပေတကား''

ဟု ဆိုမိန့်ပြီးသည့်နောက်

''အပ္ပမတ္တော ပ မတ္တေသု၊
သုတ္တေသု ဗဟုဇာဂရော၊
အဗလဿံ ဝ သီဃဿော၊
ဟိတွာ ယာတိသုမေဓသော''

ဟူသည့် ဂါထာတော်ကို ရင့်ကျူးလျက်

''ချစ်သားအပေါင်းတို့...

အိပ်ပျော်နေသူ၊ မေ့လျော့နေသူတို့၏ အလယ်၌ နိုးကြားသူ သတိရှိသူ ပညာရှိသည် မေ့လျော့အိပ်ပျော်၍နေသော လူမိုက်အား ကျော်လွန်စွန့်ပစ်သွားစမြဲဖြစ်၏။ သိန္ဓဝအဿမိုရ်မြင်းကောင်းသည် မြင်းပိန်ကို စွန့်သကဲ့သို့ မေ့လျော့သောသူအား သံသရာပြင်ကျယ်၌ ထားရစ်ခဲ့ကာ သူကမူ နိဗ္ဗာန်သို့တိုင်အောင် တက်လှမ်းသွားနိုင်လေ တော့သတည်း''

ဟု မိန့်ကြားတော်မူလေရာ တရားနာပရိသတ်အပေါင်း၏ ကောင်းချီးပေးသံတို့မှာ ဘဝဂ်လျှံတက်ရင်း များသောပရိသတ်တို့လည်း သောတာပန်၌ တည်ကြလေကုန်တော့၏။

◆

(၂၀၀၃၊ ဧပြီလ၊ ငွေတာရီမဂ္ဂဇင်း)

ကျမ်းကိုး

❖ ဓမ္မပဒ၊ အပ္ပမာဒဝဂ်၊ (၆)ခုမြောက် ရဟန်းနှစ်ပါးဝတ္ထု၊

ယမင်းစာပေ

## တောင်းခြွေသော ဆု

နေရာဒေသကား တာဝတိံသာမည်သော နတ်ဘုံနတ်နန်းမှာ ဖြစ်၏။

သည်နတ်နန်းရှိ ခံ့ထည်ကြီးမားလှစွာသော ပြာသာဒ်အတွင်းဝယ် နတ်အပေါင်းတို့သည် စုစုရုံးရုံး၊ အုန်းအုန်းကျွက်ကျွက်။ ခါတိုင်းခါတိုင်းလည်း သတ်မှတ်ထားသောရက်သို့ရောက်လျှင် အဆိုပါနန်းပြာသာဒ်၌ စုဝေးအုံဖွဲ့ကြစမြဲ။ စည်းဝေးကြစမြဲ။

သို့ရာတွင် သည်ကနေ့ကျတော့ အစည်းအဝေး၌ 'သို့လော… သို့လော'ဖြင့် အဖြေရခက်ခဲသော၊ ဆုံးဖြတ်ရခက်ခဲသော ပြဿနာတွေက ပေါ်ထွက်နေခဲ့သည်။ ထိုပြဿနာကား အမေးပုစ္ဆာလေးခုနှင့် တိုက်ရိုက်ပင် ပတ်သက်နေလေသတည်း။

တစ် - ဒါနအရာတွင် မည်သည့်ဒါနသည် အမြတ်ဆုံးနည်း။

နှစ် - အရသာအရာတွင် မည်သည့်အရသာသည် အမြတ်ဆုံးနည်း။

သုံး - မွေ့လျော်ခြင်းအရာတွင် မည်သည့်မွေ့လျော်ခြင်းအရာသည် အမြတ်ဆုံးနည်း။

လေး - ဒုက္ခအပေါင်းတွင် မည်သည့်အရာသည် အောင်နိုင်မှု၌ အမြတ်ဆုံးဖြစ်သနည်း။

အဆိုပါ အမေးပုစ္ဆာလေးခုက ဘယ်ကဘယ်လို ပေါ်ထွက်လာသည်မသိ။ မြစ်ဖျားခံရာကိုလည်း ရှာဖွေ၍မရ။ နတ်အပေါင်းတို့ အချင်းချင်းမေး၍ အချင်းချင်းဖြေကြည့်ကြသည်။ အဖြေတွေက တကွဲတပြား။ ဘယ်အဖြေကို အမှန်ဟူ၍ ယူမရခဲ့။ သိသလိုလိုရှိသော်ငြား တကယ့်တကယ်ကျတော့ အများလက်ခံနိုင်မည့် လစ်ကွက် ဟာကွက်မရှိနိုင်သော အဖြေတွေက ပိုးတဝါး။

သည်လိုမျိုး အဖြေမှန် ဘာဖြစ်မည်ကို ဆန်းစစ်ရင်း ဆန်းစစ်ရင်းဖြင့် ကာလတွေဆိုသည်မှာ တစ်ဆယ့်နှစ်နှစ်တာ ကြာမြင့်ခဲ့ချေတော့၏။

သည်တော့ နတ်အပေါင်းတို့သည် နတ်မင်းကြီးလေးပါးထံ ရောက်ရှိခဲ့ပါသတည်း။

✲

ဘာပဲပြောပြော သာမန်နတ်တွေထက်စာလျှင်တော့ နတ်မင်းကြီး လေးပါးက အဆင့်မြင့်သည်သာ ဖြစ်၏။ ဓတရဋ္ဌနတ်မင်း၊

ဝိရူဠှကနတ်မင်း၊ ဝိရူပက္ခနတ်မင်း၊ ကုဝေရနတ်မင်းဆိုသည့် နတ်မင်းကြီး လေးပါးတို့၏ နေရာဒေသတွေက မြင်းမိုရ်တောင်၏ အရပ်လေးမျက်နှာမှာဖြစ်သည်။ နတ်အပေါင်းတို့သည် အမေးပုစ္ဆာလေးခုတို့ကို ဆောင်ယူလျက် နတ်မင်းကြီးတစ်ပါးစီထံ လျှောက်ထားမေးမြန်းကြည့်ကြသည်။

ဓတရဋ္ဌလည်း ဘာမျှမသိ။

ဝိရူဠှကလည်း အဖြေမပေးနိုင်။

ဝိရူပက္ခထံမှလည်း ဘာမှမထူး။

ထိုကဲ့သို့ပင် ကုဝေရသည်လည်း ဝေဝေဝါးဝါး။

"အေးကွယ် 'တိမ်မယောင်နဲ့ နက်၊ လွယ်မယောင်နဲ့ ခက်' ဆိုသလို စစ်စစ်ပေါက်ပေါက်တွေးကြည့်ရင် တိတိပပဖြေမရတဲ့ ပုစ္ဆာလေးခုပေပဲ"

"ဒါဖြင့်ရင် အဖြေတိတိပပသိရအောင် ရှေ့ဆက်ပြီး ဘယ်လိုကြိုးစားရပါမလဲ အရှင်နတ်မင်းကြီး"

"အေး…အဖြေတိတိပပကို ငါတို့မသိကြပေမဲ့ တို့များရဲ့အရှင် သိကြားမင်းကတော့ သိကောင်း သိပါလိမ့်မယ်"

"ဖြစ်နိုင်ပါတယ် အရှင်နတ်မင်း"

"ဒါကြောင့် အဖြေမှန်သိရအောင် သိကြားမင်းဆီကိုသာ သွားကြပေရော့ကွယ်။ မင်းတို့ပြန်လာခဲ့ရင်လည်း တို့များထံဝင်ပြီး အဖြေမှန်ကို ပြောပြလှည့်ကြပါဦး"

"ကောင်းလှပါပြီ အရှင်နတ်မင်း"

လိပ်ခဲတည်းလည်းဖြစ်နေသော အဖြေမှန်ကို သိရရေးအတွက် နတ်အပေါင်းတို့သည် သိကြားမင်းကြီးစံစားရာ ဘုံနန်းသို့ ဦးတည်လိုက်ကြသည်။

"အင်း..ခက်တာတော့ ခက်နေကြပြီကွယ်တို့။

ဒါနအားလုံးထဲမှာ ဘယ်အလှူဒါန မြတ်တယ်ဆိုတာ ဝေခွဲလို့ မရတာတော့ အမှန်ပဲ။ အရသာအားလုံးထဲမှာ အချိုကြိုက်သူက အချို၊ အချဉ်ကြိုက်သူက အချဉ်၊ အစပ်ကြိုက်သူက အစပ်၊ အငန်ကြိုက်သူက အငန်၊ အဖန်ကြိုက်သူက အဖန်၊ အခါးကြိုက်သူက အခါးရယ်လို့ ဆိုကြမှာပဲ။ ကဲ...ဘယ်မှာလဲ တိတိပပ။

မွေ့လျော်ခြင်းဆိုတဲ့နေရာမှာလည်း အာရုံငါးပါး ရှိပေတာပဲ။ ကိုယ်နှစ်သက်တဲ့အာရုံကို ကိုယ်အမြတ်ဆုံးလို့ ဆိုကြမှာပဲ။ ဒုက္ခဆင်းရဲဆိုတာကလည်း အများကြီး။ အို...ခက်ပါတယ်ကွယ်။ ငါလည်း ဝေဝေဝါးဝါးဖြစ်နေတယ်"

"ဒါဖြင့် အဖြေမှန်သိကြရဖို့ လွယ်ပါတော့မလား အရှင်သိကြားမင်း"

"နေဦးကွယ့်... နေကြဦး။ တို့များသာ ခက်ခဲချင်တိုင်း ခက်ခဲနေကြတာ။ လူ့ပြည်မှာ ပွင့်တော်မူနေတဲ့ မြတ်စွာဘုရားရှင်ကတော့ တို့များ ခက်ခဲနေတာကို သိနေလိမ့်မယ်"

"ဒီတော့ မြတ်စွာဘုရားရှိရာကို သွားလျှောက်ကြရင် ကောင်းလိမ့်မယ် အရှင်သိကြားမင်း။ အခုတောင် တအုံအုံတနွေးနွေးနဲ့ ကာလတွေ ဖြတ်သန်းလာခဲ့ရတာ တစ်ဆယ့်နှစ်နှစ် ရှိသွားခဲ့ပြီပဲ"

"ဟုတ်ပါရဲ့ကွယ်။ ကဲ…ဒီတော့ မင်းတို့နဲ့အတူ ငါပါ လိုက်ခဲ့ပါ့မယ်။ ငါလည်း အဲဒီပုစ္ဆာလေးခုရဲ့ အဖြေကို သိချင်နေတာကလား"

သည်လိုနှင့် သိကြားမင်းဦးဆောင်သော နတ်အပေါင်းတို့သည် ဂေါတမဘုရားရှင် သီတင်းသုံးရာဖြစ်သော သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ လူခြေတိတ်ဆိတ်၍ တရားနာပရိသတ်ကင်းလေရာ ညဥ့်ကာလကို ရွေးချယ်လျက် ဆင်းသက်လာခဲ့တော့သတည်း။

✽

ဂေါတမဘုရားရှင်သည် ဒိဗ္ဗစက္ခုတည်းဟူသော ဉာဏ်မျက်စိဖြင့် ကြည့်ရှုလိုက်လေသောအခါဝယ် ပုစ္ဆာလေးခုကို ဆောင်ယူလာကြသည့် သိကြားမင်းနှင့်တကွ နတ်အပေါင်းတို့ တွေ့မြင်လိုက်ရလေသည်။ ထို့ကြောင့်ပင် တိတ်ဆိတ်ငြိမ်သက်လှစွာသော တရားသဘင်အတွင်းရှိ ပလ္လင်ထက်တွင် စံမြန်းစောင့်စားတော်မူနေခဲ့လေသည်။

ပကတိအခြေအနေအရဆိုလျှင်ဖြင့် ဇေတဝန်ရွှေကျောင်းတော်သည် မှောင်ရီမည်းမည်းဖြစ်နေမှာ သေချာသည်။ သို့ရာတွင် ယခုမူ လင်းလင်းချင်းချင်း ဖြိုးဖြိုးဖြက်ဖြက်။

သည်အရောင်အဝါတွေဆိုသည်မှာ ဒေဝါသိကြားနှင့်တကွ တန်ခိုးကြွယ်သော နတ်အပေါင်းတို့ထံမှ ရိုက်ခတ်ပျံ့နှံ့လာခြင်းပဲ ဖြစ်သည်။ တရားသဘင်အတွင်းသို့ သူတို့သည် ဝင်ရောက်လာကြပြီးသည်နောက် သင့်လျော်လျောက်ပတ်ရာနေရာ၌ နေထိုင်ကြရင်း သုံးလောကထွတ်ထား ရှင်တော်ဂေါတမအား မဝသောဖူးမြင်ခြင်းဖြင့် ဦးခိုက်ရှိကျိုးလိုက်ကြချေသည်။

"ဘာအကြောင်းများရှိပါသလဲ အသင်သိကြားမင်း"

သည်အမေးစကားကြောင့် သိကြားမင်းသည် သူ့စိတ်တွင်း တအုံတနွေးနွေး ခံစားနေရသော အမေးပုစ္ဆာလေးခုကို ဖွင့်လှပ် လျှောက်ထား မေးမြန်းလိုက်ချေသည်။ ဤ၌ ဘုရားရှင်လည်း…

"အသင်သိကြားမင်းနှင့်တကွ နတ်အပေါင်းတို့ သိလိုကြသော အမေးပုစ္ဆာလေးခု၏အဖြေကို ထင်ရှားစွာ ပြဆိုပေအံ့…"

ဟုဆိုလျက်…

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊

သဗ္ဗရသံ ဓမ္မရသော ဇိနာတိ၊

သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊

တဏှာက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ"

ဟူသော ဂါထာကို ရွတ်ဆိုကာ…

"အသင်သိကြားမင်းနှင့်တကွ နတ်အပေါင်းတို့ ဒါနအရာ အားလုံးရှိသည့်အနက် 'ဓမ္မဒါန'သည် အမြတ်ဆုံးဖြစ်ပေ၏။ အရသာ အားလုံးရှိသည့်အနက် 'တရားအရသာ'သည် အမြတ်ဆုံးဖြစ်ပေ၏။ မွေ့လျော်ခြင်းဟူသမျှတွင် 'တရားဖြင့် မွေ့လျော်ခြင်း'သည် အမြတ် ဆုံးဖြစ်ပေ၏။ ထို့အတူ…

ဒုက္ခအပေါင်းတွင် 'တဏှာကုန်ရာ အရဟတ္တဖိုလ်'သည် အမြတ်ဆုံးဖြစ်ပေ၏"

ဟူ၍ တိကျပြတ်သားလှစွာသော ဝေဝါးထွေပြားစရာ ဘာဆို ဘာမျှမရှိနိုင်တော့သောအဖြေကို ထင်ရှားစွာ ပြဆို မြွက်ကြားလိုက်

လေသောအခါ တရားသဘင်တစ်ခုလုံးသည် သာဓုအနုမောဒနာသံများဖြင့် ဖုံးလွှမ်းသွားခဲ့လေတော့သည်။

"အတိုင်းမသိတော်မူသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်ဝလှစွာသော မြတ်စွာဘုရား…

အရှင်ဘုရား ထင်ရှားစွာပြဆိုမြွက်ကြားတော်မူသဖြင့် ခက်ခဲနက်နဲလှစွာသော ပုစ္ဆာလေးခု၏အဖြေမှန်ကို သိရပါပြီဘုရား။

အရှင်မြတ်ဘုရား…

ဤသို့ ကြီးကျယ်မြင့်မြတ်သော တရားဟောပြ ဓမ္မဒါနတို့ကို ပေးလှူရာ၌ ဒကာတော်တို့အား အဘယ်ကြောင့် အဖို့ဘာဂကို အမျှမဝေကြပါသနည်း။

ဘုန်းတော်ကြီးမြတ်လှစွာသော မြတ်စွာဘုရား…

ဒကာတော်တို့လည်း သာဓုအနုမောဒနာခေါ်လိုလှပါ၍ ယနေ့မှစတင်ကာ ရဟန်းအပေါင်းတို့အား ကုသိုလ်၏ အဖို့ဘာဂကို ဝေငှပေးကမ်းပါစေကြောင်း လျှောက်ထားပန်ကြားပါရစေဘုရား"

"ကောင်းပြီ အသင်သိကြားမင်း။ သင့်လျှောက်ထားတောင်းပန်ချက်ကို ငါလက်ခံပါ၏"

"ကျေးဇူးကြီးလှပါတယ် အရှင်ဘုရား"

သိလိုသမျှလည်း သိရပြီ။ တောင်းဆိုချက်တွေလည်း ပြည့်ဝတော့မည်ဆိုတော့ သိကြားမင်းအဖို့ ကြည်နူးရွှင်ပျ၍မဆုံး။ သည့်အတွက် သူနှင့်တကွသော နတ်အပေါင်းတို့၏ ဌာနေပြန်ခရီးသည် သာယာလှပနေတော့သည်။

✽

တစ်ခုသော တရားသဘင်၏ အစည်းအဝေးတစ်ခု။

တစ်နည်းအားဖြင့် သံဃာ့အစည်းအဝေးဟုလည်း ဆိုနိုင်ကောင်းပါချိမ့်။ ရဟန်းသံဃာတွေ စုံလင်ခဲ့ပြီမို့ ဂေါတမဘုရားရှင်လည်း သိကြားမင်း တောင်းခြေသောဆုကလေးအား အောက်ပါအတိုင်း စတင်ဖြည့်ဆည်းခဲ့လေတော့သည်။

"ချစ်သားတို့...

ယနေ့မှစ၍ ချစ်သားတို့သည် ကြီးစွာသော တရားနာခြင်းကိုလည်းကောင်း၊ ရိုးရိုးတရားနာခြင်းကိုလည်းကောင်း၊ အချင်းချင်းနီးနီးကပ်ကပ် နေထိုင်ပြောဆိုသောစကားကိုလည်းကောင်း၊ အနိမ့်ဆုံးအားဖြင့် အလှူဝတ္ထု ကြည့်ရှုချီးမြှောက်သော တရားမျှကိုလည်းကောင်း ဟောကြားလေတိုင်း ဟောကြားလေတိုင်း အလုံးစုံသော လူ၊ နတ်၊ ဗြဟ္မာ၊ သိကြား သတ္တဝါတို့အား ဓမ္မဒါနအဖို့ဘာဂကို အမျှပေးဝေကြပါကုန်လော့"

"တင်ပါ့ဘုရား"

ထိုသို့ လမ်းညွှန်ဒေသနာတော်အဆုံးဝယ် ထိုဒေသနာတော်ကို ကြားနာလိုက်ကြရသည့် ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါအပေါင်းတို့သည် ကျွတ်တမ်းဝင်ကြလေတော့သတည်း။

◆

(၂၀၀၃၊ စက်တင်ဘာလ၊ သီလဝမဂ္ဂဇင်း)

**ကျမ်းကိုး**

❖ **ဓမ္မပဒ၊ တဏှာဝဂ် (၁၀)ခုမြောက်မှ။**

## ရှုန်းမြသန္တီ

"သည်းခံတဲ့နေရာမှာတော့ ငါတို့ရဲ့ ကိုယ်တော်ကြီး ရှင်သာရိပုတ္တရာဟာ စံနမူနာပဲပေါ့နော်"

"မှန်တာပေါ့ကွယ်။ မျက်နှာတော်ကို ကြည့်ပါလား။ အမြဲတမ်းကို ကြည်လင်သန့်ရှင်းပြီး ဘယ်ကလောက်အေးချမ်းလိုက်သလဲလို့"

"အမျက်ဒေါသမရှိ မာန်မာနမှန်သမျှ ကင်းစင်ပတဲ့သူတော်စင်တွေမှန်သမျှ ဒီလိုချည်း နေမှာပဲနော်"

သည်လိုမျိုးစကားတွေကို ခဏခဏဆိုသလို ကြားရပါများတော့ မိစ္ဆာဒိဋ္ဌိပုဏ္ဏားတ၏ ရင်ထဲ၌ လှိုင်းဂယက်တွေ ရိုက်ခတ်လာခဲ့သည်။ ရှင်သာရိပုတ္တရာမထေရ်ကြီးအပေါ် တရားမင်၍ ပုဂ္ဂိုလ်ခင်ရာမှ အလွန်အကျူး ပင့်မြှောက်ချက်တွေ ဖြစ်လေရော့သလား။ သည်ကိုယ်တော်ကြီး၏ သည်းခံမှုအတိုင်းအတာ အကန့်အသတ် ဘယ်ရွေ့

ဘယ်မျှ ရှိနိုင်ပါသနည်း။ ဒါကို မိစ္ဆာဒိဋ္ဌိအယူကိုင်စွဲထားသည့် ပုဏ္ဏား ခမျာ သိချင်နေခဲ့သည်။ အမှန်အတိုင်းသိပါမှလည်း ဗုဒ္ဓဘာသာဝင်တွေ ပြောနေ၊ ဆိုနေ၊ သတ်မှတ်နေကြသည်တို့ကို လက်ခံသင့်၊ မခံသင့် သူ့ဘက်မှ ဆုံးဖြတ်နိုင်ပေလိမ့်မည်။ သည့်အတွက် စမ်းသပ်မှုတစ်ခုခု တော့ ပြုလုပ်ကြည့်ရပေလိမ့်မည်။

"သင်းတို့တစ်တွေ ပြောနေဆိုနေ အမွှမ်းတင်နေကြတဲ့အတိုင်း ဟုတ်ချင်ဟုတ်ပေါ့ကွာ။ မဟုတ်လို့ကတော့ ဟန်ဆောင် ဒီလောက် ကောင်းရမလားဆိုပြီး အားလုံးရဲ့အလယ်မှာ အရှက်တွေ ဖြန်းဖြန်း ကွဲသွားစေရမယ်"

ပုဏ္ဏား၏ ရင်ထဲမှာတော့ အစိုင်အခဲတွေက တလိပ်လိပ်။

ဂေါတမ၏ သာသနာ့အနွယ်ဝင်တွေ သူ့ကို ဂုဏ်တင်၊ ကိုယ့် ကို ဂုဏ်တင်လုပ်နေကြသည်ဟုလည်း သူ့စိတ်ထဲက မှတ်ထင်နေခဲ့ သည်။ သည့်အတွက် မိစ္ဆာဒိဋ္ဌိအယူ၌ သက်ဝင်ယုံကြည်နေခဲ့သူပီပီ မြင်ပြင်းအတော်ကတ်နေခဲ့ခြင်းဖြစ်သည်။

"ဒီတော့ သာရိပုတ္တရာကိုယ်တော်ကြီးကို ငါဘယ်လိုစမ်းသပ် ရင် ကောင်းလေမလဲ"

နည်းလမ်းအသွယ်သွယ်ကို သူစဉ်းစားကြည့်သည်။

နည်းလမ်းတစ်ခု ပေါ်လာသည်။ ဘဝင်မကျ။

နောက်တစ်ခု ထပ်ပေါ်လာပြန်သည်။ သိပ်မနှစ်သက်နိုင်သေး။

အမျိုးမျိုးအဖုံဖုံ ဉာဏ်နီဉာဏ်နက်တွေကို ညှစ်ထုတ်အပြီးမှာ တော့ သူ့ဘဝင်ကျလေသည့် နည်းလမ်းလေးတစ်သွယ်ကို ရရှိခဲ့ တော့သည်။

"ဟုတ်ပြီ။ အဲဒီနည်းဟာ အကောင်းဆုံးပဲ။ အဲဒီနည်းနဲ့စမ်းသပ် အကောင်အထည်ဖော်ရမယ်"

အစီအစဉ်တကျ သူ့စိတ်အာရုံ၌ အကွက်ချပြီးသည့်တာဒဂ်ဝယ် ခပ်ထော်ထော် ခပ်ရှုရှုဖြစ်နေသည့် သူ့နှုတ်ခမ်းအစုံသည် ကာရန်မညီ၊ ကဗျာမသီသော အပြုံးငုံကလေးကို ပွင့်လန်းစေခဲ့လေသတည်း။

❊

"ဟော ဟော…လာနေပြီ လာနေပြီ"

စောင့်စားမျှော်လင့်နေခဲ့သည့် မြင်ကွင်းကလေးတစ်ခုက ဝိုးတဝါးရယ် မဟုတ်။

ထင်ရှားပြတ်သားစွာဖြင့် ပီပီပြင်ပြင်။

ရှင်သာရိပုတ္တရာကိုယ်တော်ကြီးသည် သပိတ်ကိုပိုက်လျက် ပုဏ္ဏားအိမ်ရှိသည့် လမ်းကလေးအတိုင်း ဆွမ်းခံကြွလာခဲ့သည်။ လမ်းထဲရှိ အိမ်အချို့သည် 'ရပ်တော်မူပါဦးကိုယ်တော်ကြီးဘုရား' ဟူသော စကားကို ဆိုလျက် ဆွမ်းထွက်လောင်းကြပါချေ၏။ ပုဏ္ဏားအဖို့ သူ့အိမ်မရောက်ခင် ခပ်လှမ်းလှမ်းရှိရာ ကြို့ထွက်လျက် တောင်ပိန္နဲပင်အိုကြီးကိုကွယ်ရင်း ရှင်သာရိပုတ္တရာကို ချောင်းကြည့်နေခြင်းဖြစ်သည်။ ဒါကို လမ်းသွားလမ်းလာအချို့၊ အိမ်အချို့မှ မြင်ကြသည်။

"ဒီပုဏ္ဏား ဘာကို ချောင်းနေပါလိမ့်"

"ဟုတ်တယ်ကွ။ အကြံအစည် တစ်ခုခုတော့ ရှိကောင်းရှိလိမ့်မယ်"

"ဖြစ်နိုင်တယ်။ တို့များ မသိမသာနဲ့ ခပ်လှမ်းလှမ်းက အကဲခတ်ကြည့်ရင် ကောင်းလိမ့်မယ် ထင်တယ်"

ပုဏ္ဏားအဖို့ လမ်းသွားလမ်းလာအချို့ကို မမြင်။ အာရုံလည်း မရှိ။

သူမြင်နေ၊ အာရုံရှိနေသည်က ဆွမ်းခံကိုယ်တော်ကြီးသာလျှင် မဟုတ်ပါလား။

"နေဦး အသာနေဦး။ ငါ့ကိုကျော်သွားလောက်မှ ဟုတ်ပြီ ကျော်ပြီ ကျော်ပြီ"

သူတစ်ထူး၏ အကြံအစည်ကို ကိုယ်တော်ကြီးခမျာ သိလေသလား။ မသိလေသလား။ သိလျက်နှင့် ဝိဘက်ကြမ္မာငင်ဖို့ အရာရာကို လျစ်လျူရှုလေသည်လား။ ပုဏ္ဏားသည် သူ့ကို ကျော်ဖြတ်သွားသော ကိုယ်တော်ကြီး၏ နောက်ဘက်မှ ခြေလှမ်းကို ရှုရှုကလေး လှမ်းကာ ကပ်လိုက်သွားလေသည်။

"ကဲ…ကဲ"

"ဖြန်း"

အားထည့်ထားသော ညာဘက်လက်ဖဝါးနှင့် ကိုယ်တော်ကြီး၏ ကျောပြင်ကို ထိတွေ့ရပါက ပေါ်ထွက်လာသောအသံ၊ ဖြစ်ပေါ်သွားသည့်မြင်ကွင်းက ပုဏ္ဏားအတွက် ကြီးစွာသော ပီတိဖြစ်ရသလောက် သည်မြင်ကွင်းကို တွေ့လိုက်ရသူတို့ကား ပါးစပ်အဟောင်းသား ဖြစ်သွားရချေသည်။

"ဟဲ့…မိုက်ရိုင်းလိုက်တဲ့ ပုဏ္ဏားပဲ"

"ဟုတ်ပါ့ကွယ်။ သင်းတော့ အဝီစိချိုးကပ်မှာ သေချာသွားပြီ"

"ဟာ..ကြည့်စမ်း ကြည့်စမ်း။ တို့များရဲ့ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး ဘာမှ မဖြစ်ဘူး။ အံ့ဩစရာပဲနော်"

"ဟုတ်ပါရဲ့။ သူ့ကို ရိုက်တဲ့သူကို ငဲ့စောင်းလို့တောင်မှ မကြည့်ဘူး။ ရှေ့ကို ကြွမြဲတိုင်း ကြွသွားနေလိုက်တာ။ စိတ်ထဲ မကောင်းလိုက်ပါဘိတော့"

"နေဦး။ တို့တစ်တွေ ပုဏ္ဏားရဲ့ မိုက်ရိုင်းယုတ်မာပုံကို လူတွေသိအောင် သတင်းလိုက်ဖြန့်မယ်။ ဒါမှ ဒီပုဏ္ဏား အရှုံးတခြား၊ အသားတခြားဖြစ်မှာ"

ပုဏ္ဏားအဖို့ သူမျှော်လင့်ထားသလို ဖြစ်လာမည်ဟု ထင်ခဲ့သည်။

သူ၏ ပြင်းထန်လှစွာသော ရိုက်ချက်ကြောင့် ကိုယ်တော်ကြီးသည် သပိတ်လွတ်ကျကာ ဟပ်ထိုးလဲကျသွားမည်။ ထိုအခါတွင် ရှက်ရမ်းရမ်းလျက် နေရာမှ ဖုတ်ဖက်ခါထ၍ သူ့အား လက်ညှိုးငေါက်ငေါက်ထိုးရင်း ဒေါသတကြီး ဆိုဆဲမည်ဟု မှတ်ယူထားခဲ့သည်။

သို့ရာတွင် သူထင်ထားသလို ဘာတစ်ခုမျှ ဖြစ်မလာခဲ့ပါတကား။

ကိုယ်တော်ကြီးသည် ဘာမျှမဖြစ်ခဲ့သလို ဘာကိုမျှ အမှုမထားဘဲ ဣန္ဒြေရရ ဖွဖွညင်သာသော ခြေလှမ်းများဖြင့် ဆွမ်းခံကြွမြဲတိုင်း

ကြွသွားနေခဲ့သည်။ ဒါကို မြင်ရတွေ့ရတော့ ပုဏ္ဏားအိုရင်ထဲ တလှပ်လှပ် ဖြစ်လာခဲ့တော့သည်။ ထိုတလှပ်လှပ်သည် တုန်လှုပ်မှုရှိရာဘက်သို့ ကူးစက်သွားလေရကား ပုဏ္ဏားခမျာ ထိတ်လန့်ချောက်ချားလာရတော့သည်။

"သွားပြီ။ ငါတော့ အမှားကြီးမှားပြီ။ တကယ့်သူတော်စင်ကြီး၊ သီလနဲ့ပြည့်ဝတဲ့ ပုဂ္ဂိုလ်ကြီးကိုမှ ကိုယ်ထိလက်ရောက် စော်ကားမိခဲ့ပြီ။ ငါ ငါ..ဘာလုပ်ရရင်ကောင်းမလဲ။ ဘာလုပ်ရရင် ကောင်းမလဲ"

သူ မနေသာတော့။

ချက်ချင်းလိုပင် အသိတရား၊ သတိတရားတွေ ဝင်လာကာ ကိုယ်တော်ကြီးနောက်သို့ အမီလိုက်တော့သည်။ ကိုယ်တော်ကြီးအပါးရောက်တော့ 'ရပ်တော်မူပါဦး ဘုရား' ဟူသော ပဋိသန္ထာရစကားကို တုန်တုန်ယင်ယင် ဖွင့်လှပ်လျက် ကိုယ်တော်ကြီး၏ ဖဝါးခြေရင်း၌ ဝပ်စင်းလိုက်လေတော့သည်။

"ဘာများတုံး ဒကာကြီး"

"တပည့်တော်ကို သည်းခံခွင့်လွှတ်တော်မူပါဘုရား။ တပည့်တော်ကို သည်းခံခွင့်လွှတ်တော်မူပါဘုရား"

"အို...ဒကာကြီး

ဘယ့်အတွက်ကြောင့် ဒကာကြီးကို သည်းခံခွင့်လွှတ်ရမှာပါလိမ့်"

မသိ၍ မေးသည်တော့ မဟုတ်တန်ရာ။ အဲသည်လို အမေးရှိလေ ပုဏ္ဏားဓ၏ ရင်ထဲ ချောက်ချားတုန်လှုပ်လေ။

"အရှင်မြတ်ဘုရား…

တပည့်တော် အရှင်မြတ်အပေါ်မှာ ကာယကံမြောက် ကျူးလွန်မိသွားပါတယ်ဘုရား။ အရှင်မြတ် သည်းခံနိုင်စွမ်း ရှိမရှိ သိချင်လို စိတ် ပြင်းပြတာနဲ့ အရှင်မြတ်ရဲ့ ကျောပြင်ကို အနောက်ဘက်ကနေပြီး ပြင်းပြင်းထန်ထန် ရိုက်ပုတ်လိုက်မိပါတယ် အရှင်ဘုရား"

"အို ဒကာကြီး…

ရှိပါစေတော့။ ရှိစေတော့လေ။ ဒကာကြီးကို ငါ ဘယ်လိုမှ အပြစ်မမြင်ပါဘူး။ သည်းခံ ခွင့်လွှတ်ပါတယ်"

သည်စကားကြားရတော့ ပုဏ္ဏား၏ရင်ထဲ ဆို့တက်လာခဲ့သည်။ မျက်ဝန်းအစုံသည် လှိုက်တက်လာသောခံစားမှုတို့ဖြင့် စွတ်စွတ်စိုစို ချက်ချင်းဆိုသလိုပင် မိစ္ဆာအမြင်တို့ ပြယ်လွင့်သွားကြကာ တစ်ခါဖူးမျှ ဂေါတမ၏ သံဃာတော်တို့အား မငုံခဲ့သော လက်ကြာမုံသည် ခုတော့ဖြင့် ဖူးဖူးကလေး စုသွားခဲ့ပါပြီကော။

"အရှင်မြတ်ဘုရား…

တပည့်တော်အပေါ် သည်းခံခွင့်လွှတ်တော်မူတယ်ဆိုရင်ဖြင့် တပည့်တော်အိမ်ကို ကြွလို့ ဆွမ်းခံယူတော်မူဖို့ လျှောက်ထားတောင်းပန်ပါရစေ အရှင်ဘုရား"

"ကောင်းပြီ ဒကာကြီး။ သင့်လျှောက်ထားတောင်းပန်ချက်ကို ငါလက်ခံတော်မူပါတယ်"

"အတိုင်းမသိဝမ်းမြောက်လှပါတယ် အရှင်မြတ်ဘုရား"

သို့ဆိုပြီးသကာလ ကိုယ်တော်မြတ်ကြီးသည် လက်တွင်းမှ သပိတ်တော်ကို ပုဏ္ဏားလက်ထဲသို့ ပေးသနားတော်မူလိုက်သည်။ ပုဏ္ဏားလည်း ဝမ်းမြောက်ခြင်းကြီးစွာဖြင့် သပိတ်တော်ကို ရိုသေစွာ ပွေ့ပိုက်ရင်း ကိုယ်တော်မြတ်ကြီးအား ၎င်း၏အိမ်သို့ ပင့်ဆောင်ခဲ့ပါတော့သတည်း။

❋

ပုဏ္ဏား၏ အိမ်ရှေ့မျက်နှာစာမှာတော့ တစ်ယောက်ပြီး တစ်ယောက်ဆိုသလို လူတွေရောက်လာကြကာ သိပ်မကြာခင်မှာပင် လူစုလူဝေးကြီး ဖြစ်သွားခဲ့ရချေတော့သည်။ သူတို့ သူတို့၏ လက်ထဲမှာတော့ ခဲအုတ်များ၊ တုတ်များ၊ ဓားများ။

"အရှင်မြတ်ကြီးဘုရား…

အရှင်မြတ်ကြီးအပေါ် ကိုယ်ထိလက်ရောက် စော်ကားတဲ့ မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားယုတ်ကို ထုတ်ပေးတော်မူပါဘုရား။ တပည့်တော်တို့ ရှင်းလင်းသုတ်သင်လိုပါတယ်ဘုရား"

အသံဗလံတို့က စူးစူးရှရှ။ လူစုလူဝေးကား ဒေါသတကြီး။ အကယ်တန္တု သူသာ ကိုယ်တော်မြတ်ကြီး၏ ပယောဂဖြင့် ခြံအပြင် ရောက်သွားခဲ့ပါက တွေးရဲစရာ မရှိနိုင်တော့ပြီ။ အသက်နှင့် ခန္ဓာသည် အိုးစားကွဲသွားရမည်မှာ မြေကြီးလက်ခတ်မလွဲတော့။

ဖျတ်ခနဲဆိုသလိုပင် ကိုယ်တော်ကြီးကို လှမ်းကြည့်လိုက်သည်။

ကိုယ်တော်ကြီးကား တည်ငြိမ်ရင့်ကျက်စွာဖြင့်ပင် ပကတိ အေးအေးဆေးဆေး။ ပြီးတော့မှ ရတ်ခြည်းထလျက် ခြံဝသို့ ထွက်သွားလိုက်သည်။

"ကိုယ်တော်မြတ်ကြီးဘုရား…

ပုဏ္ဏားယုတ်ကို သုတ်သင်ချင်လို့ ထုတ်ပေးပါ ဘုရား"

တောင်းဆိုသံတွေက အလျှံတညီးညီး။

"ဒကာတို့…

ငါ့စကားကို သေသေချာချာနားထောင်ပါ။ နားထောင်ပြီးမှ ဖြေပါ။ ကဲ‥ငါပြောပြီ။ ပုဏ္ဏားဟာ ဒကာတို့ကို ရိုက်ပုတ်တာလား။ ငါ့ကို ရိုက်ပုတ်တာလား"

"ကိုယ်တော်မြတ်ကြီးဘုရား…

ပုဏ္ဏားယုတ်ဟာ တပည့်တော်တို့ကို ရိုက်ပုတ်ခြင်းမပြုပါ။ ကိုယ်တော်မြတ်ကြီးကိုသာ ရိုက်ပုတ်ခြင်း ဖြစ်ပါတယ် ဘုရား"

"ဒါဆို ရှင်းနေပြီပဲကွယ်။

သူဟာ ငါ့ကို ရိုက်ပုတ်တဲ့သူ ဖြစ်ပါတယ်။ သည့်အတွက် သူ မှားမှန်းသိလို့ ငါ့ကို သည်းခံရအောင် တောင်းပန်လျှောက်ထားပြီးပြီ။ ငါကလည်း သူ့ကို သည်းခံခွင့်လွှတ်တယ်။ ဒီတော့ သူနဲ့ ငါ ဘာမှ မရှိကြတော့ပါဘူး။ ဒီတော့ ဒကာတို့လည်း ငါ့စကားကို နားထောင်ပြီး သည်းခံ ခွင့်လွှတ်လိုက်ကြပါကွယ်။ ကဲ‥ငါ့စကားကို မပယ်ရှားကြဘူးဆိုရင်ဖြင့် ပြန်ကြတော့ကွယ်။ ပြန်ကြ ပြန်ကြ"

"တင်ပါ့ဘုရား။ တပည့်တော်တို့ အရှင်ဘုရားရဲ့ စကားကို မြေဝယ်မကျ နားပန်သကြတာမို့ ပြန်ကြပါမယ် ဘုရား"

"သာဓုကွယ်။ သာဓု...သာဓု"

သည်လိုတော့လည်း အရာရာသည် ပြေပြေငြိမ်းငြိမ်း။

သည်တော့မှပင် ကျီးလန့်စာစားဖြစ်နေရသော ပုဏ္ဏားလည်း စိတ်အေးရချေတော့သည်။

✲

ဘုရားရှင်ကြွလာတော့ တီးတိုးတီးတိုးစကားသံတို့သည် နိုးထနေရာမှ ပြန်လည်အိပ်မောကျသွားတော့သည်။ သို့ရာတွင် ဘုရားရှင်က အမေးရှိခဲ့သည်။

"ချစ်သားတို့...

မှန်ရာအတိုင်း လျှောက်တင်ကြလော့။

သင်တို့ ငါမလာခင် အဘယ်အကြောင်းအရာတို့ကို ပြောဆိုနေကြပါသနည်း"

"အရှင်ဘုရား...

တပည့်တော်တို့ ရှင်သာရိပုတ္တရာကိုယ်တော်ကြီးအကြောင်း ပြောဆိုနေကြခြင်း ဖြစ်ပါတယ်ဘုရား"

"မှန်ပါတယ် ဘုရား...

ဒီမနက်ကတင်ပဲ ကိုယ်တော်မြတ်ကြီးဟာ ဆွမ်းခံကြွနေတုန်း မိစ္ဆာဒိဋ္ဌိပုဏ္ဏားရဲ့ ရိုက်ပုတ်စော်ကားခြင်းကို ခံရပါတယ်ဘုရား။ အဲ

သလို ကိုယ့်ကို စော်ကားတဲ့သူရဲ့အိမ်က ဆွမ်းကိုခံပြီး ပြန်ကြွလာတယ်ဆိုတော့ အဲသလိုစော်ကားတဲ့သူဟာ ရဟန်းသံဃာတော်တွေကို လေးစားမှု ဘယ်ရှိတော့မှာလဲဘုရား။ နောက်ဆို ပုဏ္ဏားဟာ ဘာကိုမျှ အကြောက်အရွံ့မရှိတော့ဘဲ တပည့်တော်တို့တွေကိုပါ ရိုက်နှက်လာပါလိမ့်မယ်ဘုရား။ သည့်အတွက် ရှင်သာရိပုတ္တရာကို ကဲ့ရဲ့စကားဆိုနေမိကြတာပါဘုရား"

အဖြစ်မှန်က ပေါ်ထွက်လာခဲ့ပြီမို့ ဂေါတမဘုရားရှင်သည် 'နပြဟ္မာဏဿ ပဟရေယျ' အစချီဂါထာတော်ကို ရင့်ကျူးကာ

"ချစ်သားတို့...

ငါ၏ချစ်သား ရှင်သာရိပုတ္တရာသည် သူတော်ကောင်း စင်စစ်ဖြစ်၏။ သူသည် သည်းခံခြင်းတရားနှင့် ပြည့်ဝသူ ဖြစ်၏။

သူတော်ကောင်းကို မပုတ်ခတ်ကြပါနှင့်။

သူတော်ကောင်းဟူသည် ပုတ်ခတ်သူအား ဘယ်သောအခါမျှ အမျက်ထွက်သည်မရှိ။

သူတော်ကောင်းကို ပုတ်ခတ်ခြင်းသည် စက်ဆုပ်ဖွယ်ရာ ဖြစ၏။

ပုတ်ခတ်သူအား အမျက်ထွက်သူမှာ သာ၍ စက်ဆုပ်ဖွယ်ဖြစ်၏။

ငါ၏ ချစ်သား ရှင်သာရိပုတ္တရာကား သည်းခံခြင်းတရားနှင့် လုံးဝဥဿုံပြည့်စုံသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်လေသတည်း"

ဟူ၍ ဒေသနာတော်ကို ဟောကြားပြီးသည့်အဆုံး၌ ကဲ့ရဲ့စကားတင်းဆိုမိကြကုန်သော ရဟန်းသံဃာပရိသတ်အပေါင်းမှာ အမိုက်မှောင်များကွယ်ပျောက်သွားကြပြီး သောတာပတ္တိဖိုလ်သို့ တက်လှမ်းသွားကြပါကုန်သတည်း။

◆

(၂၀၀၃၊ အောက်တိုဘာလ၊ သူရဇ္ဇမဂ္ဂဇင်း)

ကျမ်းကိုး

❖ ဓမ္မပဒ၊ မြဟ္မာထာဝင်
(ရှန်စိန်ရှ–မြောက်၊ မထင်ရှားသောပုဏ္ဏား)

## အေးမြသော ဆန်ရေ

ရက်တွေ လတွေ ကြာခဲ့ပြီ။

ထမင်းကလေး တစ်လုတ်တစ်ဆုပ် စားရဖို့အရေးအတွက် ပုဏ္ဏားကြီးခမျာ ဆင်းရဲပင်ပန်းလှပါဘိ။

သူ့ကိုယ်ပေါ်မှာ သင်္ကန်းဟောင်းကလေးတစ်ထည်ကို လွှမ်းပတ်ရင်း တစ်နေရာမှတစ်နေရာသို့ လျှောက်လှမ်းလျက် အလွတ်ရဟန်းအဖြစ် ဆွမ်းခံစားသောက်ရင်း ကာလတွေကို သူ ပင်ပန်းကြီးစွာ ဖြတ်သန်းခဲ့ရပါချေသည်။

အသက်ကို ပြန်လည် တွက်စစ်ကြည့်တော့ ဘယ်နည်းမှာတဲ့နည်း။

မဟာဒုက္ခပြွမ်းသည့် ဇရာဒုဗ္ဗလအရွယ်သို့ ဆိုက်ရောက်နေခဲ့ပါပြီကော။ အစားဆင်းရဲခြင်း၊ အအိပ်အနေဆင်းရဲခြင်းတို့က အိုမင်း

ရင့်ရော်ခြင်းနှင့်ပေါင်းစပ်လိုက်သောသမယဝယ် ပုဏ္ဏားကြီးအဖို့ သူ့ဘဝကိုသူ နာကြည်းသလိုမျိုး ခံစားရတော့သည်။

"အား… ကျွတ်… ကျွတ်… ကျွတ်။ နာကျင်ကိုက်ခဲလှတာ မခံမရပ်နိုင်လောက်အောင်ပါဘဲလား"

ဗျာဓိတည်းဟူသောရောဂါဝေဒနာက အားငယ်သူကို ရက်စက်စွာ ဖေးကူပြန်ပါပြီ။ အကယ်တန္တ ယခုလိုမျိုး သူခံစားနေရ၊ ဖြတ်သန်းနေသောဘဝအား ချစ်ခြင်းများစွာဖြင့် ကျွေးမွေးပြုစုခဲ့သည့် သားလေးယောက်စလုံး သိတတ်မည်ဆိုပါက အဘယ်မှာလျှင် ကောင်းပါလိမ့်မည်နည်း။

ခုတော့ သည်လိုမဟုတ်ပြီ။

သားလေးယောက်စလုံးပင် သူ့အသိုက်အမြုံနှင့်သူ ကြီးပွားချမ်းသာစွာဖြင့် လောကီချမ်းသာ၌ ရေစုံမျောရင်း ဖခင်ပုဏ္ဏားအိုကြီးကိုမူ မေ့ကောင်းကောင်းနှင့် မေ့နေခဲ့လေပြီတကား။

ပြန်လည်တွေးကြည့်တော့လည်း ရင်နင့်မည်ဆိုက ရင်နင့်လောက်ချေ၏။

✲

သည်သာဝတ္ထိပြည်မှာ သူသည် အသပြာ ရှစ်သိန်းတိတိကြွယ်ဝသည့် ပုဏ္ဏားဖြစ်သည်။

သူနှင့် ဇနီးသည်မှ ပွားစည်းလိုက်သော သားလေးယောက်ကား အရွယ်တွေ အပြိုင်း အပြိုင်းနှင့် လူလားမြောက်နေကြလေပြီ။

သည်တော့ သမီးကညာမှ အခါမလင့်စေသည်မဟုတ်။ သားဆိုသည်မှာလည်း အခါမလင့်သာမို့ ဖနီးသည် ပုဏ္ဏေးမကြီးနှင့် တိုင်ပင်လျက် သားလေးယောက်စလုံးအား တစ်ဦးလျှင် အသပြာ တစ်သိန်းစီခွဲဝေကာ သားတို့နှစ်သက်သော မိန်းကလေးများနှင့် အသီးသီး အသကအသကဆိုသလို အိမ်ထောင်ချပေးခဲ့သည်။

ထိုသို့ အိမ်ထောင်ချ၊ အိုးခွဲပေးလိုက်ပြီးနောက် ဘာမျှ မကြာလိုက်။ ကံကြမ္မာက သူ့အား တစ်ယောက်တည်းဖြစ်အောင် ဖန်တီးလာခဲ့သည်။ သူချစ်သော ဖနီးသည် ပုဏ္ဏေးမ ကွယ်လွန်လေပြီ မဟုတ်ပါလား။

"ဟာ… ဒါဆို အဖေတစ်ယောက်တည်း အသပြာလေးသိန်းနဲ့ ကျန်ရစ်ပြီပေါ့"

"ဟုတ်တယ် ညီလေးတို့ …

ခုဆို တို့များရဲ့ အမေဆုံးပါးသွားလို့ အဖေတစ်ယောက်တည်း ကျန်ခဲ့ပြီ။ လူကျန်တာက အရေးမကြီးဘူး။ အရေးကြီးတာက အသပြာလေးသိန်း။

ဟုတ်တယ်။ အဖေဟာ သိပ်အိုသေးတာ မဟုတ်ဘူး။ ဒီတော့ အိမ်ထောင်ထပ်ပြုလိုက်မယ်ဆိုရင်တော့ ပြဿနာပဲ။

"ဘယ်လိုပြဿနာတက်မှာလဲ အစ်ကိုကြီးရဲ့။ လုပ်စမ်းပါဦး"

"ဘယ်လိုတက်ရမှာလဲကွာ။ အဲဒီအသပြာလေးသိန်းဟာ တို့ညီအစ်ကိုလေးယောက်အတွက် မျှော်လင့်စရာ ဆိတ်သုဉ်းပြီး တို့များမိထွေးအတွက်ပဲ ဖြစ်သွားမှာပေါ့ကွာ"

"ဟာ… ဟုတ်တယ်။ အစ်ကိုကြီးပြောတာ ဟုတ်တယ်။ အဖေ့ဆီမှာရှိနေတဲ့ ငွေလေးသိန်းကို ဘယ်သူ့လက်ထဲမှ အရောက် မခံနိုင်ဘူး။ ဒီတော့ ညီလေးတို့ ဘယ်လိုလုပ်ရမလဲ အစ်ကိုကြီး"

"အေး… အဲဒီအတွက် အစ်ကိုကြီး စဉ်းစားထားတာရှိတယ်။ သိပ်ခဲခဲယဉ်းယဉ်းလုပ်ရမယ့် ကိစ္စလည်း မဟုတ်ပါဘူးကွာ။

တို့ အဖေအိမ်ကို တစ်ယောက်မဟုတ်တစ်ယောက် အပြတ် မခံဘဲ သွားကြရမယ်။ အဖေနဲ့တွေ့ရင် အဖေ့ကို ခြေဆုပ်လက်နယ်ပြု ပေးကြမယ်။ အဲသလို ခြေဆုပ်လက်နယ် ပြုပေးရင်း အသက်ကြီးမှ အိမ်ထောင်ပြုမယ်ဆိုရင် လက်ရှိဒုက္ခထက် ပိုကြီးမယ့် ဒုက္ခတွေကို နားဝင်အောင် ပြောရမှာပေါ့။ ဒါဆိုရင် အဖေ နောက်ထပ်အိမ်ထောင်ပြု ရဲမှာ မဟုတ်တော့ပါဘူးကွယ်"

"အဲဒါက ဟုတ်ပါပြီ။ အဖေ့မှာ ကျန်တဲ့ ငွေကိစ္စကော…"

"ဟ… အဲဒါ လွယ်ပါတယ်ကွာ။ အသပြာ လေးသိန်းကို လေးပုံပုံ၊ တစ်ပုံစီကို သားတစ်ယောက်စီပေး။ အဲဒီအတွက် သား တစ်ယောက်စီထံမှာ အလှည့်ကျစားသောက်နေထိုင်ပေါ့အဖေရယ်လို့ တစ်ယောက်ပြီးတစ်ယောက် နှူးလိုက်၊ နှပ်လိုက်မယ်ဆိုရင် အဖေ ကြာကြာမခံနိုင်ပါဘူးကွယ်"

"ဟာ… ကောင်းလိုက်တဲ့အကြံပါပဲ အစ်ကိုကြီးရယ်။ ကဲ… ဒါမျိုးဆိုတာ သိပ်ပြီး အချိန်ဆွဲလို့မရဘူး။ မြန်လေကောင်းလေမို့ ခုပဲ စအကောင်အထည်ဖော်လိုက်ကြရင် မကောင်းပေဘူးလား"

"ကောင်း… ကောင်း၊ ကောင်းသမှ သိပ်ကို ကောင်းပါပဲ ညီလေးတို့"

သို့ဖြင့် သူ့ရင်နှစ်သည်းချာလေးဦးတို့၏ ချိုမြိန်အဆိပ်သုတ်လိမ်းထားသော မြားတံတို့သည် သူ့နှလုံးသား ဗဟိုချက်မရှိရာသို့ တန်းတန်းမတ်မတ် ပြေးထွက်လာကြပါပကောလား။

❊

ဂေါတမဘုရားရှင်အား လက်အုပ်ချီလျက် သူလျှောက်ကြားနေသည်မှာ အမောသံတို့ပင် ရက်ဖောက်လာသည်အထိ။ ဘုရားရှင်ကား ခပ်မဆိတ်။

"ကျွန်ယုံတော့ တစ်ဖက်ကန်း သားသမီးယုံတော့ စုံလုံးကန်းဆိုတာ သိပ်ကို မှန်တဲ့စကားပါပဲ အရှင်ဘုရား ...

တပည့်တော်လည်း တကယ်တွေးကြည့်တော့ မိုက်တာပါပဲ။ ဘယ့်နှယ် ကိုယ်က လူတစ်လုံး သူတစ်လုံးဖြစ်အောင် မွေးထုတ်ပေး၊ ကျွေးမွေးပြုစုပေး၊ အတတ်ပညာသင်ပေးခဲ့လို့ လူဖြစ်လာတဲ့ သားသမီးစကားကို ကိုယ်ကသွားပြီး ယုံစားရတယ်လို့။

လက်ကျန်အသပြာလေးသိန်းကို တစ်သိန်းစီ အညီအမျှ ခွဲဝေပြီးတဲ့အခါ သူတို့ရဲ့စကားအတိုင်း သားအကြီးဆီ သွားနေခဲ့ပါတယ်ဘုရား။ ရက်သိပ်မကြာခင်မှာဘဲ ချွေးမအကြီးက ငြိုငြင်တဲ့အမူအရာတွေ ပြလာခဲ့ပါတယ် အရှင်ဘုရား။ တပည့်တော်ဟာ သားအကြီးဆိုပြီး တစ်ပြားတစ်ချပ်မပိုမပေးဘဲနဲ့ ရက်ရှည်အောင် အမြိုင့်သားထိုင်စားနေရလောက်အောင် တခြားသားတွေမရှိရော့လေသလားဆိုပြီး စောင်းချိတ်ပြောပါတယ်ဘုရား။

ဒါနဲ့ တပည့်တော်လည်း သားလတ်အိမ်ကို ရောက်သွားပါတယ် ဘုရား။ အဲဒီမှာလည်း ချွေးမဒဏ် မခံနိုင်လို့ နောက်သားအိမ်တွေ ကူးရပြန်ပါတယ်ဘုရား။ အဲဒီတွေမှာလည်း ဘာမှမထူးပါဘူးဘုရား။ ချွေးမတွေ မကောင်းသလို၊ ကိုယ်မွေးထုတ်ထားတဲ့ သားတွေကပါ မယားဖက်ပါသွားကြလေတော့ တပည့်တော်မှာ နောက်ဆုံးသူတို့ရဲ့ နှင်ထုတ်ခြင်းခံရပြီး သက်နီးပတ် အလွတ်ရဟန်းအဖြစ်လှည့်လည်ဆွမ်းခံစားသောက်နေခဲ့ရတာ ခုမျက်မှောက် တောင်ဝှေးလေး စမ်းရင်း စမ်းရင်း လျှောက်နေရတဲ့အဖြစ် ရောက်နေရပါပြီအရှင်ဘုရား။

တပည့်တော်အဖြစ်ကို ကူညီစောင့်ရှောက်သနားတော်မူပါဘုရား"

သည်သို့ ညှိုးတသမ်းသမ်းဖြင့် ကြေကွဲလွမ်းဆွတ်ဖွယ်ရာ ပုံရိပ်များကို လျှောက်ထားပန်ကြားလေသောအခါ ဘုရားရှင်လည်း မနေသာတော့။

"အသင်ပုဏ္ဏားကြီး အသင့်အား ငါ ဂါထာ ငါးပုဒ်ကို သင်ကြားပေးပါအံ့။ ထိုဂါထာတို့အား လူစည်ကားရာအရောက်၊ သင်၏ သားများ ရောက်ရှိလာသောအခါ၌ ကျယ်လောင်စွာ ရွတ်ပါလော့"

ဟူ၍ မြွက်ကြားပြီးသကာလ ငါးပိုဒ်မျှ ရှိသော ဂါထာတို့ကို ပုဏ္ဏားကြီးအား နှုတ်တိုက်ချပေးတော်မူလေသတည်း။

❉

ကုသိုလ်ကံ ထောက်မလေသည်လား မသိ။

ပုဏ္ဏားကြီးရောက်ရှိသည့်နေရာတွင် လူတွေက များပြန်းခပ်မျှ စည်ကားများပြားနေခဲ့သည်။ ထိုလူအုပ်ထဲတွင် ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားကြသည့် သားလေးယောက်သည် အချင်းချင်းပခုံးကိုယ်စီ ဖက်လျက် လျှောက်လာနေကြသည်။

ထိုခဏမှာပင် ပုဏ္ဏားကြီး၏ နှုတ်ဖျားမှ ကျယ်လောင်စူးရှလှစွာသော အသံကြီးက တစ်ခဲနက်ဆိုသလို ပေါ်ထွက်လာချေတော့၏။ ထိုအသံကြောင့် သွားလာနေကြသော လူအားလုံးသည် ရုတ်ခြည်း ရပ်တန့်လိုက်ပြီး အသံ၏ အကြောင်းအရာကို စူးစိုက်မိကြလေတော့သည်။

"သားကလေးတွေ မွေးလာလို့ ငါ့မှာဖြင့် ဝမ်းသာလိုက်ရတာ။ သားကလေးတွေ ကြီးပွားပါစေလို့ တောင့်တလိုက်ရတာ။ အခု ဒီသားတွေက သူ့မယားတွေနဲ့ တိုင်ပင်ပြီး ခွေးတွေက ဝက်ကို အိမ်ထဲက မောင်းထုတ်သလိုမျိုး ငါအဖေအိုကြီးကို မောင်းထုတ်လိုက်ကြတယ်"

သည်စကားက လူအုပ်ကြီးကို ရပ်တန့်နေရာမှ မှင်တက်ငေးမောသွားစေခဲ့သည်။ ကာယကံရှင် သားလေးယောက်ကတော့ ခေါင်းကြီးတွေငုံ့လျက်။

"ဆက်ပြောပါဦးမယ်။ သူတော်မဟုတ်၊ ယုတ်မာတယ်ဆိုကြတဲ့ ရက္ခိုက်တွေဟာသားတွေ ယောင်ဆောင်ပြီး ငါ့ကို အဖေ၊ အဖေလို့ ခေါ်ကြပါလေရဲ့။ ဟော…အဲဒီသားတွေကပဲ အခု အရွယ်လွန်ကာ သေခါနီးဖြစ်နေတဲ့ ငါ့ကို စွန့်ပစ်လိုက်ကြပါရောလား"

သည်စကားက ရပ်တန့်ငေးမောနေကြသည့် လူတို့၏ နှလုံးအိမ်ကို မသိမသာကလေး ရိုက်ခတ်လိုက်သည်က သေချာသည်။ အကြည့်အားလုံးတို့သည် ပုဏ္ဏားအိုကြီးအပေါ်၌ ရစ်ဝဲဖြာကျလျက်။

"ဆက်ပြောပါဦးမယ်။ အိုမင်းသွားလို့ အသုံးချမရတဲ့ မြည်းကို အစာမကျွေးကြသလို သားမိုက်တွေဟာ မယားစကားနားဝင်ပြီး ငါ့ကို နှင်ထုတ်ခဲ့ကြတယ်။ သားမိုက်တို့ရဲ့ အဖေဖြစ်တဲ့ ငါ့မှာတော့ အိုကြီးအိုမရွယ်နဲ့ ထမင်းကလေး တစ်လုတ်တစ်ဆုပ်စားရဖို့အရေး အိမ်ပေါက်စေ့ကို လက်ဖြန့်တောင်းစားနေကြရတယ်"

သည်ဂါထာကလည်း အာရုံစိုက်နေကြသည့် ပရိသတ်၏အညှာကို ရိုက်ခတ်သွားဟန်တူသည်။ ပရိသတ်၏ ကရုဏာမျက်ဝန်းများသည် ပုဏ္ဏားအိုကြီးပေါ်သို့ ဖြာကျသက်ဆင်းလာကုန်သည်။

"ဆက်ပြောပါဦးမယ်။ ငါ့သားတွေဟာ ငါ့ကို မရိုသေကြတော့ပါဘူး။ ခု…ငါ့မှာ အားကိုးစရာဆိုလို့ တောင်ဝှေးပဲ ရှိတော့တယ်။ ငါ့တောင်ဝှေးကသာလျှင် နွားဆိုးကိုလည်း မောင်းနိုင်၊ နှင်နိုင်သေးတယ်။ နွားဆိုးတင်မက အကိုက်ကြမ်းတဲ့ ခွေးဆိုးတွေကိုလည်း ခြောက်လှန့်မောင်းနှင်နိုင်သေးတဲ့အတွက် ငါ့သားတွေထက်စာရင် ဟောဒီငါ့တောင်ဝှေးက မြတ်ပါသေးတယ် ပရိသတ်"

"ဟေး… ဟုတ်တယ်ကွ။ ဟုတ်တယ်။ ပုဏ္ဏားကြီးပြောတာတကယ်လက်တွေ့ကျတယ်။ မှန်လည်း မှန်သကွာ။ သူ့သားတွေဆိုတာ ဒီလောက်တောင် ဆိုးသလား"

"ဆိုးတာပဗျာ။ ဆိုးတာပေါ့။ ဟော … ဟော … တွေ့လာ
ဟောဟိုလူအုပ်တွေကြားမှာ ဝတ်ကောင်းစားလှတွေ ဝတ်ထား
လေးယောက်"

"အေး … တွေ့တယ်။ တွေ့တယ်။ အံမယ် … လေးယော
တောင်မှ"

"အဲဒါ အဲဟိုပုဏ္ဏားအိုကြီးရဲ့ သားတွေပဲ"

"အိုကွယ်… သားတွေကျတော့ သားသားနားနား။ ဖအေ
တော့ စုတ်စုတ်ပြတ်ပြတ်နဲ့။ လောကကြီး ဘယ်လိုများ ဖြစ်ရ
ပါလိမ့်"

ထိုသို့ တစ်ယောက်တစ်ပေါက်နှင့် ဝေဖန်သံများ ကွက်ကြာ
ရှာနေစဉ်မှာပင် ပုဏ္ဏားအိုကြီးထံမှ ဂါတမဘုရားရှင် နှုတ်တို
သင်ကြားပေးလိုက်တော်မူသော ဂါထာက လွင့်ပျံ့လာခဲ့ပြန်ပါ
ထိုအချိန်ဝယ် အနာပေါ်တုတ်ကျခံရသည့်အလား သားလေးယော
ခမျာ လူပုံအလယ်၌ ခေါင်းကိုယ်စီငုံ့နေကြလေသည်။

"တောင်ဝှေးက အမှောင်ထဲမှာ သူက ရှေ့က သွားတ
ရေထဲ သွားတယ်။ ရေထဲသွားရင် အတိမ်အနက်စမ်းလို့ ရတ
ခြေချော်လို့ရှိရင် တောင်ဝှေးရဲ့အစွမ်းကြောင့် ဆောက်တည်ရာ ရတ
ငါ့မှာတော့… ငါ့မှာတော့"

ပုဏ္ဏားကြီး၏ အသံက ဆို့နစ်တိမ်ဝင်သွားခဲ့သည်။ အသံ
တင်၍ ဟစ်အော်ရသည်မို့ အားအင်တို့ လျှပါးခန်းခြောက်သွ
လေသလား။

"တောက်...အတော်မိုက်ရိုင်းတဲ့ သားတွေပါလားကွာ။ အမိအဘရဲ့ ပစ္စည်းကို စားသောက်ပြီး အမိ အဘတွေ မလုပ်နိုင်၊ မကိုင်နိုင်တဲ့ အခါမျိုး ပြန်မလုပ်ကျွေးဘဲ ပစ်ထားလို့ကတော့ အဲဒီသားသမီးကို လောကကြီးထဲမှာ အသက်ရှင်ခွင့် မပေးသင့်ဘူး"

"ဟုတ်တယ်။ အဲဒီသားသမီးကို လက်စတုံး စီရင်သင့်တယ်"

တကယ်လည်း အဲသည်ကာလက ထိုသို့သော အစဉ်အလာရှိခဲ့သည်။ သည့်အတွက် သားလေးယောက်စလုံးပင် ကြောက်ရွံ့လာသည်။ တုန်လှုပ်လာသည်။ အမှားကို အမှားမှန်း သိလာသည်။ သည့်အတွက် အသက်ကို မျှဉ်းမျှဉ်းကလေးရှူရင်း ခြေပစ်လက်ပစ်ထိုင်ချနေသော ဖခင်ပုဏ္ဏားအိုကြီးရှိရာသို့ အလျင်အမြန်သွားရောက်ကြကာ ခြေကိုဖက်၍ တောင်းပန်ကြသည်။ ဦးခိုက်ကြသည်။ သည်တော့လည်း မိဘမေတ္တာဖြင့် ခွင့်လွှတ်ရပြန်သည်သာတည်း။

စင်စစ်မတော့ လမ်းကြိုလမ်းကြားမှနေ၍ ပြည့်စုံ ကုံလုံကြွယ်ဝသော သားတို့ထံ ပြန်ရောက်သွားရ၊ အေးချမ်းစွာ နေထိုင်စားသောက်ခွင့်ရသည်မှာ အဘယ်သူ၏ ကျေးဇူးကြောင့်ပါသနည်း။ တောင့်တင်းသော ခြေသလုံးတို့သည် ဆီဖြင့် ပွတ်သပ်လိမ်းနယ်ပေးခြင်းကို ခံရလေပြီ။ ကောင်းမွန်သောအစာအာဟာရတို့ကိုလည်း မှီဝဲနေရလေပြီ။

"ရှင်မတို့ ဒီတစ်ခါ ငါတို့ဖခင်ကို ဒီအိမ်ပေါ်က ဆင်းသွားရအောင် မကြံကြနဲ့တော့။ တို့ဖခင်ဆင်းသွားရင် လူတွေဟာ ငါတို့ကိုသတ်လိမ့်မယ်။ အဲဒီအခါကျရင် နင်တို့ မုဆိုးမဖြစ်လိမ့်မယ်။ တကယ

လို့ ငါတို့ဖခင် စိတ်ငြိုငြင်စရာ တစ်ခုခုလုပ်လို့ကတော့ ငါတို့လက်နဲ့
တွေ့မယ်။ ကြားလား"

"စိတ်ချပါ အမောင်။ ကျွန်မတို့လည်း နောင်တရပါပြီ။ ဘယ်
တော့မှ စိတ်ဆင်းရဲစရာ နောက်ထပ်မပေါ်ပေါက်စေရပါဘူးရှင်"

သည့်အတွက် ပုဏ္ဏားကြီးအဖို့ ဘုရားရှင်၏ ကျေးဇူးကို
တစိမ့်စိမ့်သတိရနေတော့သည်။ သို့ဖြစ်၍လည်း သားတို့ ဝယ်ယူပေး
သော ပုဆိုးတစ်စုံကို ဂေါတမဘုရားရှင်ထံသွား၍ ကပ်လှူခဲ့၏။
သည်အခါ ဘုရားရှင်မှ သာဓုအနုမောဒနာတရား ချီးမြှင့်၏။ တရား
ဆုံးလေတော့ ပုဏ္ဏားကြီးအဖို့ သရဏဂုံ၌ တည်သွားခဲ့လေပြီ။

"အရှင်ဘုရား တပည့်တော်၏ သားလေးယောက်သည် ယခု
အခါ လေးမျိုးသော စားဖွယ်တို့ဖြင့် တပည့်တော်အား မပြတ်လုပ်ကျွေး
လျက် ရှိပါသည်။ ထိုလေးမျိုးအနက် နှစ်မျိုးအား ဘုရားရှင်ကို
လောင်းလှူလိုပါသည်။ နေ့စဉ် ကြွရောက် အလှူခံတော်မူပါဘုရား"

"သာဓု သာဓု သာဓုပါ ပုဏ္ဏားကြီး။ သင့်အလှူကို ငါလက်ခံ
ပါ၏"

"ဝမ်းမြောက်လှကြောင်းပါ အရှင်ဘုရား"

သည်ဝမ်းသာမှုက နှလုံးအိမ်ပျော့ပျောင်းနူးညံ့သွားပြီဖြစ်သော
သားလေးယောက်၏ မိသားစုတွေထံ ရောက်ရှိသွားခဲ့သည်။

"အို... ဖခင် သားကြီးသည် အလှူမင်္ဂလာ ပြုလုပ်လိုပါ
သည်။ ရဟန်းဂေါတမနှင့်တကွ ရဟန်းငါးရာကို ပင့်ဖိတ်ပေးတော်မူပါ
ဖခင်"

"စိတ်ချ သားကြီး။ ဖခင် သားကြီးဆန္ဒရှိသည့်အတိုင်း ပင့်ဖိတ်ပေးပါ့မယ်"

သူပင့်ဖိတ်သည့်အတိုင်းပင် အလှူမင်္ဂလာကျင်းပသည့်ရက်၌ ဘုရားရှင်အမှူးပြုသော ရဟန်းငါးရာတို့ ကြွလာခဲ့သည်။ မိသားစုအားလုံးပင် ဗုဒ္ဓသာသနာ၌ သက်ဝင်ယုံကြည်ကာ ဘုရားရှင်နှင့်တကွ ရဟန်းတို့အား ရိုသေစွာ ဆွမ်းလုပ်ကျွေးခဲ့သည်။ ထိုအခါ ဘုရားရှင်မှ အနုမောဒနာတရားချီးမြှင့်ပြီး အမိအဘတို့အား လုပ်ကျွေးမှုအတွက် ကြီးစွာသော ကုသိုလ်တရားကို ဟောကြားပြီးသကာလ

'ခနပါလော' အစချီ ဂါထာတော်ကို ကျူးရင့်ကာ မိခင်ကိုလုပ်ကျွေးသော မာတုပေါသကဆင်မင်းဇာတ်နှင့် နှီးနွှယ်ကာ 'နှိမ်နင်းရန် ခဲယဉ်းသော ပြင်းထန်စွာ အမုန်ရစ်နေသည့် ခနပါလဆင်သည် အဖမ်းအဆီးခံခဲ့ရ၏။ သည့်အတွက် အစာမစား။ မိမိနေရာ ဆင်တောကိုသာ အောက်မေ့၍ နေ၏'

ဟူသည့် အမိ အဘနှင့် သားသမီးတို့၏ သံယောဇဉ်တရားကို ဖွင့်လှပ်လိုက်လေသောအခါ စူးစူးစိုက်စိုက်ဖြင့် တရားနာယူနေကြသော ပုဏ္ဏားကြီးနှင့်တကွ သားတို့သည်လည်းကောင်း၊ ချွေးမတို့သည်လည်းကောင်း သောတာပတ္တိဖိုလ်သို့ ဆိုက်ကြလေတော့သတည်း။

◆

(၂၀၀၃၊ အောက်တိုဘာလ၊ သီလဝမဂ္ဂဇင်း)

ကျမ်းကိုး

❖ ဓမ္မပဒ၊ နာဂဝဂ်၊ သုံးခုမြောက် ပုဏ္ဏားကြီးဝတ္ထု။

## ရှန်းထွက်သူ

မြိုင်တကြောမှာတော့ နွေဦးသစ်ခဲ့ပါပြီကော။

သို့ကြား ဟိုးခါတိုင်းနှစ်တွေလိုမဟုတ်ဘဲ သည်တစ်နှစ်နွေက တော့ ဆိုးရွားပြင်းထန်ရိပ်တွေ ဖိတ်စဉ်ကျနေသည်။ အပူတွေက ဆယ် နေများ ကဲဘိလေသလား။

အရှင်ပိဋကလာဘရဋ္ဌါဇအဖို့ သာဝတ္ထိမှ ဆွမ်းခံကြွလာခဲ့ကာ ဆွမ်းကိစ္စအပြီးမှာတော့ မြမြကလေးအေးသည့်နေရာအေးသကို ရှာဖွေ လျက် တန်ခိုးဣဒ္ဓိပါဒ်နှင့် သွားရောက်သီတင်းသုံးတတ်စမြဲ ဖြစ်သည်။ အထူးသဖြင့် အရှင်ရွေးချယ်လိုက်သောနေရာသည် နွေအပူဒဏ်ကို ကာကွယ်လိုသူတွေအတွက် သင့်လျော်ကောင်းမြတ်သည့်နေရာကလေး ပဲ ဖြစ်သည်။ ထိုနေရာကား ဂင်္ဂါမြစ်ကမ်းအနီးရှိ ဥဒေနမင်း၏ ဥယျာဉ် ပင် ဖြစ်လေတော့သတည်း။

❊

ဥယျာဉ်ကား တကယ့်ကို သာတောင့်သာယာ။

ကြီးမားအုံ့ဆိုင်းလှစွာ သစ်ပင်ကြီး၏ မျိုးစုံတို့က အေးမြသော အရိပ်အာဝါသကို တည်ဆောက်ပေးနေကြသည်။ ဂင်္ဂါမြစ်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးက ညင်းညင်းညှံ့ညှံ့။

သည်လိုမျိုးနွေအပူကို အန်တုပေးနေသော ဥယျာဉ်အတွင်းရှိ သစ်တစ်ပင်ရင်း၌ အရှင်သည် မကြာခဏဆိုသလိုပင် ဈာန်ခရီးဖြင့် ကြွလာရင်း သီတင်းသုံးလေ့ရှိစမြဲဖြစ်လေသည်။ သည်လိုနှင့် သာယာအေးချမ်းလှစွာသော ခေါက်ရိုးကျိုးခဲ့သည့် ဖြစ်စဉ်များသည် ဤယနေ့မှာတော့ တစ်မျိုးတစ်ဖုံပြောင်းလဲရန် မြားဦးလှည့်ခဲ့ပါပြီလား။

အရှင့်အဖို့ သည်ဥယျာဉ်တွင်းရှိ သစ်တစ်ပင်အောက်၌ တရားအရသာကို ခံစားနေစဉ်မှာပင် ဥဒေနမင်းသည် နောက်လိုက်နောက်ပါ အခြွေအရံမောင်းမများစွာနှင့် သူပိုင်ဆိုင်သော ဥယျာဉ်သို့ ရောက်ရှိခဲ့ချေသည်။

ခါတိုင်းလည်း စိတ်ပါလျှင် ပါသလို ဥယျာဉ်အတွင်း ရောက်ရှိနေကျ။

ဥဒေနမင်းအဖို့ ကာမဂုဏ်လွှာရုံကလေးကို လွှမ်းပတ်ရသည်က ကြီးစွာသော ချမ်းသာအစစ်ဟု မှတ်ယူနေခဲ့သည်။ မင်္ဂလာဥယျာဉ်အတွင်းရှိကျောက်ဖျာပေါ်ရောက်လျှင် အသင့်စီမံထားသော ကျောက်ဖျာပေါ် လဲလျောင်းကာ ကိုယ်လုပ်မောင်းမအချို့၏ ဆီပွတ်လိမ်းကျံခြင်း၊ ညင်သာနူးညံ့စွာနှိပ်နယ်ခြင်း စသည်တို့ကို မျက်တောင်ကလေး အစင်းသားနှင့် ခံယူတော်မူရင်း ကျန်မိန်းမအခြွေအရံများ၏ သာယာ

ညင်းပျောင်းသော တေးဂီတမုဒြာကကြိုးစုံစုံတို့ကို အရသာခံကြည့်ရှု ခံစားခဲ့ချေသည်။ သည်လိုနှင့် ဖြည်းဖြည်းချင်းဆိုသလို ဥဒေနမင်း၏ မျက်တောင်ဖျားပေါ်သို့ အိပ်စက်ခြင်းပုံရိပ်တွေက ဖိတ်စဉ်ကျခဲ့လေရာ မကြာခင်မှာပင် ကျောက်ဖျာထက်ဆီမှ ဟောက်သံသဲ့သဲ့ထွက်ပေါ်လာ ခဲ့လေတော့သည်။

"ဟော့…အရှင်မင်းကြီးတော့ စက်တော်ခေါ်သွားပြီ။ ဆိုတာ တွေ၊ ကတာတွေ ရပ်ကြတော့။ ဆက်ဆို၊ ဆက်ကလည်း ပင်ပန်းတာ မောတာပဲ အဖတ်တင်လိမ့်မယ်"

"အေး…ဟုတ်တယ်။ ဒါဖြင့် တို့များ ဘာလုပ်ကြရင် ကောင်း မလဲ"

"ဘာလုပ်ကြရင် ကောင်းမလဲ ဟုတ်လား။ ဥယျာဉ်ထဲ ရောက် ပြီဆိုတော့ လျှောက်သွားကြမယ်လေ။ ငှက်လှလှကလေးတွေရဲ့ တေးသီချင်းသံကို နားဆင်ကြမယ်။ အသီးအနှံတွေတွေ့ရင် ခူးဆွတ် စားကြမယ်။ ပန်းတွေတွေ့ရင် ခူးပန်ကြမယ်လေ"

"ဟေ… ဟုတ်တယ်။ ဟုတ်တယ်"

"ရှူး…တိုးတိုး သိပ်မဆူနဲ့။ အရှင်မင်းကြီး နိုးလာရင် အစီ အစဉ်တွေ ပျက်ကုန်လိမ့်မယ်။ ကဲ… ဖြည်းဖြည်းသက်သာ သွားကြရ အောင်"

မင်းကြီးအပါးမှာတော့ဖြင့် အမွှေးနံ့သာလိမ်းကျံရသော ခြေ ဆုပ် လက်နယ်ပြုရလေသော မောင်းမအချို့သာ ကျန်ရစ်ခဲ့ကြသည်။ ကခုန်သော၊ သီဆိုသော၊ တီးမှုတ်သော မောင်းမတွေကဖြင့် ဥယျာဉ် အတွင်းသို့ လှည့်လည်ထွက်ခွာလာကြပေပြီ။

မင်းကြီး၏ ဥယျာဉ်ကား သာတောင့်သာယာ ရှိလိုက်ပါဘိတော့။

သာရကာလား၊ တမာလား။ ခွဲခြား၍ မသိတတ်နိုင်သော ကျေးငှက်တွေက ညံညံစီစီ။ မာကမဝေးသွားတွေကလည်း ကြည်နူးချို့မြိန်စဖွယ် ကောင်းမှကောင်း။ ညှာသွယ်ဆင့်တန်း၊ နာမည်ဖြင့် ဆန်းရုံမက ဘယ်ပန်းခိုင်ဟူ၍ မသိတတ်နိုင်သော ခိုင်ပန်းစုံတွေကလည်း မငုံတချို့ ငုံတချို့နှင့် ဝတ်မှုန်တွေစီကာ ရာသီလင့်ဟန် ရှိကြလေသလား။ အသီးအနှံတွေကလည်း ခိုင်ညှာပြွတ်တွဲလျက်။

ကျေးငှက်တေးချင်းကို နားဆင်၊ ပွင့်ပန်းခိုင်တို့ကို ပန်သ။ ချိုမြသောအသီးအနှံတို့ကိုဆွတ်ခူးစားသောက်ရင်း သူတို့သည် ဥယျာဉ်ကို လှည့်ပတ်လာခဲ့ကြသည်။

"ဟယ်... ဟို... ဟိုမှာ... သံဃာတော်တစ်ပါး။ သစ်ပင်အောက်မှာ သီတင်းသုံးနေတယ်ဟော့။ ရှူး... တိုးတိုး။ ကောင်မတွေ မဆူကြနဲ့"

"အေးပါ ကောင်မရယ်။ တို့များဟာ သာသနာဖျက်မတွေ မဟုတ်ကြပါဘူး"

"ဒါဖြင့် လာကြ။ ကြည်ညိုဖွယ်ကောင်းလှတဲ့ သံဃာမထေရ်ကို သွားဖူးပြီး တရားဦးလေး ဘာလေး နာလိုက်ကြရအောင်"

"ကောင်းပါလေ့ကွယ်။ ကောင်းပါလေ့"

သည်လိုနှင့် ဘဝပေးအခြေအနေအရ ပြည့်ရှင်မင်း၏ အဖျော်ဖြေခံဘဝသို့ ရောက်ရှိနေရငြား ဘုရား ဘုရားမှန်းသိ၊ တရား တရား

မှန်းသိလျက်၊ သံဃာ သံဃာမှန်း သိတတ်ကြကုန်သော မိန်းမငယ်တစ်စုမှာ အရှင်ပိဋ္ဋောလမထေရ်အနီးသို့ ရောက်ရှိသွားခဲ့ကြလေတော့သည်။

"သာဓု… သာဓု… သာဓု"

သူမတို့ ဝတ်ဖြည့်အပြီးမှာတော့ မထေရ်၏ နှုတ်ဖျားမှ အနုမောဒနာသံ ပေါ်ထွက်လာခဲ့သည်။ အသဝေါတရား ကင်းစင်၍ ကြည်ညိုဖွယ်ရာကောင်းလှစွာသော မထေရ်ထံမှ သူတို့ သူတို့သည် တရားထူး၊ တရားဦးတို့ကို နာကြားလိုစိတ်များ တဖွားဖွားဖြစ်ပေါ်မိကြသည်။ ဒါကို မထေရ်မှလည်း သိထားပုံရသည်။ သည့်အတွက် တရားနာမည့်သူ၏ ဉာဏ်အတိမ်အနက်ကို တိုင်းတာလျက် သင့်လျော်မည့်တရားကို ဟောပြောခဲ့သည်။

"ဒါယိကာမတို့…သင်တို့တစ်တွေဟာ ကိုယ့်ထက်သာရင် မနာလိုတတ်တဲ့ သဘောကို ပယ်ဖျောက်ဖို့ လိုတယ်။ ဝန်တိုမှုဆိုတဲ့ စိတ်ထားကိုလည်း မထားပါနဲ့"

"တင်ပါ့ဘုရား"

ထိုအချိန်မှာတော့ ကျောက်ဖျာထက်တွင် ဥဒေနမင်းသည် အိပ်မက်လှလှတွေမက်၍ ကောင်းနေဆဲ။

"တောက် … ကောင်မတွေ။ ခုထိ ပြန်ရောက်မလာကြသေးဘူး။ သဝေထိုးလို့ကို မဝနိုင်တော့ဘူး။ သိမယ်။ ကောင်မတွေ ဒုက္ခရောက်အောင် လုပ်ပြမယ်"

ပြောပြောဆိုဆိုနှင့်ပင် ခြေဆုပ်လက်နယ်ပြုသည့် တာဝန်ယူထားသော မောင်းမတစ်ဦးက ဥဒေနမင်း၏ ခြေဖဝါးကို မသိမသာ

ပွတ်သပ်ပေးသည့်တဒင်္ဂ မင်းကြီးလည်း နှုတ်ဖျားဆီမှ အာမေဋိတ်များ ခုန်ပေါက်ထွက်ကျလာကာ ရုတ်တရက်နိုးထလာလေသည်။ ခါတိုင်း သူနိုးထလာလျှင် လွင်စာစာချိုကြည်ကြည် အသံကလေးများဖြင့် သူ့အပါး ဝန်းရံလာကြကုန်သော လှတပတများသည် ခုခါ၌ ဘယ်ဆီသို့ ရောက်နေကြပါလိမ့်။ အတ္တ၊ တဏှာနှင့် ရာဂ၏ ဖိစီးမှုတို့က ဥဒေန မင်း၏ ရင်အစုံကို ပုံမျက်နှာပြင်လို တုန်ခါစေကြပါကုန်သည်။

"ဟော့… ဟိုကောင်မတွေ ဘယ်ကို ထွက်သွားကြသလဲ။ လျှောက်တင်စမ်း"

သည်မှာတင် ဥယျာဉ်လည်ပတ်မှု၌ လိုက်ပါသွားရင်း ပြန် ရောက်လာသည့် မောင်းမတစ်ဦးက သူမြင်တွေ့ခဲ့ရသည်များကို လျှောက်တင်လေသည်။

"သူတို့ သူတို့ အရှင်မင်းကြီး ဒီမှာရှိနေတာကို မေ့လျော့ပြီး ရဟန်းတစ်ပါးကို ဝိုင်းအုံနေကြပါတယ်ဘုရား"

"အောင်မာ… ရာရာစစ။ တောက်…သင်းတို့က သည်လို လား။ ငါ့အကြောင်း ကောင်းကောင်းကြီး သိရမှာပေါ့ကွာ"

ဥဒေန၏ ရင်ထဲ၌ 'မျက်စပ်ပိုးဝင်၊ ဆံတစ်ပင်တင်း'သည့် အဖြစ်က နာလိုခံခက်စွာ ဖြစ်ပေါ်ခံစားနေရသည်။ ဒေါသအစုံသည် ဖိုခုံလောက်ပေါ် ပစ်ချ၍ ထွက်ပေါ်လာသောဆားသကဲ့သို့ တဖျစ်ဖျစ် မြည်ဟည်းတောက်လောင်နေတော့သည်။ ဒေါသကား အရာရာကို ပကတိအတိုင်း မြင်နိုင်စွမ်းကို ချေဖျက်လိုက်ကြသည်ကောလေ။

"ဒီရဟန်းတော့ ကိုယ်နဲ့ မဆိုင်တာတွေ ငါ့ဥယျာဉ်ထဲ လာလုပ်တယ်။ သိကြရောပေါ့ကွာ။ ခေါင်းပြောင်ပြောင် တစ်အုံလုံး ခါချဉ်စာမိပြီသာ မှတ်ပေတော့"

သို့ကလို မြည်တမ်းရေရွတ်ပြီးနေရာမှ စတင်ရွေ့ရှားလေသည့်အခိုက် မနှာလိုခြင်းတရား၊ ဝန်တိုခြင်းတရားတို့ မြစ်ဖျားခံရာမှ ပေါက်ဖွားလာသည့် ကြည်နူးမှုအပြုံးတို့သည် ကုန်းချော၊ ကုန်းတိုက်သော မောင်းမအချို့၏ နှုတ်ခမ်းများဝယ် ဖူးငုံပွင့်လန်းလာကြလေတော့၏။

❉

"ဟား… နေရာကျလိုက်လေကွယ်။ အသောကပင်မှာ ခါချဉ်ထုပ်က အဆင်သင့်ပါပဲလား။ အဲဒါကို လှမ်းဆွဲပြီး မထေရ်ရဟန်းရဲ့ ခေါင်းပေါ်တည့်တည့်အရောက် လွှပ်ခါလိုက်ရင် ဟဲ..ဟဲ..ဟဲ.. ခေါင်းတုံးပြောင်ပြောင်တော့ ဖူးရောင်ကိုင်းသွားရှာတော့မယ်"

မင်းကြီးသည် တစ်ကိုယ်တည်း သဘောအကျကြီးကျလျက် အသောကပင်၏ သစ်ကိုင်းကို လှမ်းဆွဲလိုက်သည်။ ဆွဲပြီး သိပ်မကြာ။ သစ်ကိုင်းသည် မထေရ်ရှိရာသို့ ဝဲကျမသွားခင်မှာပင် ရုတ်တရက် မင်းကြီး၏ လက်မှ သစ်ကိုင်းက လွတ်သွားသည်။

" ဟာ… ဟာ… ခါချဉ်ထုပ်၊ ခါချဉ်ထုပ်။ ပြုတ်ကျပြီ။ ပြုတ်ကျပြီ။ မင်းကြီးပေါ်ကို တည့်တည့်ကြီး ပြုတ်ကျပြီ"

"ဖုတ်"

"အား… အမလေး… အား… လုပ်ကြပါဦး။ လာကြစမ်းပါဦး။ ခါချဉ်တွေ ခါချဉ်တွေ။ အီး… အဲ…အား… နာတယ်။ နာတယ်"

ခါချဉ်ထုပ်၏ လားရာသည် မင်းကြီး၏ ဦးခေါင်းတည့်တည့်ပေါ်ကိုမှ ပြုတ်ကျခဲ့သည်။ ပြုတ်ကျပြီးသကာလ အထုပ်သည် ပွင့်သွားပြီး ခါချဉ်တို့သည် ဦးခေါင်းတွင်းသို့ တိုးဝင်ကြ၏။ နားရွက်တွင်း၊ နှာခေါင်းတွင်း တန်းဝင်ကြ၏။ ပြီးတော့ ကုပ်သားတစ်လျှောက်မှ ရင်ဘတ်အတွင်း။

ရောက်ရှိသည့်နေရာတိုင်း၌ ခါချဉ်မည်သော သတ္တဝါတို့သည် ဤမည်သော ပုဂ္ဂိုလ်ကား ငါတို့ မှီတင်းနေထိုင်သည့် ဤဥယျာဉ်ကြီး၏ အရှင်သခင်ဟူ၍ နားမလည်ခဲ့ကြ။ အသိုက်အမြုံကို လာရောက်ဖျက်ဆီးသူဟု သဘောမှတ်ယူကာ စိတ်ရှိလက်ရှိကိုက်ကြဖွဲ့ကြပါကုန်၏။ မင်းကြီးကား မြေပြင်ပေါ် လူးလျက် ကယ်ပါ ယူပါ တစာစာဖြစ်နေခဲ့လေသည်။ ဤ၌ မထေရ်ရှေ့ရှိ မောင်းမတို့လည်း မင်းကြီးထံရောက်လာကာ ခါချဉ်ကောင်များကို ဖယ်ရှားသလိုလိုနှင့် ဖမ်းမိသော ခါချဉ်ကောင်တို့ကို ကောက်ယူလျက် မင်းကြီး၏ ကိုယ်ပေါ်သို့ မသိမသာ ပြန်တင်ပေးကြကုန်၏။ စင်စစ် မင်းကြီး၏ အကျင့်စရိုက်မှန်ကိုသိ၍ လေးစားမှုဟူ၍ သိပ်မရှိချင်။ မင်းကြီးကလည်း 'မနိုင်င်' ရောက်ဖို့ဆိုလျှင် ပရောပရီနိုင်လွန်းလှသည်မဟုတ်ပါလား။

"ဘယ်လိုများဖြစ်ရတာတဲ့လဲ အရှင်။ တခြားဘုရင်တွေဆိုရင် ရဟန်းတော်တွေကို မတွေ့လိုက်နဲ့။ တွေ့လိုက်တာနဲ့ ရှိခိုး ဖူးမြော်ကြ

ပါတယ်။ သိလိုတာတွေကိုလည်း လျှောက်ထားမေးမြန်းကြပါတယ်။ မင်းကြီးကျမှ အဲသလိုမျိုးမဟုတ်ဘဲ ကိုယ့်ခေါင်းပေါ်ကို ခါချဉ်ထုပ် ဖြုတ်ချရတယ်လို့။ ဘယ်လိုဖြစ်ရတာပါလဲဘုရား"

"တော်တော့။ တော်ကြတော့။ နောက်ထပ် ဘာစကားမှ မပြောကြနဲ့တော့။ အမယ်လေးလေ… နာလိုက်တာ။ ခါချဉ်မို့လို့ ပျားသာတုပ်ရင် ခုလောက်ဆို ကံတော်ကုန်ပြီ။ ကဲ ကဲ.. နန်းတော်ထဲ ပြန်ကြွမယ်"

"အမိန့်တော်မြတ်အတိုင်းပါဘုရား"

သို့ဆိုမိန့်ပြီး နန်းတော်ရှိရာပြန်ကြွမည်အလုပ် ဥယျာဉ်စောင့်ကို ခေါ်ကာ တီးတိုးစကား မှာသွားခဲ့သေးတော့သည်။

မင်းကြီး၏ အပျော်ခရီးကား သည်ကနေ့ကျတော့ ထူးထူးခြား ခြား။

✲

သည်တစ်ခါ ဥယျာဉ်ထဲကြွလာခြင်းကတော့ ယခင်တစ်ခေါက် ကလို မောင်းမမိဿံများနှင့် ဖိမ်ခံဖို့မဟုတ်။ အသက်အရွယ် ပျိုနုပါ လျက် သွေးနှင့်ကိုယ် သားနှင့်ကိုယ်ဖြစ်ပါလျက် ချောမောလှပသော ဣတ္ထိယမိန်းမချောများနှင့် ဆုံသည့်အခိုက် ရင်ကလေးမျှပင် လှုပ်ခုန် ခြင်း မရှိသောအဖြစ်အား သိလိုသောကြောင့်ဖြစ်သည်။ ဘယ်လိုမျိုး မထေရ်ပါလိမ့်။ သည့်အတွက်လည်း ဥယျာဉ်စောင့်အား ထိုမထေရ် ဥယျာဉ်တွင်း ကြွလာပါက ချက်ချင်း သတင်းပို့ရန် အမိန့်ပေးခဲ့သည်။ ခု မထေရ်ရောက်နေပါပြီတဲ့။

သည့်အတွက် ဥဒေနမင်းကြီးသည် အမတ်အပေါင်းခြံရံကာ ဥယျာဉ်တွင်းရောက်ရှိခဲ့ပါချေပြီ။ မထေရ်ကား ဘာမျှ တုန်လှုပ်ခြင်းမရှိ။ သီတင်းသုံးရာအရပ်တွင်ပင် သက်သက်ငြိမ်ငြိမ် ကြွနေ့ရရ။

"အရှင်ဘုရား တပည့်တော် သိလိုသမျှ လျှောက်ထားမေးမြန်းပါရစေဘုရား"

"ခွင့်ပြုပါတယ် မင်းကြီး"

"အရှင်ဘုရား။ ဂေါတမဗုဒ္ဓရဲ့သာသနာတော်တွင်းမှာ နေထိုင်ကြတဲ့ အချို့ရဟန်းကလေးတွေဟာ ပထမအရွယ်မျှသာ ရှိကြပါသေးတယ်။ သူတို့တစ်တွေဟာ ကာမဂုဏ်မခံစားဘဲ ဒီအကျင့်မြတ်ကို ပြည့်ပြည့်စုံစုံ စင်စင်ကြယ်ကြယ်ကျင့်ပြီး ဘာကြောင့် တစ်သက်ပတ်လုံး နေနိုင်ကြပါသလဲ ဘုရား"

"မင်းကြီး။ အရှင်ဂေါတမဘုရားက 'ဘိက္ခုတို့ သင်တို့တစ်တွေဟာ အမိအရွယ်ရှိတဲ့သူတွေရဲ့အပေါ်မှာ အမိဆိုတဲ့ စိတ်ကိုထားကြရမယ်။ နှမအရွယ်ရှိတဲ့သူတွေရဲ့အပေါ်မှာ နှမဆိုတဲ့စိတ်ကိုထားကြရမယ်။ သမီးအရွယ်ရှိတဲ့သူတွေရဲ့အပေါ်မှာ သမီးဆိုတဲ့စိတ်ကိုထားကြရမယ်' ဒီလိုမျိုး ရဟန်းတော်တွေကို ဆုံးမဩဝါဒ ပေးထားပါတယ်။ အဲဒီဆုံးမဩဝါဒအတိုင်း လိုက်နာကျင့်သုံးနေထိုင်ကြတဲ့အတွက် သူတို့တစ်တွေဟာ တစ်သက်ပတ်လုံး လူမထွက်ဘဲ နေနိုင်ကြတာပါပဲ"

"အရှင်ဘုရား။ စိတ်ဆိုတာဟာ လော်လည်တတ်ပါတယ်။ ဖောက်ပြားတတ်ပါတယ်။ ရံဖန်ရံခါ အမိအရွယ်ရှိတဲ့သူတွေရဲ့ အပေါ်

မှာလည်း တပ်မက်မှု ရာဂဖြစ်တတ်ပါတယ်။ နှမအရွယ်ရှိတဲ့သူတွေရဲ့ အပေါ်မှာလည်း တပ်မက်မှုရာဂဖြစ်တတ်ပါတယ်။ သမီးအရွယ်ရှိတဲ့ သူတွေရဲ့ အပေါ်မှာလည်းပဲ တပ်မက်မှုရာဂဖြစ်တတ်ပါတယ်။ ဒီတော့ သူတို့ ဒီလိုနေနိုင်ခြင်းရဲ့အခြားအကြောင်းများရှိပါသေးသလားဘုရား။ ရှိခဲ့ရင် တပည့်တော် သိပါရစေဘုရား"

"အို…ဒကာတော်မင်းကြီး။ အရှင်ဂေါတမဘုရားက 'ဘိက္ခု တို့ သင်တို့တစ်တွေဟာ ဒီခန္ဓာကိုယ်တစ်ခုလုံးကိုပဲ အမျိုးမျိုးအစားစား မစင်မကြယ် ရွံစဖွယ်ဖြစ်တဲ့ ဝတ္ထုတွေနဲ့ ပြည့်နှက်နေတယ်လို့ ရှု ဆင်ခြင်ကြပေတော့။ ဒီခန္ဓာကိုယ်မှာ အင်မတန်ရွံစရာကောင်းတဲ့ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြောအရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။ ဒါတွေသာ ရှိနေပါတကား၊ တပ်မက်စရာကောင်းတာ ဘာတစ်ခုမှ မရှိပါဘူး။ ဒီလို ဆင်ခြင်ရ မယ်'လို့ ရဟန်းတော်တွေကို ဟောပြောထားပါတယ်။ ကိုယ်တော် ကလေးတွေကလည်းပဲ ဟောထားတဲ့အတိုင်း လိုက်နာကျင့်သုံး နေထိုင်ကြပါတယ်။ ဒါကြောင့်လည်း လူမထွက်ဘဲ တစ်သက်ပ နေနိုင်ကြတာပေါ့ မင်းကြီး"

"မှန်လှပါဘုရား။ တကယ်တော့ ဒီကိစ္စ သိပ်မလွယ်ကူတဲ့ ကိစ္စပါ။ အတော်လေး တရားရှုမှတ်ထားတဲ့ ရဟန်းတော်များအတွက်

တော့ လွယ်ကူပါလိမ့်မယ်။ တရားရှုမှတ်မှု အသားမကျသေးတဲ့ ရဟန်းတော်များအတွက်တော့ ခဲယဉ်းလိမ့်မယ် ထင်ပါတယ်။ ရံခါ 'အသုဘ'လို့ နှလုံးသွင်းမယ်ကြံပေမဲ့ 'သုဘ'အနေနဲ့သာ ဖြစ်ပေါ်လာတတ်ပါတယ်။ ဒီတော့ သူတို့ ဒီလို လူမထွက်ဘဲ တစ်သက်ပန်နေနိုင်ခြင်းရဲ့ အခြားအကြောင်းများကော ရှိပါသေးသလားဘုရား"

"ဒကာတော်မင်းကြီး။ ရှင်တော်ဂေါတမဘုရားက 'ရဟန်းတို့ သင်တို့တစ်တွေဟာ မျက်စိ၊ နား၊ နှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ ဣန္ဒြေ (ဒွါရ) ၆ ပါးကို သတိဆိုတဲ့ တံခါးရွက်နဲ့ လုံခြုံအောင် ပိတ်ဆို့နေကြရမယ်'လို့ ဟောပြောထားပါသေးတယ်။ ဟောထားတဲ့အတိုင်းလည်းပဲ သူတို့တစ်တွေဟာ ကျင့်သုံးနေထိုင်ကြပါတယ်။ ဒါကြောင့်လည်း လူမထွက်ဘဲ တစ်သက်ပန် နေနိုင်ကြတာပဲပေါ့"

"အရှင်ဘုရား။ တပည့်တော် သဘောပေါက်ပြီဘုရား။ ရှင်တော်မြတ်ဘုရားဟာ ဒီစကားတော်ကို သိပ်ကောင်းအောင် ဟောထားတာပါပဲ။ ဒီ 'သတိ'ဆိုတဲ့ တရားဟာပဲ သူတို့တစ်တွေ လူမထွက်ဘဲ တစ်သက်ပန်နေနိုင်ခြင်းရဲ့ အကြောင်းပေါ့"

"မှန်ပေတယ် မင်းကြီး"

"အရှင်ဘုရား။ တပည့်တော်ကိုယ်တိုင်လည်းပဲ သတိလွတ်ကင်းပြီး ဣန္ဒြေတွေကို မစောင့်စည်း မပိတ်ဆို့ဘဲ နန်းတော်တွင်းဝင်သွားတဲ့အခါမျိုးမှာ တဏှာရာဂတရားတွေက တပည့်တော်ကို အင်မတန်နှိပ်စက်ကြပါတယ်။ သတိကင်းလွတ်ခွင့်မပေးဘဲ ဣန္ဒြေတွေကို စောင့်စည်း ပိတ်ဆို့လို့ ဝင်သွားတဲ့အခါမျိုးမှာတော့ တဏှာရာဂ

တရားတွေက တပည့်တော်ကို မနှိပ်စက်နိုင်တော့ပါဘုရား။ တပည့်တော် ခုချိန်ကစပြီး 'သတိ'ဆိုတာကို လက်ကိုင်ပြုပါတော့မယ်။ အသက်ထက်ဆုံး သရဏဂုံသုံးပါးကိုလည်း ဆောက်တည်သွားပါမယ်။ တပည့်တော်ကို ဗုဒ္ဓဘာသာဝင် တပည့်ဒါယကာရင်းလို မှတ်ယူ အသိအမှတ်ပြုတော်မူပါဘုရား"

"သာဓု... သာဓု...သာဓု။ ကောင်းပေစွ မင်းကြီး။ မင်းကြီးအပေါ် ငါသည် ယနေ့မှစ၍ တပည့်ဒါယကာရင်းသဖွယ် မှတ်ယူပါ၏။ ဘာသာတရားအပေါ် သက်ဝင်ယုံကြည်ကာ ငါးပါးသီလမြဲလျက် တိုင်းသူပြည်သားအပေါင်းတို့အား မင်းကျင့်တရားဆယ်ပါးနှင့်အညီ ကျင့်ကြံ အုပ်ချုပ်ပါလော့ မင်းကြီး"

"တင်ပါ့ဘုရား။ တပည့်တော် မြေဝယ်မကျ နာခံသွားပါ့မယ်ဘုရား"

သည်ခဏမှာပင် မင်းကြီးနှင့်တကွ မှူးမတ်အပေါင်းက လှူဖွယ် ဝတ္ထုအစုစုတို့အား ဆက်ကပ်လှူဒါန်းပြီးနောက် သာဓုအနုမောဒနာတရားချီးမြှင့်မှုကို နာကြလေသည်။

ပိဏ္ဍောလမထေရ်လည်း မင်းကြီး၏ အလှူဒါနကို အသိအမှတ်ပြု လက်ခံပြီး ပြန်လည်စွန့်ကြဲရစ်ကာ ကောင်းကင်ခရီးသို့ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြန်လည်ကြွမြန်းသွားခဲ့လေတော့၏။ သည်မြင်ကွင်းကို ကြည့်၍ ဥဒေနမင်းကြီးခမျာ အံ့အားသင့်၍မဆုံး။ ကြည်နူးပီတိဖြစ်၍မဆုံး။ သို့ရာတွင် သိပ်တော့ မကြာလိုက်။ 'သတိ'ဆိုသောတရားက သူ့အား ပင့်နှိုးလိုက်သည့်အခိုက် နန်းတော်သို့ ပြန်ကြွလျက် မထေရ်

မှာကြားမိန့်စေလိုက်သည်တို့ကို အကောင်အထည် ဖော်ရမည် ဖြစ်ကြောင်း သဘောပေါက်ခဲ့ပါချေပြီ။

အပြန်ခရီးသည် မင်းကြီးအတွက် ငြိမ်းငြိမ်းချမ်းချမ်း။

◆

(၂၀၀၃၊ နွန်လ၊ မဟာမြိုင်မဂ္ဂဇင်း)

ကျမ်းကိုး

❖ အရှင်ကုမာရ၏ သာသနာတော်မှာနေထိုင်ခြင်း (စာ–၁၇၁/၁၇၆)

# သံတွေခဲ

သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ဆိုသည်မှာ ဒါပဲဖြစ်မည်ထင်သည်။

ခုလိုမျိုး ဝါဝင်တော့မည်၊ ဝါကပ်ကြရတော့မည်ဆိုတော့ ရဟန်းတို့သည် ကိုယ်နှင့်စရိုက်တူရာကို သင်းဖွဲ့လျက် သီတင်းသုံးမည့်နေရာကို ရွေးချယ်ကြရတော့သည်။

သည်မှာတင် ဝဇ္ဇီတိုင်း၌ သီတင်းသုံး ဝါကပ်ကြကုန်သောရဟန်းတို့အဖို့ အခက်အခဲနှင့်ကြုံလာရချေ၏။ ထိုအခက်အခဲကား
ငတ်မွတ်ခေါင်းပါးမှုနှင့် ရင်ဆိုင်ကြုံတွေ့ကြရသော အခက်အခဲတည်း။
ခါတိုင်းနှစ်တွေကဆိုလျှင် ဝဇ္ဇီတိုင်းသည် ထိုသို့မှမဟုတ်ပါဘဲကလား။
မိုးလေဝသ ရာသီဥတုမှန်ကန်မှု၊ စိုက်ပျိုးရေလုံလောက်စွာရရှိမှု၊ ပိုးမွှားအဖျက်ရန်မှကင်းဝေးမှုတို့ကြောင့် လယ်ယာကိုင်းကျွန်းတို့သည်

ဖြစ်ထွန်းအောင်မြင်ခဲ့ကုန်၏။ တိုင်းသူတိုင်းသားတို့အနေဖြင့် စေတနာ သဒ္ဓါတရားနှင့် ပြည့်စုံသည်ဖြစ်လေရကား သာသနာ့ဝန်ကို ထမ်းဆောင်နေကြကုန်သော ရဟန်းသံဃာတော်တို့အတွက် ဆွမ်း၊ ကွမ်းကိစ္စသည် အလျှံပယ်။

သည်နှစ်မှာတော့ဖြင့် သည်လိုမျိုးဟုတ်ပါသေးရှော့လား။

မိုးကလည်း ခေါင်လှပါဘိခြင်း။ မွသော ယာမြေတို့သည် သွန်းလောင်းစရာ ရေမရှိသောကြောင့် ကျစ်ကျစ်ခဲခဲ။ ပျိုးစေ့တို့သည် အညွန့်အညှောင့်မထွက်။ သည်ကြားထဲ ကံအားလျော်စွာ ကိုက်ပြူလာသော အပင်ကလေးများမှာလည်း ပိုးမွှားဘေးရန်က မကင်းလွတ်ချင်။ သည်တော့ သည်နှစ်အဖို့ရာ၌ ဝဋ္ဋီတိုင်းအဖို့ သရောကြီးခိုင်းလိမ့်မည်မှာ သေချာသလောက်ရှိလေသည်။

ရဟန်းသံဃာတို့မည်သည် ပစ္စည်းလေးပါးအပေါ် အမှီသဟဲပြုနေကြရသည်မို့ ထိုသို့သော အဖြစ်မျိုးကြုံလာပါက ကြီးစွာသော အခက်အခဲတွေ တွေ့ကြုံရတော့သည်။

ခုလည်း ဝဋ္ဋီတိုင်းရှိ ဝဂ္ဂုမုဒါမြစ်ကမ်းနံဘေး၌ ဝါဆိုဝါကပ်ကြသော ရဟန်းတွေအဖို့ ရေ့ဆက်စခန်းသွားရမည့်ကိစ္စအတွက် ခေါင်းခဲရချေတော့သည်။ ဤ၌ အစုနှစ်စု ကွဲသည်။ ထိုအစုနှစ်စုအဖို့ ဘာတွေများ တိုင်ပင်နေကြပါသနည်း။

✲

"ဆွမ်း၊ ကွမ်းကိစ္စအတွက် ဘယ်လိုလုပ်ကြရင် ကောင်းမလဲ ငါ့ရှင်တို့။ တို့များအဖို့ ဒီကမ်းနံဘေးမှာ ဝါဆိုကြပြီဆိုတော့ကာ အစားအသောက်ပေါကြွယ်တဲ့ တခြားနေရာကိုလည်း ပြောင်းရွှေ့ဖို့ရာ မဖြစ်ချေဘူး"

"ဟုတ်ပါရဲ့။ အစကတည်းက ဝဇ္ဇီတိုင်းမှာ ဒီလိုမျိုးအငတ် ဘေးကြုံမယ်ဆိုရင် တခြားကောင်းတဲ့ နေရာတစ်ခုခုကို ရွေးချယ် လိုက်မိမှာပဲ။ ခုတော့ လွန်ကုန်ပြီ။ ဟူး… စိတ်ညစ်ပါတယ်ကွယ်။ အာဟာရမပြည့်စုံရင် ဘယ်လိုလုပ်ပြီး တရားကောင်းကောင်းမှတ်နိုင် မှာတဲ့လဲ"

"နေဦး။ နေကြပါဦး ငါ့ရှင်တို့ရယ်။ အားလုံး ချမ်းတောင့် ချမ်းသာဖြစ်အောင် ကြံဆောင်နိုင်တဲ့ နည်းတွေ ရှိပါတယ်။ လိုလျှင် ကြံဆ နည်းလမ်းရတဲ့"

"ဟုတ်ပါပြီကွယ်။ ဟုတ်ပါပြီ။ ကဲ… ပြောစမ်းပါဦး။ ဘယ်လိုမျိုးလုပ်ရကိုင်ရမယ့် နည်းတွေလဲဆိုတာ"

"သိပ်ခက်ခက်ခဲခဲတော့ မဟုတ်ပါဘူး ငါ့ရှင်တို့။ တစ်ခုတော့ ရှိတယ်။ ငါတို့က လူတွေနဲ့မတူဘူး။ လူတွေထက် အများကြီးသာလွန် မြင့်မြတ်တယ်ဆိုတဲ့ ကိန်းတော့ မခံလေနဲ့။ ဒီအချိန်မှာ ဘာအရေး ကြီးဆုံးလဲ။ ဆွမ်းကို ဝဝလင်လင်နဲ့ မှန်မှန်ကြီးစားရဖို့ကိုပဲ အဓိက ထားရမှာ။ ဆိုတော့ကာ ငါ့ရှင်တို့အနေနဲ့ လူတွေနဲ့ပတ်သက်တဲ့ အမှု ကြီးငယ်တွေကို ဆောင်ရွက်ရမှာပဲ။ ဒါမှလည်း ဆွမ်းဒကာတွေက ကြည်ဖြူကြမှာ မဟုတ်လား"

"ဟား… ဟုတ်တယ်ငါ့ရှင်။ ဟုတ်တယ်"

"ဒါ့အပြင် လူတွေ ခိုင်းစေတာကို လုပ်ဆောင်ပေးရမယ့် စေတမန်အဖြစ် အမှုကိစ္စတွေဆောင်ရွက်ပြီး ဆွမ်းရဖို့ ဖန်တီးရမှာပဲ"

"ဒါလည်း မဆိုးပါဘူး။ အခြေအနေအရ ဆွမ်းပြည့်စုံဖို့ အတွက် လုပ်သင့်ရင် လုပ်ရမှာပါပဲ။ ဒါထက် သူ့ထက်များ ကောင်း လေမလားလို့ စဉ်းစားမိတာရှိတယ်"

"လုပ်စမ်းပါဦး။ ဘာများလဲ။ ကောင်းတာမှန်သမျှ လုပ်ဖို့ရာ အသင့်ပဲ"

"အင်း… လုပ်ရမှာကတော့ ငါ့ရှင်တို့ အချင်းချင်း တစ် ယောက်ဂုဏ်ကို တစ်ယောက်က တင်ပေးကြဖို့ပါ"

"ဘယ်လိုများ တင်ရမှာတုံး ငါ့ရှင်ရဲ့။ ရှင်းရှင်းလင်းလင်း ဖြစ်သွားအောင် တည့်ပဲ ပြောချလိုက်စမ်းပါ"

"ဒါက တစ်ယောက်ကိုတစ်ယောက် ဈာန်မဂ်ဖိုလ်ရနေတယ် ဆိုတဲ့ အကြောင်း ဒကာတွေ သတိထားမိဖို့ ဘေးတီးပေးရမယ့်ကိစ္စ ပါပဲ။ ဒကာတွေဆိုတာ သူတို့ကိုးကွယ်ဆည်းကပ်တဲ့ ရဟန်းတွေအပေါ် မြင့်မြင့်မားမား မြင်ချင်ကြတာ မဟုတ်ဘူးလား။ ဆိုတော့ ဟိုကိုယ် တော်ဟာ ပထမဈာန်ရနေတဲ့ ပုဂ္ဂိုလ်၊ ဒီကိုယ်တော်ဟာဖြင့် ဒုတိယ ဈာန်ရနေတဲ့ ပုဂ္ဂိုလ်၊ ဟောဟိုကိုယ်တော်လား၊ အဲဒါ တတိယဈာန် ရနေတဲ့ပုဂ္ဂိုလ် စသဖြင့်ပေါ့လေ။ စတုတ္ထဈာန်တွေ၊ သောတာပန်တွေ၊ သကဒါဂါမ်တွေ၊ အနာဂါမ်တွေ၊ ရဟန္တာတွေ စသဖြင့် တစ်ပါးကို တစ်ပါး မြှောက်ပေးရမယ်။ အဲဒီအခါ လူတွေဟာ ကြည်ညိုပြီး

သူတို့စားမယ့်ဟာ မစားရက်တော့ဘဲ ငါတို့ကို တမွန်တမြတ် လာဆက်ကပ်ရင် စိုစိုပြည်ပြည်ဖြစ်မသွားဘူးတဲ့လား"

"ဟား… ဟုတ်တယ်။ မှန်တယ်။ ဒီအကြံလည်း မဆိုးဘူး။ ဒီတော့ ငါ့ရှင်တို့အနေနဲ့ လူတွေရဲ့ အမှုကြီးငယ် လုပ်တဲ့သူက လုပ်ကြ၊ လူတွေရဲ့ စေတမန်အဖြစ် ဆောင်ရွက်တဲ့သူက ဆောင်ရွက်ကြ၊ တစ်ပါးကိုတစ်ပါး ဂုဏ်တင်ပြီး လူတွေ ထင်ယောင်ထင်မှားဖြစ်အောင် လုပ်တဲ့သူက လုပ်ကြ။ ဒါဆိုရင် ဒီဝါတစ်ဝါအတွက်တော့ ဆွမ်းကို ဝဝလင်လင်သုံးဆောင်ရလိမ့်မယ်"

ထိုရဟန်းအစုကား ပြောသလို လုပ်ကြ၏။ တရားအားထုတ်မှု ကိစ္စထက် အချိန်တန်လျှင် အစာအိမ်အဆာမချောင်ရန်အရေးအတွက် ဝါယမစိုက်ခဲ့ကြသည်မို့ မသိနိုးနားလူအပေါင်းအတွက်တော့ အဆိုပါ ရဟန်းအစုသည် ကြည်ညိုဖွယ်ရာအတိ ဖြစ်ခဲ့ရချေသည်။ လူတို့သည် ငှင်းတို့ခြစ်ခြစ်ကုတ်ကုတ်နှင့် စားမည့်သောက်မည့်အထဲမှ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို လှူဒါန်းကြကုန်၏။ ထိုအခါဝယ် ဝဂ္ဂုမုဒါ မြစ်ကမ်းနံဘေးမှ 'ဉာဏ်သွားလှသော'ရဟန်းအစုအဖို့ ကြည်လင်သော၊ လန်းဆတ်သော၊ စိုပြည်သော၊ တောင့်တင်းသော ခန္ဓာကိုယ်ပိုင်ရှင်တွေ ဖြစ်နေကြလေ၏။

သည်၌ ထိုရဟန်းအစုနှင့် ဆန့်ကျင်ဘက် ရဟန်းအစုရှိ၏။ သူတို့သည် လူတို့၏အမှုကြီးငယ်ကို မလုပ်ကြ။ လူတို့၏ စေတမန်လည်း အဖြစ်မခံ။ အချင်းချင်းကိုလည်း မည်သို့မျှ မပင့်မြှောက်။ သည်တော့လည်း ဒကာတွေအဖို့ ဆန္ဒရှိမှသာ လာရောက် ဆွမ်း

ဆက်ကပ်ကြသည်မို့ ဆွမ်း၊ ကွမ်းဟူသည် ချို့ချို့ငဲ့ငဲ့။ တစ်ခါတစ်ရံ ဆွမ်းမရသော ရက်များ၌ သပိတ်ကို ရေဖြင့်ကျင်းလျက် ရေဆွမ်းကို ဘုဉ်းပေးရသည့် ရက်များပင် ရှိပါသေးတော့။ သူတို့အဖို့ ဆွမ်းအာဟာရထက် တရားအာဟာရကိုသာ တောင့်တကြသည်ဖြစ်ရကား ဤဝါတွင်းကာလ၏ အနှားသတ်ရက်များဆီသို့ ချဉ်းကပ်လာသော အခါဝယ် ကြုံလှီသော၊ ဖျော့တော့သော၊ မွဲခြောက်သော၊ ယိမ်းယိုင်သော ခန္ဓာကိုယ်ပိုင်ရှင်တွေ ဖြစ်မှန်းမသိ ဖြစ်လာကြကုန်၏။

ရှက်စွယ်တော်ပင် ဖြစ်သော်ငြား အလှာ၏ သရုပ်ကား ဆန့်ကျင်ဘက်။

❋

ဝါလ ကင်းလွတ်ခဲ့ပေပြီ။

ဤတွင် ဝါမှ ထမြောက်ကြကုန်သော ရဟန်းတို့သည် ဂေါတမဘုရားရှင်ထံမှောက်အရောက်သွားကြကာ ဖူးမြော်လေ့ရှိစမြဲ ဖြစ်ကြသည်။ ဂေါတမဘုရားရှင်ကား ဝေသာလီပြည်အနီး မဟာဝုန်တောတွင် သီတင်းသုံးစံပယ်တော်မူလျက် တပည့်သံဃာတော်တို့၏ လာရောက်ဖူးမြော်မှုကို ခံယူရင်း ဝမ်းမြောက်ပီတိ ဖြစ်ရချေသည်။

ဤ၌ လာရောက်ဖူးမြော်ကြကုန်သော အာဂန္တုရဟန်းတို့အား 'ကျန်းမာပါ၏လော။ ညီညွတ်ပါ၏လော။ ဆွမ်း၊ ကွမ်း မပင်မပန်းရှိပါ၏လော'စသည့် အမေးတို့ကို မေးတော်မူ၏။ သိတော်မူလျက်နှင့် မေးလေ့ရှိသလို၊ သိတော်မူလျက်နှင့် အမေးအမြန်း မပြုသည့်အခါ

လည်း ရှိ၏။ လိုအပ်လျှင် တရားကိုဟော၍ သိက္ခာပုဒ်ကိုလည်း ပညတ်တော်မူ၏။

ခုလည်းပဲ ဝဇ္ဇီတိုင်းမှ ရဟန်းတော်အစုနှစ်စုသည် ဂေါတမ ဘုရားရှင်ကို ဖူးမြော်ရန်အလို့ငှာ ဘုရားရှင်ထံမှောက်ရောက်လာခဲ့ ကြသည်။ တစ်စုသည် ပိန်လှီဖျော့တော့သော တစ်စုဖြစ်၍ ကျန်တစ်စု ကား စိုပြည်တောင့်တင်းသော တစ်စု ဖြစ်ချေ၏။ သည်ကတည်းက ဘုရားရှင်သည် အလုံးစုံကို သိမြင်လိုက်ချေပြီ။ သို့သော်ငြား အခြား အခြားသော ရဟန်းသံဃာပရိသတ်တွေပါ သိကြစေရန်အလို့ငှာ အမေးစကား ဆိုရပါချေ၏။ ပထမအမေးအမြန်းရှိကုန်သော အစုကား ပိန်လှီဖျော့တော့သော အစု ဖြစ်လေသတည်း။

"ချစ်သားတို့ ကျန်းမာပါ၏လော။ ညီညွတ်ပါ၏လော။ ဆွမ်း၊ ကွမ်း မပင်မပန်း ချမ်းသာစွာ ရရှိပါ၏လော"

"အရှင်ဘုရား။ တပည့်တော်တို့၏ ကျန်းမာရေး သိပ်မကောင်း ပါ။ ညီညွတ်မှုလည်း သိပ်မရှိပါ။ ဆွမ်း၊ ကွမ်းလည်း ဆင်းရဲရှားပါး ပါ၏။

သို့သော်ငြား ထိုအမှုကိစ္စတို့ကို အလေးအနက်မထားဘဲ ရရှိ သည့် ဆွမ်း၊ ဆွမ်းမရလျှင် ရေဆွမ်းဖြင့်သာ တင်းတိမ်ရောင့်ရဲလျက် အရှင်ဘုရားပေးအပ်သော ကမ္မဋ္ဌာန်းတရားတို့ကို စိုက်လိုက်မတ်တတ် အားထုတ်ပါသည်ဘုရား"

"သာဓု... သာဓု... သာဓု... ကောင်းပါလေစွ။ ကောင်း လေစွ ချစ်သား"

ထိုသို့ မြွက်ကြားတော်မူပြီးသည့်နောက် ဒုတိယအစု ရဟန်းတော်တို့ကိုလည်း အထက်ပါအတိုင်းပင် အမေးစကားတော်ပြုခဲ့သည်။

"အရှင်ဘုရား။ တပည့်တော်တို့၏ ကျန်းမာရေးကား ဒေါင်ဒေါင်မြည်အောင် ကောင်းပါ၏။ သွေးလေ ညီညွတ်မျှတမှုလည်း ရှိပါ၏။ ဆွမ်း၊ ကွမ်းလည်း ပြည့်စုံလုံလောက်ပါ၏"

"ချစ်သားတို့။ သင်တို့ သီတင်းသုံးရာနှင့် စောစောက အမေးအမြန်းရှိခဲ့သော ချစ်သားတို့၏ သီတင်းသုံးရာနေရာမှာ ဝေါ်မွတ်ခေါင်းပါးဘေး ဆိုက်ရောက်နေကုန်သော ဝဇ္ဇီတိုင်း၌ရှိသော်ငြား ဆွမ်း၊ ကွမ်းကို မပင်ပန်းဘဲ ချမ်းသာစွာ မည်သို့ရရှိလေသနည်း"

ဤ၌ စိုပြည်တောင့်တင်းသော ရဟန်းတို့သည် တစ်ပါးကိုတစ်ပါး ပြုံးရိပ်ပြုံးယောင်သမ်းသော အကြည့်ဖြင့်ကြည့်လျက် ဉာဏ်ကောင်းလှစွာသော မိမိတို့အား ဘုရားရှင်မှ ချီးမွမ်းပေတော့မည်ဟု တွေးဆကာ ၄င်းတို့ တိုင်ပင်ညီညွတ်လုပ်ကြံမှုတို့ကို မခြွင်းမချန်ဖွင့်ဟ ဝန်ခံလိုက်ပေရာ မဟာဝုန်တောရှိ ရဟန်းသံဃာအသီးသီးမှာ ပါးစပ်အဟောင်းသား ဖြစ်သွားကြချေတော့၏။

"ချစ်သားတို့။ သင်တို့၌ ဈာန်မဂ်ဖိုလ်တရားသည် တကယ်ပင်ရှိကြပြီလော"

"အရှင်ဘုရား။ တပည့်တော်တို့မှာ မည်သည့်ဈာန်မဂ်ဖိုလ်တရားမှ မရှိကြပါ။ တရားကို ငြိမ်းချမ်းစွာ အားထုတ်ရန်မှာလည်း ဆွမ်း၊ ကွမ်းပြည့်စုံရေး၌ အာရုံစိုက်နေရသဖြင့် မဖြူးဖြောင့်ခဲ့ပါဘုရား"

"ချစ်သားတို့။ သင်တို့ကား မိမိတို့၏ တစ်ဝမ်းတစ်ခါးကိစ္စအတွက် စက်ဆုပ်ရွံရှာဖွယ်အမှုကို ပြုရဲကြ၏။ ပြုခဲ့ကြ၏။ သည့်အတွက် ငါဘုရားရှင်မှ ရှုတ်ချကဲ့ရဲ့တော်မူ၏"

ဟူ၍ စကားကို မိန့်ကြားလိုက်သည့်အခိုက် စိုပြည်တောင့်တင်းကြကုန်သော ရဟန်းအစုအဖို့ ခေါင်းပင် မဖော်ရဲကြတော့။ ရဟန်းသံဃာထုအလယ်၌ အရှက်တော်ကွဲရလေပြီတကား။ ထိုခဏ ဘုရားရှင်ထံမှ ဂါထာရင့်ကျူးသံကို ကြားနာလိုက်ရချေသည်။

"သေယျော အယောဂုဠော ဘုတ္တော။

တတ္တော အဂ္ဂိသိခူပမော။

ယဉ္စေ ဘုဉ္ဇေယျ ဒုဿီလော။

ရဋ္ဌ ပိဏ္ဍမ သညတော့။

ချစ်သားတို့။ အကျင့်သီလပျက်၍ ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးကို မစောင့်စည်းသော ရဟန်းသည် လူတို့၏ သဒ္ဓါကြည်ဖြူပေးလှူသော ဆွမ်းကို စားရလျှင် ထိုလှူသော ဆွမ်းကို စားရသည်ထက် မီးလျှံကဲ့သို့ ပူလောင်ပြင်းပြစွာသော သံတွေခဲကို စားရခြင်းသည် သာ၍ မြတ်သေးသည်တကား"

ဟူသည့် တရားဒေသနာတော်အဆုံးအမစကား အနားသတ်လိုက်ချိန်ဝယ် ကြားနာရကုန်သော ရဟန်းသံဃာများစွာအဖို့ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ကြလေကုန်သတည်း။

(၂၀၀၃၊ ရှုလိုင်၊ မဟာမြိုင်မဂ္ဂဇင်း)

ကျမ်းကိုး

❖ (ဓမ္မပဒ၊ နိရယဝဂ် သုံးခုမြောက် ဝတ္ထု)

ယမင်းစာပေ

## စွဲသူ၏ လမ်း

နေမွန်းတည့်ချိန် ရောက်ပေပြီ။

ခါတိုင်းနေ့တွေဆိုလျှင်ဖြင့် နေမွန်းမတည့်မီအချိန်များ၌ ဘုရားရှင်သီတင်းသုံးရာ သာဝတ္ထိပြည် ဇေတဝန် ရွှေကျောင်းတော်သို့ ပသေနဒီကောသလမင်းကြီးအနေဖြင့် ရောက်နေကျဖြစ်သည်။ ဟော… ဒီကနေ့ကျတော့ မည်သို့သော အကြောင်းရင်းခံကြောင့် အချိန်နောက်ကျမှ ရောက်လာခဲ့ရပါသနည်း။

"အရှင်ဘုရား။ တပည့်တော် ဒီကနေ့ နောက်ကျရခြင်း အကြောင်းရင်းကို လျှောက်ထားပါရစေဘုရား။ ဒီမနက်ပိုင်းလောက်မှ သာဝတ္ထိပြည်က 'အပုတ္တက' မည်တဲ့ သူဌေးတစ်ဦး သေလွန်သွားပါ တယ်ဘုရား။ သူ့မှာ အမွေဆက်ခံဖို့ သားသမီးရတနာ တစ်ဦးတလေမျှ မရှိတာကြောင့် ကျန်ရစ်တဲ့ပစ္စည်းမှန်သမျှ မင်းဘဏ္ဍာအဖြစ် သိမ်းယူနေရတဲ့အတွက် အခုလို အရှင်ဘုရားရှေ့မှောက် ဝင်ရောက်တဲ့ကိစ္စ နောက်ကျသွားရခြင်း ဖြစ်ပါတယ် အရှင်ဘုရား"

အကြောင်းစုံကို လျှောက်ထားလာလေတော့ ဂေါတမဘုရားရှင်လည်း မင်းကြီးအား ခွင့်လွှတ်သော အကြည့်ဖြင့် လှမ်းခြံလိုက်လေသည်။ မင်းကြီးက သူ လျှောက်တင်လိုသောအကြောင်းအရာတို့ကုန်စင်ဟန် မတူသေး။

"အရှင်ဘုရား။ အပုတ္တကသူဌေးဟာ ဘယ်လို လူစားမှန်းလို့ပြောရခက်လောက်တဲ့ ပုဂ္ဂိုလ်ပါပဲလား ဘုရား"

"ဘာ့အတွက်ကြောင့် ထိုသို့ ပြောရသနည်း မင်းကြီး"

"တင်ပါ့ဘုရား။ အပုတ္တကဟာ သူ့မှာ ပစ္စည်းဥစ္စာများပြားစွာရှိပေမဲ့ အစားအစာကို စားသောက်တဲ့အခါ ကောင်းတဲ့အရသာရှိတဲ့အစားအသောက်တွေကို စားသောက်သုံးဆောင်ခြင်း မပြုပါဘူးဘုရား"

"ဒါတင်ပဲလား မင်းကြီး"

"မကပါ ဘုရား။ အပုတ္တကဟာ ပြောခဲ့သလိုပဲ ဆန်ကွဲထမင်း၊ ပအုံးရည်ဟင်းလောက်ကိုသာ မက်မက်မောမောစားသလို အဝတ်အစားဝတ်ဆင်တဲ့အခါမှာလည်း အကြမ်းတကာ့အကြမ်းဆုံးချည်နဲ့ ရက်လုပ်ထားတဲ့ ပုဆိုးကြမ်းကိုသာ ဝတ်ဆင်ပါတယ် ဘုရား။ ကောင်းမွန်မြင့်မြတ် ရွှေဘီးတပ်တဲ့ရထားကို စီးနင်းနိုင်ပါလျက်ဟောင်းနွမ်းဆွေးမြည့်တဲ့ လှည်းငယ်နဲ့သာ သွားလာသမှု ပြုပါတယ်ဘုရား။ ရွှေထီးကိုဆောင်းနိုင်ပါလျက် ရွှေထီးမဆောင်းဘဲ သစ်ရွက်ထီးကိုသာ ဆောင်းပါတယ်ဘုရား။ အဲဒီလိုမျိုး မစားရက် မသုံးရက်နဲ့ထားခဲ့သမျှ ဥစ္စာပစ္စည်းတွေမှန်သမျှ အမွေစားအမွေခံရယ်လို့ မရှိတာမို့

တပည့်တော်လည်း မင်းဘဏ္ဍာအဖြစ် သိမ်းပိုက်လိုက်ရပါတယ် ဘုရား"

"အရှင်ဘုရား။ အဲဒီအပုတ္တကသူဌေးဟာ အတိတ်ဘဝတုန်းဆီက ဘယ်လိုမျိုးကံတွေ ပြုဖူးခဲ့လို့ ခုလိုမျိုး ဖြစ်ရတာတဲ့လဲ ဘုရား"

ဒီလိုမျိုး လျှောက်ထားတောင်းပန်လာလေတော့ ဂေါတမဘုရားရှင်လည်း ပသေနဒီမင်းကြီးနှင့်တကွတရားနာပရိသတ်အပေါင်းဆင်ခြင်သံဝေဂရစေရန်အလို့ငှာ ရှေးအတိတ်ကံ၏ရုပ်လွှာတို့အား ခြယ်ရေးပြလိုက်လေတော့သတည်း။

✵

အတိတ်၏ ကာလတစ်ခု၌ အပုတ္တကသည် သူဌေးတစ်ဦးပင်ဖြစ်ခဲ့ချေ၏။ ရွှေမရှား၊ ငွေမရှား၊ စိန်မရှား ပေါကြွယ်ချင်တိုင်းပေါကြွယ်ပြား သူ့အစ္ဆတ္တရင်တွင်းမှာတော့ သဒ္ဓါတရားက ချို့တဲ့နေခဲ့သည်။ သူ သဒ္ဓါတရားချို့တဲ့သလောက် သူ့အိမ်သူ သူဌေး ကတော်ကမူ အလှူရေစက် လက်နှင့်မကွာလိုသူ ဖြစ်ချေ၏။

တစ်နေ့။ အဲဒီတစ်နေ့ကား သူဌေးကတော်၏ နားဝယ်မယုံနိုင်စရာ စကားတစ်ခွန်းကို ကြားလိုက်ရသည်။ ကြားစက ဟုတ်မှဟုတ်ပါရဲ့လားဟု သံသယဖြစ်မိချေသေးသည်။ ဟုတ်သည်လေ။ လှူဒါန်းရမည်ကို လေသံသဲ့သဲ့ကလေးမျှပင် မကြားလိုသောခင်ပွန်းသည်၏ နှုတ်ဖျားမှ···

"ရှင်မရေ ဟောဟိုမှာ 'တဂရသိခီ ပစ္စေက ဗုဒ္ဓါတစ်ပါးကြွလာတယ်ဟေ့။ ဆွမ်းတွေ ဘာတွေ လှူလိုက်ပါဟေ့"

ဟူ၍ ပြောဆိုပြီး အပြင်သို့ ကိစ္စတစ်ခုနှင့် ထွက်သွားခဲ့ရေ
သည်။ သူဌေးကတော်ကား နဂိုကတည်းက သဒ္ဓါစိတ်ရှိခဲ့ပြီးသား
အပေါ် ယခုလိုမျိုး အိမ်ဦးနတ်က ကြည်ကြည်သာသာ ခွင့်ပေးသည်ဆို
တော့ အာဘယ်မှာလျှင် ကြည်နူးဝမ်းမြောက်ခြင်းမဖြစ်ဘဲ နေနိုင်မှာ
တဲ့နည်း။

ဒီတော့ ပစ္စေကဗုဒ္ဓါ၏သပိတ်ကိုယူကာ မွှန်မြတ်လှစွာသော
ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို အလျှံပယ် လှူဒါန်းလိုက်လေတော့သည်။

တိုက်ဆိုင်ချင်၍လားတော့ မသိ။

လမ်းခရီးတစ်နေရာ၌ ပစ္စေကဗုဒ္ဓါနှင့် အိမ်ရှိရာ ပြန်လာသော
သူဌေးတို့ ဆုံမိကြချေသည်။

"ခဏကလေး ဘုရား။ ခဏ ခဏ"

တစ်လှမ်းချင်း ကြွလာသည့် ပစ္စေကဗုဒ္ဓါကို ခေတ္တဆိုင်းငံ့ရန်
မေတ္တာရပ်ခံလျက် သူဘာလုပ်သည် ထင်ပါသနည်း။ သူသည် သပိတ်
အဖုံးကို ဖွင့်သည်။ သပိတ်တွင်းမှ ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို ကြည့်
သည်။ သည့်နောက် မျက်စိမျက်နှာအကြီးအကျယ်ပျက်လျက် သပိတ်
အဖုံးကို ပြန်ပိတ်ကာ သူ့အိမ်ဂေဟာရှိရာသို့ ခြေလှမ်းကြဲကြီးများဖြင့်
လှမ်းလာခဲ့လေသည်။ လမ်းမှာတော့ အတွေးတွေက လှုပ်ရှားမှု
အဟုန်ဖြင့် ပလုံစီလျက်။

"တောက်... ဒီလောက်ကောင်းတာတွေကို ထည့်လှူ
သလား။ ဟင်း... ဗိုင်းတာမတော့ အိမ်ပြန်ရောက်မှတွေ့မယ်
ဘယ့်နှယ်ဗျာ။ တော်ရုံသင့်ရုံပေါ့။ ကိုယ်စားသလို လှူပေါ့။ ဟွန်း...
ခုတော့ ကောင်းပေ့ညွန့်ပေ့ဆိုတာတွေကိုမှ ရွေးပြီးလှူသတဲ့"

"အဲဒီလောက်ကောင်းတာတွေကို ငါ့အလုပ်သမားကျေးကျွန်တွေကို ချကျွေးကြည့်ပါလား။ ကျေးဇူးတွေ တောင်ပုံရာပုံမက တင်ပြီး ငါ့အလုပ်မှန်သမျှ အားကြိုးမာန်တက် လုပ်ပေးလိုက်ကြမယ့် ဖြစ်ခြင်း ဟင်း…ဟင်း… တောက်။ ခုတော့ဗျာ… ဒီလောက်ကောင်းတာတွေကို ဒီရဟန်းက တစ်နေရာရောက်ရင် အေးအေးဆေးဆေးတစ်ဝကြီး စားသောက်မယ်။ ပြီးရင် အဆီယစ်ပြီး တခေါခေါအိပ်နေမှာ သေချာတယ်။ ကဲ… ဘယ်မလဲ။ ငါတို့အတွက် အကျိုးရှိတာ"

ရင်ထဲမှာ ဒေါသတွေက တလိပ်လိပ်။ တိမ်တောင်တိမ်ရိပ်တွေနှင့် မခြား။ ဒီဒေါသကြောင့်ပင် သူ့အမှားတွေကို အမှားမှန်း မသိနိုင်လောက်အောင် ကျူးလွန်မိခဲ့တော့သည်။ တကယ်ဆို ဘဝတစ်ပါးသို့ တိမ်းပါးသွားခဲ့ပြီဖြစ်သော အစ်ကိုကြီးနှင့်ပတ်သက်၍ ကျန်ရစ်သူတစ်ဦးတည်းသော သားကလေး။ သူ့အနေနှင့် တူတော်သော ကလေးအား စောင့်ရှောက်ရမည့်အစား အမွေဥစ္စာပစ္စည်းတို့ကို လိုချင်ဇောဖြင့် ဘယ်သူဘယ်ဝါမှ မရိပ်မိအောင် ပိပိရိရိလုပ်ကြံခဲ့သည်။ ရက်စက်မှုအပေါင်းကိုဖြင့် သရဖူသဖွယ် သဘောထားခဲ့လေသလား။

❋

"ဒကာမင်းကြီး။ လောက၌ ကုသိုလ်ကံ၊ အကုသိုလ်ကံဟူသည် ပြုမိသူ၏ နောက်၌ လှည်းဘီးပမာ မကွာထက်ကြပ် လိုက်တတ်စမြဲဖြစ်၏"

"အပုတ္တကသည် ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူကုန်လော့ဟု တိုက်တွန်းနှိုးဆော်သော ကုသိုလ်ကမှုကြောင့် ခုနစ်ကြိမ်တိုင်တိုင်

နတ်ပြည်သို့ ရောက်၏။ ထိုကုသိုလ်ကမ္မ၏ အကျိုးအကြွင်းဖြ
သာဝတ္ထိပြည်၌ ခုနစ်ကြိမ်တိုင်တိုင် သူဌေးဖြစ်ခဲ့ပါသေး၏"

"သို့သော်ငြား လှူဒါန်းခဲ့ပြီးကာမှ နှလုံးမသာမယာဖြ
စိတ်ကွက်သည့်အဖြစ်က အကုသိုလ်ကမ္မဖြစ်ကာ သူဌေးအဖြစ်သ
ရောက်သော်ငြား မွန်မြတ်သော ဘောဇဥ်ထမင်းကိုစားခြင်း၌ စိတ
မပါနိုင်။ ကောင်းသော အဝတ်၊ ကောင်းသော ယာဉ်၊ ကောင်
သော အသုံးအဆောင်တို့ကို အသုံးပြုခြင်း၌ စိတ်မပါနိုင်။ ထို့ဖြ
အစ်ကိုဖြစ်သူ၏ တစ်ဦးတည်းသော သားကို သတ်ခဲ့သည့် မကောင်း
ကံကြောင့် ငရဲ၌ အနှစ်တစ်သိန်းပတ်လုံး ကျရောက်ခံစားခဲ့ရပြ
ထိုမကောင်းမှုကံကြောင့် သားသမီးမရဘဲ ဤဥစ္စာပစ္စည်းတို့က
မင်းဘဏ္ဍာအဖြစ် ထားခဲ့ရခြင်း ဖြစ်တော့၏"

"ဒကာမင်းကြီး၊ ထိုသူဌေးကား ရှေး၌ပြုခဲ့သော ကုသိုလ
ကောင်းလည်း ကုန်ခန်းခဲ့လေပြီ။ နောက်အတွက် ကုသိုလ်လည
မပြုလုပ်ခဲ့။ သို့ဖြစ်၍ ယခုအခါတွင် ၎င်းသည် မဟာရောရုဝငရဲကြီး
ကျရောက်ခံစားနေရတော့၏"

"အရှင်ဘုရား၊ အပုတ္တကသည် ဤမှုလောက် ချမ်းသာပ
လျက် ဘုရားရှင်ရှိရာသို့ ရောက်မလာခဲ့။ ဆည်းကပ်ကိုးကွယ်
မပြုခဲ့သည်မှာ လွန်စွာနှောင်တရဖွယ်ဟု ဆိုချင်ပါသည် ဘုရား"

"ဒကာမင်းကြီး။ လောက၌ ပညာကင်းမဲ့သော ပုဂ္ဂိုလ်တ
သည် ဥစ္စာစည်းစိမ် ရရှိပေါများပါသော်လည်း ချုပ်ငြိမ်းရာအမှ

နိဗ္ဗာန်ကို မရှာမှီးကြ။ ထိုပစ္စည်းဥစ္စာတို့ကို စွဲလမ်းတပ်မက်သော တဏှာသည်ကား ထိုပုဂ္ဂိုလ်အား အပါယ်ငရဲသို့ ဆွဲချလေတော့၏''

ဟူ၍ မြွက်ကြားတော်မူပြီးသကာလ..

ဟနန္တိဘောဂါ ဒုမ္မေဓံ၊

နောစ ပါရဂဝေ သိနော။

ဘောဂတဏှာယ ဒုမ္မေဓော၊

ဟန္တိ အညေဝ အတ္တနံ။

ဟူသော ဂါထာကို ရင့်ကျူးကာ...

ဥစ္စာပစ္စည်းတို့သည် ပညာမဲ့သောသူကို အပါယ်ငရဲသို့ ဆွဲချ၏။ နိဗ္ဗာန်တည်းဟူသော တစ်ဖက်ကမ်းကို ရှာမှီးသူတို့အား မဖျက်ဆီးနိုင်ကုန်။ ပညာမဲ့သူသည် ဥစ္စာပစ္စည်းတို့ကို စွဲလမ်းတပ်မက်ခြင်းကြောင့် သူတစ်ပါးကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးကြလေတကား။

ဟု မိန့်ဆိုဖွင့်ပြလေရာ မင်းကြီးနှင့်တကွသော တရားနာပရိသတ်အပေါင်းလည်း အမိုက်ကင်းပျောက် အလင်းရောက်ကာ အကျွတ်တရားရကြလေတော့သတည်း။

◆

(၂၀၀၃၊ ဩဂုတ်လ၊ သီလဝမဂ္ဂဇင်း)

ကျမ်းကိုး

❖ ဓမ္မပဒ၊ တဏှာဝဂ်၊ အပုတ္တကသူဌေးဝတ္ထု

## ဟို… ဝေးဝေးရဲ့ အနီးမှာ

အတ္တဒတ္တသည် အင်ကြင်းတောအတွင်း ရောက်ရှိနေသည်။ ဘုရားရှင်၏ သာဝကကြီးများကို ကြည်ညိုဦးခိုက်လျက် ၎င်းတို့ အချင်းချင်း ပြောဆိုနေကြသော စကားများအပေါ် မျောနစ်နေမိလေသည်။

ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်၊ ရှင်မဟာကဿပ၊ ရှင်အနုရုဒ္ဓါ၊ ရှင်ရေဝတ၊ ရှင်အာနန္ဒာ စုစုပေါင်း (၆)ပါး။ ဗုဒ္ဓသာသနာတော်မှာတော့ နှယ်နှယ်ရရပုဂ္ဂိုလ်တွေ မဟုတ်ကြ။

ရှင်သာရိပုတ္တရာဆိုလျှင် ပညာအရာ၌ ဧတဒဂ်ဘွဲ့ထူးရ၍ ဘုရားရှင်၏ လက်ယာရံပုဂ္ဂိုလ်မြတ်ကြီးဖြစ်၏။ ရှင်မဟာမောဂ္ဂလာန်သည်လည်း တန်ခိုးအရာ၌ ဧတဒဂ်ဘွဲ့ထူးရ၍ ဘုရားရှင်၏ လက်ဝဲတော်ရံ ပုဂ္ဂိုလ်တော်မြတ်ကြီး ဖြစ်၏။ ရှင်မဟာကဿပဆိုလျှင်

ရှုတင်ကို ကျင့်ဆောင်သောအရာ၌ ဧတဒဂ်ရ လက်ယာရံဖြစ်သကဲ့သို့ အရှင်အနုရုဒ္ဓါဆိုလျှင်လည်း ဒိဗ္ဗစက္ခုအဘိညာဉ်အရာ၌ ဧတဒဂ် လက်ယာရံ ဖြစ်တော်မူ၏။ သို့ဆိုလျှင် ရှင်ရေဝတသည်ကော ရှင်ရေဝတသည်လည်း နှယ်နှယ်ရရမဟုတ်။ အရညကင်ရှုတင်ဆောင်သော အရာ၌ ဧတဒဂ်လက်ယာရံတစ်ပါး။ ဟော… ရှင်အာနန္ဒာကျတော့ အားလုံးထက် ထူးသည်ဟု ဆိုရမည်ပင်။ သူသည် ဧတဒဂ် (၅)ခုရ ပုဂ္ဂိုလ်။ ဗဟုသုတ၊ သတိမန္တ၊ ဂတိမန္တ၊ ဓိတိမန္တ၊ ဥပဋ္ဌာက စသော ငါးဌာနတို့၌ ဧတဒဂ်လက်ယာရံပုဂ္ဂိုလ်ကြီး။

ခု… သူတို့ (၆)ပါး အင်ကြင်းတောထဲ၌ ဆုံမိကြချေပြီ။

သူတို့သည် လပ၍ ရှုမောတင့်တယ်စဖွယ်ကောင်းလှသော အင်ကြင်းတောအား ပို၍သာ၍ ကဲလွန်၍ ကျက်သရေမင်္ဂလာအဖြာဖြာ ရှိစေရန် မည်သို့မည်ပုံပြုပါက ကောင်းမည်ကို နှီးနှောဆွေးနွေးနေကြ လေရာ ထိုဆွေးနွေးမှုထဲ၌ တရားအဆီအနှစ်တို့ စိမ့်ဝင်နေလေသည်။ ဒါကို မထေရ်ငယ်ကလေးဖြစ်သော အတ္တဒတ္တသည် ငြိမ်သက်တိတ် ဆိတ်စွာ အာရုံစူးစိုက်မိလေသည်။

အရှင်တို့ကား တစ်ပါးပြီးတစ်ပါးဆိုသကဲ့သို့ အင်ကြင်းတော ကြီး၏ အလှကျက်သရေမင်္ဂလာကို တရားသဘောဖြင့် ထုံမွှမ်းလျက် ရှိကြချေ၏။ ဦးစွာ ရှင်အာနန္ဒာက…

"အစ၏ ကောင်းခြင်း၊ အလယ်၏ ကောင်းခြင်း၊ အဆုံး၏ ကောင်းခြင်းနှင့် ပြည့်စုံသော တရားတော်တို့ကို ဟောပြောနာကြားပြီး က ဝိပဿနာကို အားထုတ်ကြပါက ဤလှပတင့်တယ် ပျော်မွေ့

ဖွယ်ဖြစ်သော အင်ကြင်းတောကြီးသည် ပို၍ပင် ကျက်သရေမင်္ဂလာကို ဆောင်ဖွယ်ဖြစ်ပါမည်"

ဟု ဆိုခဲ့မိ၏။ ထိုအခါတွင် ရှင်ရေဝတက…

"သမထကို အားထုတ်ကာ ဈာန်ဝင်စားပြီးလျှင် ဝိပဿနာဘာဝနာကို ကြိုးစားအားထုတ်နေကြပါလျှင် ဤလှပတင့်တယ် မွေ့လျော်ဖွယ်ဖြစ်သော အင်ကြင်းတောကြီးသည် ပို၍ တင့်တယ် မင်္ဂလာရှိဖွယ် ဖြစ်ပါလိမ့်မည်"

ဟု ဆိုလေသည်။ ရှင်အနုရုဒ္ဓါ၏ အလှည့်သို့ ကျလာလေတော့…

"ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် သတ္တဝါအနန္တ၏ ဆင်းရဲဒုက္ခကို ခွဲခြမ်းစိတ်ဖြာကြည့်ရှု၍ သံဝေဂဖြစ်ကာ ဝိပဿနာကို ပွားများရသော် ဤအင်ကြင်းတောသည် ပိုမိုသာယာလျက် ကျက်သရေကို ဆောင်ပါမည်"

ဟု ဆိုခဲ့ချေ၏။ ဤ၌ ရှင်မဟာကဿပက…

"ဓူတင်ကိုဆောင်လျက် ဝိပဿနာအားထုတ်ကြပါလျှင် ဤပင်လုံးကျွတ် ပွင့်နေသော အင်ကြင်းတောကြီးသည် ပို၍ ကျက်သရေမင်္ဂလာရှိဖွယ် ဖြစ်ပါလိမ့်မည်"

ဟု ဆိုပြန်လေသည်။ သို့ဖြင့် ရှင်မောဂ္ဂလာန်ကိုယ်တော်ကြီး၏ အလှည့်သို့ ဆိုက်ရောက်ခဲ့ပါလေ၏။

"ဤအင်ကြင်းတော၌ အဘိဓမ္မာတရားကို ဆွေးနွေးမေးမြန်းဖြေဆိုပြီးကြကာ ဝိပဿနာဘာဝနာအား ကြိုးစားအားထုတ်ကြပါမူကား ပို၍ တင့်တယ် မွေ့လျော်ဖွယ် ဖြစ်ပါလိမ့်မည်"

ဟု ဆိုလေသည်။ အားလုံး (၅)ပါးတိတိ။ ၎င်းတို့ရင်ထဲရှိသမျှ မြွက်ဟသွားကြလေပြီ။ နောက်ဆုံးကျန်သူကား ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး။

"စိတ်၏အလိုသို့ မလိုက်ဘဲ သီလသမာဓိ၌ တည်ရှိနေလျက် ဝိပဿနာ ဘာဝနာကို အားထုတ်ရသော ဤပင်လုံးကျွတ်လှပသာယာစွာ ပွင့်နေသည့် အင်ကြင်းတောကြီးသည် သာ၍ပင် တင့်တယ် မွေ့လျော်ဖွယ် ဖြစ်ရာ၏"

ဟူ၍ ပကတိထင်မြင်ယူဆချက်ကို ဖွင့်လှပ်ပြလိုက်လေသည်။ အရှင်မြတ် (၆)ပါးစလုံး၏ စကား၌ 'ဝိပဿနာ' ဆိုသည့် စကား တစ်လုံးက အတ္တဒတ္တ၏ ရင်ထဲ၌ စူးနစ်သွားခဲ့၏။ သူ ဝိပဿနာကို ဝင်စားနေပါ၏။ ဥပဇ္ဈာယ်ဆရာ မိန့်ခဲ့ဖူးသည့် ဝိပဿနာ၏ သဘော တရားတို့သည် ရင်ထဲမှာ အာရုံထဲမှာ အစုန်အဆန်။

"ဝိပဿနာဆိုတာ ဘုံသုံးပါးမှာ ဖြစ်ပေါ်နေတဲ့ ရုပ်ရယ်၊ နာမ်ရယ်၊ ခန္ဓာရယ်။ အဲဒါတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာယာဉ်သုံးပါးပေါ်တင်ပြီး ဆင်ခြင်ရှုပွားရတာမျိုး တပည့်ရဲ့"

ဟော... ဆရာပြောခဲ့ဖူးသည့် ဝိပဿနာဝေါဟာရသည် အရှင်မြတ်တို့၏ စကားညှာတံ၌ တွဲခိုပြွတ်ပက်နေကြသည်။ အရှင် (၆)ပါးသည် ၎င်းတို့၏ ထင်မြင်ယူဆချက်အသီးသီးကို အင်ကြင်း တောမှာပင် ခွာချမထားရစ်ခဲ့ကြ။ ဘုရားရှင်ရှိရာအထိ သယ်ဆောင် သွားခဲ့ကြချေသေး၏။

"ချစ်သားတို့။ သင်တို့ထင်တိုင်းလည်း ကောင်းလှပေ၏။ ငါဘုရား၏ အလိုကား အကြင်ရဟန်းသည် ဆွမ်းစားပြီးသောအခါ တစ်နေရာရာတွင် တင်ပျဉ်ခွေနေပြီးနောက် 'ငါသည် တရားကို အားထုတ်အံ့။ အာသဝေါတရားမကုန်လျှင် ဤနေရာမှ မထပြီ'ဟူ၍ ဝီပဿနာ ဘာဝနာကို အားထုတ်ကာနေကြခြင်းသည် ဤပင်လုံးကျွတ် ပွင့်လျက်ရှိသော အင်ကြင်းတောကြီးကို ပို၍ လှပတင့်တယ် မွှေ့လျော်ဖွယ် ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပေမည်"

ဟူ၍ မိန့်ကြားလိုက်သည့်တဒင်္ဂ ထိုတရားသည် အတ္တဒတ္တ၏ အသွေးထဲအသားထဲသို့ စိမ့်ဝင်ပျံ့နှံ့သွားခဲ့လေတော့သည်။

ပတ်ဝန်းကျင်မှာတော့ ရဟန်း၊ ရှင်၊ လူ တော်တော်များများသည် ဆောက်တည်ရာကင်းမဲ့သည့်အလား လှုပ်လှုပ်ရွရွဖြစ်နေကြသည်။

"သေချာရဲ့လားကွယ်"

"သေချာတဲ့စကားပါကွယ်။ ဘုရားရှင်ကိုယ်တော်တိုင် မိန့်တဲ့စကားပဲ"

"အို... တို့များတော့ ခိုကိုးရာမဲ့ပါပြီကောကွယ်"

အားလုံးသည် ဘုရားရှင် ယနေ့မှစ၍ လေးလမြောက်သည့်ရှိသော် ပရိနိဗ္ဗာန်ပြုတော့မည်ဆိုသည့် စကားအရာ၌ ကြေကွဲဆွတ်ကြင်နေကြသည်။ ဘုရားရှင်ကို အားရအောင် ဖူးလိုက်မည်ဟူသော ဆန္ဒဖြင့် ဘုရားရှင်သီတင်းသုံးရာသို့ သွားကြသူ၊ တရားနာကြသူတွေမှာ တဖွဲဖွဲ။ စဲသည်ပင် မရှိတော့။

ဘုရားရှင်ကလည်း ပရိနိဗ္ဗာန်မပြုမီစပ်ကြား သတ္တဝါတို့အား သင့်ရာတရားတော်ကို ချီးမြှင့်လျက် ကယ်မချေချွတ်ပေးတော်မူလေသည်။

"ဟော့… အတ္တဒတ္တ"

"ဘုရား"

"လာကွယ်။ ဘုရားရှင်ရှိတုန်း အားပါးတရသွားပြီး ဖူးကြရအောင်"

"မလိုက်တော့ပါဘူးဘုရား"

"ဟင်… ဘယ်လိုဆိုလိုက်တာလဲ အတ္တဒတ္တ။ ငါတို့ရဲ့အနှိုင်းမဲ့ ကျေးဇူးရှင်ကိုယ်တော်မြတ်ကြီးကို ကိုယ်တိုင်ကိုယ်ကျ သွားမဖူးတာ ဘာသဘောလဲ"

"ဘာသဘောမှ မဟုတ်ပါဘူး ဘုရား"

"တပည့်တော် ဘုရားရှင်ပရိနိဗ္ဗာန်မပြုမီ ရဟန်းကိစ္စ ပြီးစီးအောင် ဆောင်ရွက်ချင်လို့ပါဘုရား"

"အိုကွယ်… ဒါဘယ်တော့ လုပ်လုပ်ရတဲ့ ဥစ္စာ။ ဘုရားရှင်ကို သွားဖူးရအောင် လာလိုက်ခဲ့"

"မလိုက်တော့ပါဘူးဘုရား"

မည်သို့ခေါ်ခေါ် အကြောင်းမထူးသည့်အဆုံး အတူနေ ရဟန်းများသည် အတ္တဒတ္တကို ချန်ထားရစ်လျက် ဘုရားရှင်ရှိရာသို့ ထွက်လာခဲ့ကြချေ၏။

"တောက်… တော်တော်အတ္တကြီးတဲ့ ပုဂ္ဂိုလ်ပဲ"

"ကြီးပေမပေါ့။ နာမည်ကိုကလည်း အတ္တဒတ္တလို့ မှည့်ထားတဲ့ ဥစ္စာ"

"တို့များ ဘုရားရှင်ဆီရောက်တဲ့အခါ ကျေးဇူးမသိတတ်တဲ့ သင်းအကြောင်းကို လျှောက်ရမယ်"

"အိမ်း... ကောင်းသကွယ်"

သို့ဖြင့် ရဟန်းတစ်စုလည်း ဘုရားရှင်ရှိရာ ကျောင်းတော်သို့ တရွေ့ရွေ့လှမ်းလာနေကြပါချေ၏။ ကျောင်းတော်ရှိရာ ရောက်တော့ ဘုရားရှင်သည် ရဟန်းရှင်လူအပေါင်း ပူဇော်သမှုကို ခံယူနေတော်မူလေသည်။ ထိုအခါဝယ် အခွင့်အခါကို ချောင်းနေသော ရဟန်းတစ်ပါးသည် ဘုရားရှင်အား အတ္တဒတ္တအကြောင်းကို လျှောက်ထားလိုက်လေ၏။ ထိုရောအခါဝယ် ဘုရားရှင်လည်း ဉာဏ်တော်အစုံဖြင့် ဆင်ခြင်ကြည့်လိုက်လေသော် ရဟန်းကိစ္စပြီးမြောက်သွားပြီဖြစ်သည့် အတ္တဒတ္တအား မြင်မိလေတော့သည်။

"ချစ်သားတို့။ လောက၌ ငါဘုရားကို ကိုယ်တိုင်ကိုယ်ကျလာရောက်ဖူးတွေ့သူထက် ငါဘုရား၏ စကားကို နားထောင်ကာ တရားတော်အတိုင်း ကျင့်ကြံသူကို ငါဘုရားရှင် ပို၍ နှစ်သက်ချေ၏။

သင်တို့လျှောက်ထားကြသည့် အတ္တဒတ္တကား ငါဘုရား ပရိနိဗ္ဗာန်မပြုမီ ရဟန်းကိစ္စကိုပြီးအောင် ဆောင်ရွက်သူဖြစ်၏။ သည့်အတွက် ငါဘုရားရှင် ချီးကျူး၏။ အတ္တဒတ္တကား အဝေးမှာ ရှိနေလင့်ကစား မျက်မှောက်၌ ငါဘုရားရှင်နှင့် နီးကပ်နေသူသာတည်း"

ဤသို့ဤပုံမြွက်ကြားလိုက်သည့်တာဒဂံ လျှောက်ထားကြကုန်သော ရဟန်းတို့မှာ တစ်ပါးမျက်နှာ တစ်ပါးကြည့်လျက် အံ့အားတသင့် ဖြစ်မိကြလေသည်။ ထိုစဉ်မှာပင် အတ္တဒတ္တသည် ဘုရားရှင်အား ဖူးတွေ့ရန် ဈာန်ခရီးဖြင့် ကြွလာသည်ကို ၄င်းတို့ တွေ့ဖြစ်အောင် တွေ့လိုက်ကြရလေသတည်း။

◆

(၂၀၀၃၊ ဇွန်လ၊ အနုပညာကြေးမုံမဂ္ဂဇင်း)

ကျမ်းကိုး

❖ ဓမ္မပဒ၊ ဆဋ္ဌမမြောက်ဝဂ်။

# လာခြင်းကောင်းသည့် ခြေလှမ်းများ

သည်ညီအစ်ကိုလေးယောက်၏ စိတ်တွေက တညီတည်း တစ်ထပ်တည်း။

ဘာရဒွါဇ၊ အဂ္ဂိကသရ ဘာရဒွါဇ၊ သုန္ဒရိယ ဘာရဒွါဇ၊ ပြီးတော့ ဘိလိင်္ဂက ဘာရဒွါဇ။ သူတို့ညီအစ်ကိုလေးဦးစလုံးပင် ပုဏ္ဏားနွယ်တွေ ဖြစ်ကြ၏။ သူတို့ကိုးကွယ်ကြသည်မှာလည်း ပုဏ္ဏားမှ ပုဏ္ဏား။ သည့်အတွက် 'ဂေါတမမြတ်စွာဘုရား' ဆိုသောစကားလုံးသည် သူတို့အဖို့ရာမှု ရင့်ရင့်ကလေး စိမ်းနေခဲ့တာ သေချာသည်။

"ဟော့… တို့များရဲ့ အစ်ကိုကြီး ဘာရဒွါဇကတော့ တို့ စိတ်ဓာတ်နဲ့ အဟပ်ညီသလောက် အစ်ကိုကြီးရဲ့ မိန်းမ၊ တို့များရဲ့ မရီးတော်ကတော့ဖြင့် ဆန့်ကျင်ဘက်ဖြစ်လို့ နေပါလားကွယ်"

"ဟုတ်ပကွာ။ ကိုယ့်လင် ကိုးကွယ်တဲ့ ပုဏ္ဏားတွေကို မကိုးကွယ်ဘဲ ဂေါတမဘုရားရှင်ဆိုတာကိုမှ ကိုးကွယ်သတဲ့။ ဓာတ်တော့ ပျက်ရပါပြီကွာ"

"သေချာတာပေါ့ အစ်ကိုလတ်ရယ်။ ကျုပ်တို့မရီး 'ဓနဥာဏီ' ဟာ နှာချေဆတ်မိရင်ဖြစ်ဖြစ်၊ အမှတ်မထင် အထိတ်တလန့် ဖြစ်ခဲ့ရင် ဖြစ်ဖြစ်၊ အစ်ကိုတို့ ကျုပ်တို့လို 'ဟဲ့… ပလုပ်တုတ်တုတ်' 'ဟဲ့ သောက်ခွေး'ဆိုတဲ့ အာမေဍိတ်တွေ မရွတ်ဘဲ ဘာရွတ်တယ် ထင်သလဲ"

"လုပ်စမ်းပါဦးကွာ။ မင်းက စပ်စုတဲ့ နေရာမှာတော့ ပြိုင်စံရှားပဲ"

"ဘာရွတ်ရမလဲ အစ်ကိုတို့ရဲ့။ သူကြည်ညိုကိုးကွယ်တဲ့ ဂေါတမ သင်ပေးထားတဲ့အတိုင်း 'နမောတဿ ဘဂဝတော၊ အရဟတော သမ္မာသမ္ဗုဒ္ဓဿ'ဆိုပြီး သုံးကြိမ်တိတိ ရွတ်သတဲ့ဗျာ"

"စိတ်ပျက်စရာတော့ တကယ်ကောင်းပဲဟေ့။ အမျိုးတူ ဇာတ်မခြားတာမို့ အိမ်ထောင်ရက်သားကျပြီး ကာလတွေ ရှည်ကြာတော့ကာမှ ဘယ့်နှယ် ဘယ့်နှယ်ကြောင့် 'ဓနဥာဏီ'ခုလို ဘာသာရေး လမ်းကြောင်းလွဲသွားတယ်ဆိုတာ စဉ်းစားလို့ မရအောင်ပါဘဲလား ကွယ်။ ငါကတော့ အဓိကတရားခံကို ဂေါတမလို့ မြင်တာပဲ"

"ဟုတ်တယ်။ ဟုတ်တယ်။ ဂေါတမ ရှိနေလို့ ကျုပ်တို့အစ်ကိုကြီးရဲ့ အိမ်ထောင်ရေးဟာ ဒီလိုမျိုးဖြစ်နေရတာ"

မတ်တော်မောင်များ ဝေဖန်ကြသကဲ့သို့ အိမ်ထောင်ရေး အခြေအနေ ယိမ်းယိုင်သွားခဲ့လေပြီလားဟူ၍ သူမကိုယ်သူမ ဝေဖန်သုံးသပ်ကြည့်ခဲ့ပါသေး၏။ သို့ရာတွင် မတ်တော်မောင်တွေ ပစ်သွင်းကြသည့် စကားလုံးတွေအတိုင်းတော့ မဟုတ်။ သူမ ယုံကြည်ရာ မြတ်နိုးရာ ဘာသာတရားအပေါ် ပျော်ဝင်မျောနစ်လင့်ကစား ခင်ပွန်းသည်အပေါ်၌

ဓနဥ္စာနီသည် မယားဝတ္တရား မပျက်ခဲ့။ သူမ၏ ဆရာအစစ်သည် ဂေါတမဘုရားရှင်သာ ဖြစ်၏။ သူမ ယုံကြည်ကိုးကွယ်ရာ ဘာသာတရားသည် ဗုဒ္ဓဘာသာ ဖြစ်၏။ ဆရာအစစ်၏ လမ်းညွှန်မှု၊ သူမကိုယ်တိုင် ကျင့်ကြံကြိုးပမ်းအားထုတ်မှုတွေက သူမအား သောတာပတ္တိမဂ်ဖိုလ်သို့ ဆိုက်ရောက်ပြီးသော၊ သောတာပန်အရိယာ ဒါယိကာမအဖြစ်သို့ ကူးသွားစေခဲ့ပါပြီကော။

မိစ္ဆာဒိဋ္ဌိဖြစ်သော ခင်ပွန်းသည် ဘာရဒွါဇအဖို့မှု 'ဘုရား၊ တရား၊ သံဃာ' ဆိုသော စကားလုံးဝေါဟာရသည် သက်သက်ကလေးခါးသီးလွန်းလှတော့၏။ အနေအထိုင်၊ အသွားအလာ၊ အပြောအဆိုမညက်မညော။ 'ဂေါတမ' ဆိုသည့်အသံကို ကြားလိုက်ရလျှင် ကြည်လင်သည်ဟု ထင်နေသော စိတ်အာရုံတို့သည် နောက်ကျိညစ်ထေးသလို ခံစားရလေသည်။ သည်စကားလုံးကို မကြားလို။ သို့မကြားလိုမှတော့ ဂေါတမနှင့်တကွ ဂေါတမ၏ သာသနာတော်အား လှူဒါန်းဖို့ဆိုသည်မှာ အဘယ်မှာလျှင် ဖြစ်နိုင်မှာတဲ့နည်း။ သူ လှူဒါန်းသည့်သူတွေက သူ့လိုပင် မိစ္ဆာဒိဋ္ဌိအယူဝါဒများကို ကိုင်စွဲထားကြသည့် ဆရာပုဏ္ဏားငါးရာပင်ဖြစ်ချေ၏။ ထိုဆရာသမားတို့အား ရေမရောသည့် နို့ဓမ်းတို့ဖြင့် ကျွေးမွေးလှူဒါန်း၏။ ထိုသို့သောအခါများဝယ် အိမ်သူဇနီးမယားဖြစ်သော ဓနဥ္စာနီလည်း တစ်ဖက်တစ်လမ်းမှ ပါဝင်လာစမြဲဖြစ်သည်။

"အဲ့ပါရဲ့ကွယ်။ ကိုယ်ကိုးကွယ်တာက တစ်ဘာသာ၊ လင်ကိုးကွယ်တာက တစ်ဘာသာ။ အဲဒါတောင်မှ လင့်အလိုကိုလိုက်ပြီး မစ္ဆရိယစိတ်တွေ ဖယ်ရှားနိုင်တာ ချီးကျူးစရာပဲ"

ယမင်းစာပေ

"ပါရမီထူးကဲလို့ နေမှာပေါ့။ ခနဉ္စနီရဲ့ စိတ်ဓာတ်ဟာ ကြာလေ လေးစားစရာ ကောင်းလေပဲ။ သူ့လင် ဘာရဒ္ဒါဇတို့များ သူ့သူ့ဆရာပုဏ္ဏားတွေကို ဆွမ်းပင့်ကျွေးတဲ့အခါ ခနဉ္စနီ လာကူညီပေးရင် ပြုံးပြုံးပြုံးပြုံးနဲ့။ အဲ… ခနဉ္စနီများ ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်တွေကို ဆွမ်းပင့်ကျွေးတဲ့အခါဆိုရင် သူကောင်းသားဘာများလုပ်တယ် ထင်သလဲ"

"ပြောစမ်းပါဦး"

"မနက်အစောကြီးကပဲ အိမ်ကနေ ရှောင်ထွက်သွားပါလေရောဗျာ"

"အယ်…"

ဘာရဒ္ဒါဇနှင့် ခနဉ္စနီတို့၏ အိမ်ထောင်ရေးအခြေအနေကား ထိုသို့ထိုပုံတည်း။

တစ်နေ့…

ထို တစ်နေ့ကား ဘာရဒ္ဒါဇအတွက် ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံလှစွာသော နေ့ကလေးတစ်နေ့ဟု ဆိုရပါချိမ့်။

မိစ္ဆာဒိဋ္ဌိအနွယ်ဝင် ဆရာသမားပုဏ္ဏားငါးရာတို့အား သူ့အိမ်ဂေဟာရှိရာသို့ ဆွမ်းအုပ်ကျွေးရန်အလို့ငှာ ပင့်ဆောင်ခဲ့သည်။ ကိုးရိုးကားရား၊ ဖိုးရိုးဖားရားနှင့် ပုဏ္ဏားငါးရာတို့ ရောက်ရှိလာကြလေတော့ စိတ်တွင်း၌ ကြည်ညိုကြင်းမဲ့နေသည်မှန်သော်ငြား အတွင်းမီးကို အပြင်သို့ ခနဉ္စနီ မထုတ်ခဲ့။ လင်ယောကျ်ား၏ ပါရမီဖြည့်ဖက်ပီသစွာ သဘောထားကြီးကြီးထားလျက် ကျွေးမွေးဧည့်ခံခဲ့ပါ၏။

ဆရာသမားတွေဟုသာ ဆိုရ။ တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရ မရှိ။

အစားအသောက်တွေကို ဝေသာလီပြည် ဘီလူးဝင်သည့်အလား အငမ်းမရဆိုသလို စားသောက်၏။ ညာလက်သာမက ဘယ်လက်နှင့်လည်း ဟင်းခွက်တွေကို နှိုက်၏။ စားနေသောက်နေရင်းမှလည်း လည်ချောင်းရှင်းသူ ရှင်း၏။ ချဲဟပ်သူ ဟပ်၏။ တံတွေးထွေးသူ ထွေး၏။ နှာရည်သုတ်သူ သုတ်၏။ လေလည်သူ လည်၏။ နပ်ညှစ်သူ ညှစ်၏။ စကားပြောသူ ပြော၏။ လေချဉ်တက်သူ တက်၏။ ကြို့ထိုးသူ ထိုး၏။ ဒါတွေကို မြင်ရလေ ခေနွာနီအဖို့ ဂေါတမဘုရား၏ သံဃာတော်တွေကို ပို၍ ကြည်ညိုလေ။

"ခေနွာနီရေ…လိုက်ပွဲတွေ လုပ်ပါဦးဟေ့"

"ရမယ် အရှင်။ ရမယ်"

သွက်လက်ချက်ချာစွာပင် ကိုယ့်ဘက်က လစ်ဟာမှု မရှိရလေအောင် ခေနွာနီ လှုပ်ရှားခဲ့ပါ၏။ သို့သော် လိုက်ပွဲပန်းကန်ကို သွားပို့မည်အလုပ် ပြောင်လက်နေသော ကြမ်းခင်းက သူမအား ချော်လဲကျမသွားစေသည့်တိုင် ဟန်ချက်တော့ အနည်းငယ်ပျက်သွားစေခဲ့သည်။ သည်တဒင်္ဂ သူမ၏ နှုတ်ဖျားမှ အာမေဋိတ်မည်သော စကားလုံးတို့ ထွက်ကျသွားချေသည်။

"အို… ဘုရားရှင် နမောတဿ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ"

သူမ၏ အသွင်ကို ပုဏ္ဏားတို့ မြင်နေရသည်။ သူမ၏ အသံကို ပုဏ္ဏားတို့ ကြားနေရသည်။ အမြင်အကြားတွေက ပုဏ္ဏားတို့ကို ခါး သက်သွားစေရော့သလား။

"ဟကောင် ဘာရဒွါဇ လူဗာလံရဲ့။ မင့်မယား လုပ်ပုံကိုင်ပုံ တော်ရော့သလားဟင်။ ငါတို့ကို ဆွမ်းလုပ်ကျွေးတယ်ဆိုပြီး ဒီရောက် တော့ ငါတို့ မမြင်ချင်၊ မကြားချင်တာတွေနဲ့ ရွဲ့တာပေါ့။ ဟုတ်လား။ ကြည့်စမ်း။ မင့်မယားက ကိုယ့်ဘာသာ ချော်လဲချင်သလိုဖြစ်တာ တခြားစကားလုံးတွေ မထွက်ဘဲ ငါတို့ သိပ်နားခါးတဲ့ ဂေါတမရဲ့ စကားလုံးတွေပဲ ထွက်လာတယ်။ ထပ်ကြည့်လှည့်ဦး။ ဂေါတမရှိတဲ့ သာဝတ္ထိဘက်ကို လှည့်ပြီး လက်အုပ်ကလေး ချီနေတာ။ မတော်ဆို သူ့လင်ကိုးကွယ်နေတဲ့ ငါတို့ကို လက်အုပ်ချီပါတော့လား။

တော်ပြီ။ တော်ပြီ။ မင်းကျွေးတာတွေ စားရတာ အရသာ လုံးဝမရှိတော့ဘူး။ ဒီတော့ ငါတို့အားလုံး ပေါသလို ထွေးထုတ်မယ်။ အန်ထုတ်မယ်။ ကဲ… သွားပြီ လူဗာလံရေ။ မင့်မယားရဲ့ အယူဝါဒကို မင်းမဖြတ်ပစ်နိုင်သရွေ့ ငါတို့ဆီ ခြေဦးလှည့်မလာပါနဲ့တော့"

သည်သို့ ပြောဆိုပြီး ကပိုကရို ဖိုးရိုးဖားရားဖြင့် ဆရာပုဏ္ဏား အပေါင်းတို့ ကသောင်းကနင်း ထွက်သွားကြလေတော့ ဒေါသအမျက် ချောင်းချောင်းထွက်လျက် ကျန်ရစ်ခဲ့သူမှာ ဘာရဒွါဇပဲ ဖြစ်သည်။

"တောက်… သူယုတ်မာ ဓနဥ္စာနီ။ နင့်လုပ်ပုံကိုင်ပုံတွေ တော်ရော့လား။ နင် ဒီလောက်ပဲ နင့်ဆရာ ခေါင်းတုံးရဟန်းတွေကို ယုံကြည်ရသလား"

ယမ်းပုံမီးကျ ဒေါသထွက်နေသူကို ကြည့်လျက် နေဥ္စာနီက တော့ အေးအေးချမ်းချမ်း။

"ရတနာသုံးပါးကို ယုံကြည်တဲ့သူအဖို့ သရဏဂုံဆိုတာ တည် ခဲ့ပါပြီအရှင်။ သံဃာတော်တွေရဲ့ အယူဝါဒဟာ ကျွန်မရဲ့အယူဝါဒ ပါပဲ"

"တယ်…"

"အေး… ကောင်းပြီ။ နင်တို့ရဲ့ အယူဝါဒဆိုတာ ဘာလဲ။ ငါမေးတာ မဖြေနိုင်လို့ ငါကျေနပ်လောက်အောင် ရှင်းမပြနိုင်လို့ ကတော့ အရှက်နှစ်ခြမ်း ဖြန်းဖြန်းကြီးသာ ကွဲပြီမှတ်တော့"

"ကောင်းပါပြီရှင်။ ကျွန်မရဲ့ ဆရာအရှင် ဂေါတမမြတ်စွာ ဘုရားကို စကားဆန့်ကျင်ပြီး အပြစ်တင်နိုင်တဲ့ ပုဂ္ဂိုလ်ဆိုတာ ကျွန်မ မမြင်ဖူးပါဘူး။ ရှိလည်း မရှိနိုင်ပါဘူး"

"အောင်မယ်…သင်းက ဘာမို့လဲ။ ငါ သူနဲ့ ခုပဲ သွားတွေ့ မယ်"

"ကောင်းတာပေါ့အရှင်။ တွေ့သာ တွေ့လိုက်ပါ။ အရှင့်ဘက် က ခက်ခဲနက်နဲမယ်ထင်တဲ့ မေးခွန်းပြဿနာတွေကို မေးလျှောက် လိုက်စမ်းပါ"

"အေး… ကောင်းပြီ။ ငါ ခုပဲ နင်တို့ရဲ့ဂေါတမရှိရာ သွားပြီ"

ပြောပြောဆိုဆိုနှင့်ပင် ဒေါသစိတ်၊ မုန်ယိုစိတ်၊ အနိုင်ယူလိုစိတ် တို့ဖြင့် ဘာရဒ္ဒါဇတစ်ယောက် ဝေဠုဝန်ရွှေကျောင်းတော်ရှိရာသို့ ခြေလှမ်းကြဲကြီးများဖြင့် သုတ်ခြေတင်သွားပါလေတော့သတည်း။

✵

ရွှေကျောင်းတော်တွင်းရှိ တရားသဘင်။

ဂေါတမဘုရားရှင်ကား ဘာရဒွါဇ လာမည်ကို ကြိုတင်စောင့်စားနေသည့်အလား တိတ်ဆိတ်ငြိမ်သက်နေချေ၏။ တရားနာပရိသတ်တို့မှာလည်း ဘုရားရှင်အား ဖူးမြင်မဝသော ဖူးမြင်ခြင်းမျိုးဖြင့် တိတ်တိတ်ဆိတ်ဆိတ်။

သိပ်မကြာလိုက်။

ဘာရဒွါဇတစ်ယောက် ကျောင်းတော်တွင်းရှိ တရားနာသဘင်အတွင်းသို့ လှမ်းလင့်ဝင်ရောက်လာခဲ့သည်။ သူ့အသွင်ကို ကြည့်၍ ပရိသတ်တို့မှာ ပါးစပ်အဟောင်းသား။ ဘာရဒွါဇကား ဘုရားရှင်ကို ဦးတင်ရှိခိုးရကောင်းမှန်း သိပုံမရ။ ရောက်မဆိုက်ဆိုသလိုပင် သူသိလိုသော ပြဿနာတို့အား ဖွင့်ဖောက်ချလိုက်လေတော့သည်။

"ရှင်ဂေါတမ။ ကျွန်ုပ်သိလိုသော ပြဿနာကို ဖြေကြားပေးပါ"

"ကောင်းပြီ ဘာရဒွါဇ။ သင့်စကားကို ငါလက်ခံ၏။ ငါ့အား မေးလိုရာ မေးလော့"

ဘာတွေမေး၍ ဘာတွေဖြေမည်နည်း။ ဘာတွေများ နောက်ကြောင်း ရှိခဲ့ပါလေသနည်း။ သည့်အတွက် တရားနာသဘင်အတွင်းရှိ ပရိသတ်အပေါင်းမှာ ဘာရဒွါဇနှင့် ဘုရားရှင်တို့အပေါ်သို့ အာရုံရောက်မိကြလေသည်။

"ရှင်ဂေါတမ။ ဘယ်အရာကို ဖြတ်တောက်ပါမှ မပင်မပန်း ချမ်းချမ်းသာသာ နေရပါသနည်း"

"အို… ပုဏ္ဏားဘာရဒွါဇ။ အမျက်ထွက်ခြင်းကို ဖြတ်တောက်ပါမှ မပင်မပန်း ချမ်းချမ်းသာသာနေရပါ၏"

"ရှင်ဂေါတမ။ စိုးရိမ်ကြောင့်ကြမဖြစ်လိုပါမူ ဘယ်အရာကို ဖြတ်တောက်ပစ်ရပါမည်နည်း"

"အို… ပုဏ္ဏားဘာရဒွါဇ။ စိုးရိမ်ကြောင့်ကြ မဖြစ်လိုပါမူ အမျက်ထွက်ခြင်းကို ဖြတ်တောက်ပစ်ရပါမယ်"

"ရှင်ဂေါတမ။ အဘယ်မည်သော တရားကို တက်မက်ခြင်းငှာ နှစ်သက်ပါသနည်း"

"အို… ပုဏ္ဏားဘာရဒွါဇ။ အညွန့်အဖျားမှာ ချိုး၍ အမြစ်ရင်းတွင် ပြင်းထန်သော အဆိပ်ရှိသည့် အမျက်ထွက်ခြင်းကို သတ်နိုင်သော သူအား သူတော်ကောင်းတို့သည် ချီးမွမ်းကြကုန်၏။ အမျက်ထွက်ခြင်းကို ဖြတ်တောက်သောကြောင့် စိုးရိမ်ကြောင့်ကြပူပန်မှုတို့ ကင်းရှင်းရပါသည် ပုဏ္ဏား"

သည်လိုမျိုး သူမေးသမျှကို ဖြေကြားလာသမျှ ကျေနပ်နှစ်သက်ဖွယ်ချည်းဖြစ်လာရသော၊ သူ့အသိဉာဏ်လွှာပေါ်၌ ဖုံးလွှမ်းထားသော တိမ်သလ္လာမြူညစ်ထုကို ချေချွတ်တိုက်ဖျက်ပေးလိုက်သော ဂေါတမဘုရားရှင်၏ စကားဆုံးလေတော့ တင်းမာခက်ထန်၍ တလူလူ ညွန့်တက်နေသော သူ့စိတ်တို့သည် သာသာကလေးပင် ညွတ်ခွေသွားကြကုန်သည်။

"အရှင်ဂေါတမမြတ်စွာဘုရား။ တပည့်တော် အမှားကြီး မှားခဲ့ပါတယ်ဘုရား။ တရားစစ်တရားမှန် ဘာဆိုသည်ကို နားလည်ပါပြီ

ဘုရား။ တပည့်တော်ကို ရဟန်းအဖြစ် ခွင့်ပေးသနားတော်မူပါ ဘုရား"

"ကောင်းပြီ ဘာရဒ္ဒါဇ။ သင့်ကို ငါကြိုဆိုလက်ခံတယ်"

"သာဓု... သာဓု... သာဓုပါဘုရား"

သည်လိုမျိုး ပွဲဦးကျိုးသွားသည့်အဖြစ်ကို ကျန်ညီငယ် ပုဏ္ဏား သုံးဦးစလုံးကြားလိုက်ရတော့ ဒေါသတိမ်စိုင်တွေ တလိပ်လိပ် တက်လာကြတော့သည်။

"တောက်... စိတ်မခိုင်လိုက်တဲ့ အစ်ကိုကြီးပဲကွာ။ ဂေါတမ က ဘယ်လောက်တောင် စွမ်းနေလို့ တို့များရဲ့ အယူဝါဒကို နိုင်လိုက် တာလဲ။ ဒါကို တို့ညီအစ်ကိုတွေ သည်းခံနေလို့မဖြစ်ဘူး။ လာကြဟေ့။ သွားကြမယ်။ ခုပဲ သွားကြမယ်။ အားလုံးကို မိုးမွှန်အောင် ဆဲဆိုပြီး ခုပဲ သွားလိုက်ကြရအောင်"

ညီအစ်ကိုသုံးယောက်သား ပခုံးချင်းဖက်လျက် ဧဝေဠဝန် ကျောင်းတော်ရှိရာသို့ ခြေလှမ်းခဲ့ကြပါချေ၏။ ကျောင်းတော်သို့လည်း ရောက်ခဲ့ကြပါ၏။ ၎င်းတို့ စိတ်တိုင်းကျလည်း အော်ဟစ်ဆဲဆိုခဲ့ကြ ပါ၏။ သို့အတွက်...

အရာရာသည် အံ့ဩဖွယ်ရာ ကောင်းလွန်းလှပေစွ။

မည်သူနှင့်မှ ယှဉ်တုနိုင်းအပ်စရာ မရှိသော မေတ္တာစေတ် ကြီးမားတော်မူလှသော သဗ္ဗညုတဉာဏ်တော်ရှင် ဂေါတမ၏ခြေတော် ရင်းဝယ် ဘာရဒ္ဒါဇအပေါအဝင် ၎င်း၏ ညီတော်သုံးယောက်မှာလည်း ပျပ်ဝပ်ရှိကျိုးလျက် ရဟန်းအဖြစ်သို့ ရောက်ရှိသွားခဲ့ပါပကော။

သည့်ရဟန်းလေးပါးကား အမှားကို အမှားမှန်းသိလျက် အမှန်ကို မှန်သည့်အတိုင်း ရှုမြင်တတ်လာကြပြီး ကမ္မဋ္ဌာန်းတရားကို တစိုက်မတ်မတ် အားထုတ်ခဲ့သည့်သမယဝယ် လေးပါးစလုံးပင် အရဟတ္တဖိုလ်သို့ ဆိုက်ခဲ့ကြပါပြီကော။ သည့်အတွက် တရားသဘင်၌ ရဟန်းအချို့က ဘုရားရှင်၏ သည်းခံနိုင်မှု၊ ချေချွတ်ကယ်တင်နိုင်မှု ဂုဏ်ပုဒ်တို့ကို ဖော်ထုတ် ချီးမွမ်းမိကြလေသည်။ ထိုအဖြစ်ကို ဘုရားရှင်သိတော်မူလေသော်…

"ချစ်သား ရဟန်းတို့။ ငါဘုရား၏ ပြည့်စုံလှစွာသော သည်းခံမှုတရားကြောင့် လူအပေါင်းတို့၏ အားကိုးရာဖြစ်သည်မှာ မှန်ပေသည်"

ဟူ၍ ဆိုမိန့်ပြီးသည့်နောက်…

"အကြင်ပုဂ္ဂိုလ်သည် ဆဲရေးခြင်း၊ ပုတ်ခတ်ညှဉ်းဆဲခြင်း၊ နှောင်ဖွဲ့ခြင်းကို အမျက်မထွက်ဘဲ သည်းခံ၏။ သည်းခံခြင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဗြဟ္မဏဖြစ်ချေ၏"

ဟူ၍ 'အက္ကောသံ ဝဓဗန္ဓဉ္စ' ဂါထာတော်ကို ဟောကြားလိုက်လေသောအခါ တရားနာသဘင်အတွင်းရှိ တရားနာပရိသတ်အပေါင်းတို့ထံမှ ကောင်းချီးပေးသံတို့မှာ ဘဝဂ်လျှံသွားလေတော့သတည်း။

◆

(၂၀၀၃၊ ရှုလိုင်၊ ဂန္ထဝင်မဂ္ဂဇင်း)

ကျမ်းကိုး

❖ ဗြဟ္မဏဝဂ်၊ တစ်ဆယ့်ခြောက်ရမြောက် အက္ကောသက ဘာရဒွါဇ ဝတ္ထု။

## တစ်မိုးအောက်မှာ

"ဒါယိကာမကြီး"

"တင်ပါ့ဘုရား"

"ဒါယိကာမကြီးအနေနဲ့ ဝန်မလေးဘူးဆိုရင်ဖြင့် ဟောဒီ တည်းခိုရိပ်သာမှာ တစ်ညလောက်တည်းခိုပါရစေ"

အပြင်ဘက်မှာတော့ ပုစွန်ဆီရောင်သမ်းနေသော နေလုံးကြီးက မျက်ကွယ်ပြုသွားလေပြီမို့ အမှောင်ရိပ်သည် ပါးလျရာမှ ထူထူထဲထဲ ဖြစ်ဖို့ ကြိုးစားလာခဲ့ချေပြီ။ သူမအဖို့ သည်တည်းခိုရိပ်သာလေးကို ဖွင့်ထားခဲ့သည်မှာ ကြာလှပြီဟုတော့ မဆိုသာ။ သည်ရွာကလေးမှာက ကျောင်းကန်ဇရပ်မရှိ။ သို့ဖြစ်၍ ခရီးသွားများအတွက် တည်းဖို့ခိုဖို့ရာ၌ အခက်အခဲရှိတတ်ကြ၏။ သို့ဖြစ်၍ သူလည်း အကျိုးရှိ ကိုယ်လည်း အကျိုးရှိရလေအောင် တည်းခိုရိပ်သာကလေး ဖွင့်ခဲ့သည်ဆိုလျှင် မမှား။

သည်တည်းခိုရိပ်သာကလေးသည် ကောသလတိုင်းအတွင်းမှာ ရှိသည့် ရွာကလေးတစ်ရွာမှာ ဖြစ်၏။ သည်ရွာမှ ရှေ့ဆက် လျှောက်လှမ်းလျှင် သာဝတ္ထိသို့ ရောက်ရှိသွားပေလိမ့်မည်။ ယခုလည်း အရှင်အနုရုဒ္ဓါသည် သာဝတ္ထိသို့ကြွလှမ်းခဲ့ရာမှ သည်ရွာကလေးသို့ ရောက်တော့ ရှေ့ဆက်သွား၍ မဖြစ်အောင် အမှောင်ကွန်ရက်က ဖြန့်ကြက်လာခဲ့ပေပြီ။ သို့ဖြစ်၍လည်း သည်တည်းခိုရိပ်သာကလေးသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ဘယ်ရေးရေစက်ကြောင့်လဲဟူ၍တော့ မသိ။

ရိပ်သာပိုင်ရှင် သူမအဖို့ ရှင်အနုရုဒ္ဓါကို မြင်တွေ့ရသည့်တဒင်္ဂ ငြိမ်သက်နေသော သူမ၏နှလုံးသားကန်ရေပြင်သည် လှိုင်းဂယက် အစုအဝေးများပမာ ဝိုင်းစက်လှ ပြေးသွားပါချေတော့၏။ သာယာခြင်း၊ ကြည်နူးခြင်း၊ နှစ်လိုခြင်း၊ တစိမ့်စိမ့်ကြည့်လိုခြင်း၊ အလိုရှိသမျှ ဖြည့်ဆည်းပေးလိုခြင်းဆိုသည့် တစ်ဖက်သတ်အချစ်၏ စေစားမှုက လည်း သူမ၏နှလုံးသည်းစိုင်တို့ကို မခိုင့်တခိုင်ဖြစ်အောင် နှံ့နေကြပါ ချေပြီ။

"တည်းခိုတော်မူပါ အရှင်ဘုရား။

တစ်ညလောက်သာ မဟုတ်ပါဘူး။ အရှင်ဘုရားအလိုရှိသရွေ့ ကာလအကန့်အသတ်မရှိ တည်းခိုနိုင်ပါတယ်ဘုရား။ ပြီးတော့ ဆွမ်းကွမ်းအတွက်လည်း မပူရပါဘူး။ အစစအရာရာ ပြည့်စုံစေရ ပါမယ် အရှင်ဘုရား"

"သာဓုပါ…ဒါယိကာမကြီး…သာဓုပါ"

ရှင်အနုရုဒ္ဓါ၏ နှုတ်ထွက်စကားက သူမ၏ နားယံထဲမှာတော့ ချိုမြသော ပျားရည်တွေနှင့် မခြားပြီ။ ရှင်အနုရုဒ္ဓါလည်း ရိပ်သာပိုင်ရှင်ထံမှ ခွင့်ပြုချက်ရပြီမို့ သင့်လျော်လျောက်ပတ်မည့်နေရာကို ရွေးချယ်ရှင်းလင်းကာ သီတင်းသုံးနေလိုက်သည်။ သူမအဖို့ အရှင့်အတွက်ဘာတွေများ ဆောင်ရွက်ပေးရလျှင် ကောင်းမည်ထင်ပဟု အတွေးရက်ကန်းရှယ်နေစဉ်မှာပင် လူတချို့၏စကားသံတွေက အတွေးအာရုံတို့ကို ပျက်ပြားသွားစေခဲ့သည်။

"ငါ့နှမရေ။ တို့များ ဒီည ဒီရိပ်သာမှာတည်းခိုကြမယ်ဟော့။ အစားအသောက်လည်း စီစဉ်ပေးဦးနော်"

သည်စကားကိုဆိုလေတော့ အစိမ်းသက်သက် ခရီးသွားတွေမဟုတ်တာ သေချာသွားချေပြီ။ မှန်သည့် အတိုင်းဆိုရလျှင် သူမအဖို့ ဤရိပ်သာ၌ ယခုညအဖို့ ရှင်အနုရုဒ္ဓါတစ်ပါးတည်းသာ ရှိနေစေချင်သည်က အမှန်။ သို့သော် ရိပ်သာက အကျယ်ကြီး။ သည့်အတွက် ငြင်းဆန်ဖို့ရာလည်း မကောင်းတတ်လေရကား ချိုသာနူးညံ့စွာဖြင့်ပင် ဥပါယ်တံမျဉ်စကားဆိုရသည်။

"မောင်ကြီးတို့ရေ။ ဟောဟိုမှာ ရဟန်းတစ်ပါး တွေ့တယ်မဟုတ်လား။ အင်း… အဲဒီရဟန်းဟာ စောစောကတည်းကရောက်နေတာ။ ဆူဆူညံညံဆို နှစ်သက်မယ်မထင်ဘူး။ ဒီတော့ အဲဒီရဟန်းဆီ ခွင့်တောင်းကြည့်လေ။ ရဟန်းက ခွင့်ပြုတယ်ဆိုရင်တည်းကြခိုကြပေါ့"

"ဟုတ်တယ်။ ငါ့နှမပြောတာ လက်ခံတယ်။ ကဲ…လာဟော့။ ရှင်ရဟန်းကို တို့များ သွားလျှောက်ကြမယ်"

အသက်ကြီးကြီးအမျိုးသားတစ်ဦးက ဦးဆောင်လျက် ရှင်အနုရုဒ္ဓါရှေ့တော်မှောက်သို့ အရောက်သွားကာ တည်းခိုခွင့်ကို လျှောက်ထားကြသည်။

"ခွင့်ပြုပါတယ် ဒကာတို့။ ခွင့်ပြုပါတယ်။ စိတ်အေးချမ်းသာ လွတ်လပ်စွာ တည်းကြခိုကြပါ"

"ဝမ်းမြောက်လှပါတယ် အရှင်ဘုရား"

သူတို့သူတို့တွေ ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြလင့်ကစား သူမအဖို့တော့ စိတ်ထဲ၌ ကသိကအောက်ဖြစ်သွားခဲ့ရချေသည်။ သို့သော် မည်သူမည်ဝါမှ မရိပ်မိအောင် အမူအရာတို့ကို ထိန်းချုပ်ထားနိုင်ခဲ့လေသည်။

မာယာပရိယာယ်ဆိုတာ ဒါများလားကွယ်။

✵

သည်ရိပ်သာမှာ ကြည်ညိုဖွယ်ရာကောင်းလှစွာသော ဂေါတမဘုရားရှင်၏သားတော် ရဟန်းတစ်ပါးရှိနေသည့်အဖြစ်က တည်းခိုသူခရီးသည်အပေါင်းကို မွေ့မွေ့သိမ်သိမ် ဣန္ဒြေရရဖြစ်စေခဲ့သည်။ သည်အချက်ကို သူမသည် စဉ်းစားနေမိ၏။ သူမ ရှေ့ဆက်ဘာလုပ်ရလျှင်ကောင်းမှာပါလိမ့်။

"ဟာ…ဟုတ်ပြီ။ ဒီအကြံမဆိုးဘူး"

ရှည်ရှည်ဝေးဝေး တွေးတွေးဆဆ မကြံလိုက်ရ။ တဒင်္ဂခဏမှာပင် သူမသည် လှပသော အဆင်အသွေးတွေ ရက်ဖောက်ထား

သည့် ကွန်ရက်တစ်ခုကို ဖန်တီးနိုင်ခဲ့ပြီဟု ဆိုရလိမ့်မည်တကား။ သည်တော့လည်း သက်ပြင်းအမောတို့ကို ဖြုတ်ခြေချခဲ့ရင်း အရှင့်ထံမှောက်သို့ ရောက်ခဲ့ရပြန်ပါပြီ။

"ဘာကိစ္စရှိလို့လဲ ဒါယိကာမကြီး"

"အရှင်ဘုရား။ ဟောဟိုက ခရီးသည်တွေနဲ့ ရောရောနှောနှော နေပါလျှင် ချမ်းချမ်းသာသာ ကျိန်းစက်ရမယ် မထင်ပါဘုရား။ အရှင်ဘုရားအတွက် ရိပ်သာအတွင်းခန်းမှာ ခုတင်ခင်းထားတဲ့အကြောင်း လာရောက်လျှောက်ထားတာပါ အရှင်ဘုရား"

"ဒါဖြင့်လည်း ဒါယိကာမကြီးရဲ့ အစီအစဉ် အတိုင်းပေပဲပေါ့"

သည်မျှသာ စကားဆိုပြီးသည့်နောက် အရှင်လည်း သူ့အသုံးအဆောင်တို့ကို ယူငင်၍ အတွင်းခန်းသို့ လှမ်းကြွလာခဲ့တော့သည်။

အို…ခုတင်တစ်လုံး။

ပြီးတော့ ခန်းဆီးတွေ၊ လိုက်ကာတွေ။ နောက် အခန်းကလည်း လုံလုံခြုံခြုံ။

သည်အခန်းထဲသို့ အရှင်ဝင်ရောက်လာချိန်မှာတော့ သူမသည် အနောက်ဘက်တံခါးကို လှပ်ဖွင့်လျက် ထွက်သွားခဲ့လေသည်။ အရှင်သည် တောင်တောင်အီအီ ဘာမျှစဉ်းစားမနေတော့။ မနက်ဖြန်စောစော သာဝတ္ထိကိုရောက်ဖို့ လျှောက်လှမ်းရဦးမည် မဟုတ်ပါလား။ သည်တော့လည်း ခုတင်ပေါ်ဝယ် ဣရိယာပုတ်မျှတအောင် လဲလျောင်းနေမိတော့သည်။

သိပ်မကြာလိုက်။ အရှင်၏နှာဝသို့ ရနံ့တစ်ခုရသည်။ မွှေးကြိုင်ပျံ့သင်းသော နံ့သာရနံ့။ သည်ရနံ့ကြောင့် ပိတ်ထားသော မျက်ခွံတို့ကို ဖွင့်လိုက်သည်။

အို…ဘယ်လိုဖြစ်ရတာပါလိမ့်။ အမြင်လွှာသည် ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား။ သူမသည် အလှပြင်ခန်း၌ ထုံခဲ့၊ သခဲ့၊ ဆင်ခဲ့လေဟန်တူသည်။ ရနံ့က သင်းပျံ့သလို ဝတ်စားဆင်ယင်မှုများလည်း ပင်ကိုမြွှန်းသော အလှနှင့် တင့်မောဖွယ်ရာဖြစ်နေသည်။ ပြီးတော့လည်း ပြင်ထားဆင်ထားလိုက်သည်က နတ်မိမယ်အလား ထင်ယောင်ယိုးမှားလှစွာ။ သည်ကတည်းက အရှင်အဖို့ လာခြင်း မကောင်းတော့ဟု သဘောပိုက်လိုက်ဟန်တူသည်။

"ဘာကိစ္စလဲ ဒါယိကာမကြီး"

"အရှင်ဘုရား။ အခု တပည့်တော်မ လာရခြင်းကိစ္စကို မသိဘူးလား။ မရိပ်စားမိဘူးလား ဘုရား"

အရှင်သည် ဘာမျှမပြော။ စက္ခုဣန္ဒြေအပြည့်ဖြင့် မျက်လွှာကို ချကာ ဝင်သက်ထွက်သက်ကိုပဲ အမှတ်အသားလုပ်နေမိခဲ့သည်။

"အ,လိုက်ပါဘိ အရှင်ဘုရားရယ်။ အရှင်ဘုရားဟာ သိပ်ကိုချော၊ သိပ်ကိုလှပြီး ကြည့်မဝရှုမဝနဲ့ တပည့်တော်မကို စိတ်ကြည်လင်အောင် ဆွဲဆောင်မှုပေးနေပါတယ်။ တပည့်တော်မကော မချောဘူးလား။ မလှဘူးလား။ အရှင့်ကို စိတ်ကြည်လင်အောင် ဆွဲဆောင်မှု မပေးနိုင်ဘူးလားဟင်။ ပြောပါအရှင်ရဲ့။ ပြောပါ။

ဒီမယ်အရှင် တပည့်တော်တို့နှစ်ဦးသား ခုပဲ ဘဝတစ်ခုကို ပျော်ပျော်ကြီးတည်ဆောက်လိုက်ကြရင် မကောင်းဘူးလားဟင်။

'ရွှေနဲ့မြ' 'နေနဲ့လ'ဆိုသလို အင်မတန်မှ ရှေ့သွားနောက်လိုက်ညီပါ လိမ့်မယ်။ မဟုတ်ဘူးလားဟင်။ ပြောပါ။ ပြောပြစမ်းပါအရှင်ရဲ့။

ဒီတော့ အရှင့်ကို တပည့်တော်မ တောင်းပန်ပါရစေ။ တပည့်တော်မဟာ အခုချိန်ကစပြီး အရှင်ဘုရားရဲ့ အလုပ်အကျွေး မယား ဖြစ်ပါရစေ။ တပည့်တော်မကို သိမ်းပိုက်တော်မူပါ။ တပည့် တော်မ ပိုင်ဆိုင်တဲ့ ဥစ္စာပစ္စည်းအကုန်ကိုလည်း သိမ်းပိုက်တော်မူပါ"

အသံက နွဲ့နှောင်းနေသည်။ ပျို့ဗှာသံတွေလွှမ်းသလို မူရာဟန်နှင့် ပူဆာသဏ္ဍာန်တွေကလည်း အုံအုံဖွဲ့ဖွဲ့။

"ဘယ်လိုလဲအရှင်ရဲ့။ တပည့်တော်မကို မယားအဖြစ် အခု ကတည်းက သတ်မှတ်တော့မယ် မဟုတ်လား။ အရှင့်အတွက် တပည့် တော်မဘက်က ကြည်ကြည်ဖြူဖြူပါဘုရား။ တပည့်တော်မကို ခြေ သုတ်ပုဆိုးနှယ် သဘောထားတော်မူပါဘုရား"

ဆာလောင်သော၊ ဟိုက်မောသော၊ ဇောကြွသော၊ လှိုင်းထန် သော၊ မီးတောက်သော၊ ပြင်းပြသော၊ မွတ်သိပ်သော၊ ငံ့လင့်သော၊ မျှော်လင့်သော အလိုရမ္မက်စကားတွေက သုံးကြိမ်သုံးလီတိုင်ရှိပြီဆို သော်ငြား ရှင်အနုရုဒ္ဓါကမူ မတုန်မလှုပ်။ ဘာကိုမျှ အမှုမထားဟန်၊ အမှတ်မထားဟန်၊ နားမဝင်ဟန်ဖြင့် ငြိမ်သက်တည်ကြည်စွာ ရှေးတူရူ ကိုကြည့်ငေးရင်း အနေအထားမပျက် သီတင်းသုံးနေတော်မူခဲ့သည်။

သူမအဖို့ အပြောလောက်နှင့် သူမအလိုရှိရာသို့ တစ်ဖက်သား မလိုက်ပါနိုင်မှန်း သဘောပေါက်သွား၍လား မပြောတတ်။ ဗျူဟာ တစ်ခုကို ပြောင်းလဲပစ်လိုက်လေတော့သည်။ သူမ ဘာများလုပ်သည် ထင်ပါသနည်း။

အရှင်၏ မြင်ကွင်းရှေ့တည့်တည့်သို့ ရပ်လိုက်သည်။

ပြီးတော့ ကိုယ်ခန္ဓာပေါ်၌ ဆင်မြန်းထားသော ရတနာပစ္စည်းတို့ကို ချွတ်ချလိုက်သည်။ နောက် ဟီရိဩတ္တပ္ပတရားကို ကျားကန်ပေးသော အဝတ်အစားများကိုပါ ဖယ်ရှားလိုက်ပြီးသကာလ လေသိမ်းတိုင်း နွဲ့လေသည့်အလား ပြေပြစ်လှပ အချိုးအဆစ်ကျနလှစွာသော ရှိုက်ကြီးဖိုငယ် ခန္ဓာအသွယ်သွယ်အား အရှင့်အာရုံကို ဖမ်းစားနိုင်ဖို့ အရေး ညွတ်ကွေး၍လည်း ပြ၏။ ပြေလျော့၍လည်း ပြ၏။ လှုပ်ရှား၍လည်း ပြ၏။ ထိုင်၍လည်း ပြ၏။ လျောင်းစက်၍လည်း ပြ၏။ နက်မှောင်ရှည်သွယ်သော ကေသာတို့ကို ကျောပြင်တစ်လျှောက် ဖြန့်ကြဲ၍ တဏှာမုန်တို့ကို ယိုစိမ့်ထွက်လာအောင် ယက်ထုတ်၏။

သို့သော် သူမ မည်သို့မည်ပုံ ကြိုးစားကြိုးစား သူမ၏ လိုလားချက်ကတော့ အချည်းနှီးသာတည်း။ အရှင်၏ ဣန္ဒြေကား တစ်ချက်ကလေးမျှ ယိမ်းယိုင်မသွားခဲ့။ စက္ခုဣန္ဒြေကား မွေ့သိမ်လွန်းလှပါချေ၏။ အရှင်သည် သူမအား ကြည့်လည်း မကြည့်။ ပြောလည်း မပြော။ သည်တော့ သူမ များစွာအံ့အားသင့်ရပါချေ၏။

'အလိုလေး…ဆန်းကြယ်လှရန်ကော။ ငါ တစ်သက်နဲ့တစ်ခါ ဒါမျိုးမကြုံကြိုက်ဖူးဘူး။ သူများတကာတွေဆို ငါ့ကို အလိုရှိကြလွန်းလို့ ကြေးဘယ်လောက်တင်တောင်းရမလဲ။ တောင်းသလောက် တင်မယ်ဆိုပြီး စေ့စပ်ကြောင်းလမ်းလာကြတာချည်းပဲ။ ဒီရဟန်း အရှင်ကတော့ ငါကိုယ်တိုင်တောင်းတောင်း ပန်ပန်ခခယယရှိတာ တောင်မှ အခွင့်အရေးပေးတာတောင်မှ ငါ့ကို သိမ်းပိုက်ဖို့လည်း စိတ်မရှိဘူး။ ငါပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေကိုလည်း မသိမ်းပိုက်ဘူး။

ဒါ…ဒါဆို…ငါမှားပြီ။ တကယ့်သူတော်ကောင်း ရဟန္တာကိုမှ စော်ကားမော်ကားပြုမူခဲ့တယ်။ ငါ…ငါ…ငါဟာ သာသနာဖျက်မ

အသိစိတ်ကလေးတစ်ချက်က လက်ခနဲဆိုသလို သူမ၏ အာရုံကို လင်းပြက်လိုက်ချေသည်။ အသိမှန်ဝင်ရောက်လာလေတော့ ရှက်ရကြောက်ရမှန်း သိလာသည်။ ထို့ကြောင့် ကြမ်းပြင်၌ပြန့်ကြဲနေသော အဝတ်အစားတို့ကို ကောက်ယူကာ အရှက်တရားတို့ကို လွှမ်းခြုံလိုက်သည်။

"အရှင်ဘုရား။ အမိုက်အမဲ တပည့်တော်မကို ခွင့်လွှတ်သနားပါဘုရား။ ကိလေသာစိတ်ကို ချုန်းမအုပ်နိုင်လို့ တပည့်တော်မ မှားခဲ့ပါတယ်ဘုရား။ သနားသည်းခံခြင်းဖြင့် ခွင့်လွှတ်သနားတော်မူပါ အရှင်ဘုရား။ တပည့်တော်မ ရှိသေစွာ ဦးခိုက်ပူဇော်လို့ လျှောက်ထားတောင်းပန်ပါတယ်ဘုရား"

ရှက်စိတ်၊ ဝမ်းနည်းစိတ်တို့နှင့်အတူ နောင်တတရားတွေက သူမ၏ မို့ညက်သောပါးပြင်နှစ်ဖက်အား ချောင်းကလေးနှစ်သွယ် ဖောက်စေခဲ့သည်။

"အို…ဒါယိကာမ သင့်ကို ငါခွင့်လွှတ်တယ်။ သင် အခုပဲ သည်အခန်းက ထွက်ခွာပါလေတော့"

"ကျေးဇူးတင် ဝမ်းမြောက်လှပါတယ် အရှင်ဘုရား။ တပည့်တော်မ အရှင့်စကားကို မြေဝယ်မကျ ပန်ဆင်သပါ့မယ်ဘုရား"

သူမထွက်သွားတော့မှ ဤအခန်းကလေးသည် သန္တိသုခတို့ ဖြန့်ကြက်ခွင့် ရသွားခဲ့ကြဟန် တူသည်။ အပူတွေ မရှိတော့။ အခန်း

တစ်ခုလုံးသည် ဟေမန္တ၏ ရွှေတော်ပြေး မြောက်ပြန်လေအေးတို့ တိုးဝှေ့လာလေသလားဟု ထင်မှတ်မှားရလောက်အောင် မြမြကလေး အေးသွားလေတော့သည်။

❊

အဆိုးထဲမှ အကောင်းဟု ဆိုရပါချိမ့်။

သူမသည် အရှင့်အား အရဏ်ဆွမ်းကို ကပ်ခွင့် ရခဲ့သည်။

သင့်တော်ရာနေရာတွင် ဣန္ဒြေရစွာထိုင်လျက် တရားရေအေး အမြိုက်ဆေးကို အရှင့်ထံမှ သောက်သုံးခွင့် ရရှိလိုက်သည်။ သည် တရားရေအေးကြောင့်ဖြစ်မည်ထင်သည်။ သူမသည် ယခုအခါ၌ သရဏဂုံဆောက်တည်နိုင်လိုက်သည့် ဗုဒ္ဓဘာသာဝင် ဥပါသိကာမ စစ်စစ် ဖြစ်ခဲ့ပါချေပြီ။

သည်လိုနှင့် တည်းခိုရိပ်သာကလေးမှ ထွက်ခွာလာခဲ့ပြီး သာဝတ္ထိကိုရောက်တော့ ရင်ထဲ၌ ဘာမျှ သိုဝှက်မထားတတ်သူပီပီ အရှင့်နှုတ်မှ အဖြစ်အပျက်အလုံးစုံတို့ ထွက်ပေါ်လာခဲ့ချေတော့၏။ ထိုစကားကို ရဟန်းများသည် တစ်ပါးပြီးတစ်ပါး သယ်ဆောင်ကြ လေသော် နောက်ဆုံး၌ ဂေါတမဘုရားရှင်ထံသို့ ရောက်ရှိသွားခဲ့ လေသည်။

ထိုအခါ ဘုရားရှင်သည် ရှင်အနုရုဒ္ဓါအား ရွှေတော်မှောက်သို့ ခေါ်လိုက်ပြီး မာတုဂါမနှင့်အတူ တစ်မိုးအောက်မှာ အဘယ်ကြောင့် အိပ်စက်ရသနည်း ဟူ၍ မေးမြန်းခဲ့ချေ၏။ အရှင်အနုရုဒ္ဓါထံမှ အဖြစ်

အပျက်အလုံးစုံကို ကြားသိပြီးသောအခါ အရှင်အနုရုဒ္ဓါအား ကဲ့ရဲ့အပြစ်တင်ပြီးသကာလ…

"မာတုဂါမနှင့်အတူ တစ်မိုးတစ်ရံတည်းဖြစ်သော အဆောက်အဦမျိုးမှာ မအိပ်ရ။ အကယ်၍ အိပ်စက်မိပါက အိပ်စက်သည့်ရဟန်း၌ ပါစိတ်အာပတ်သင့်စေသတည်း"

ဟူ၍ သိက္ခာပုဒ်ကို ပညတ်တော်မူလိုက်လေသည်။

ရှင်အနုရုဒ္ဓါအဖို့ တစ်မိုးအောက်၏အပြစ်ကို ခုမှပဲ သိရချေတော့သည်။ သူကြုံတွေ့ခဲ့ရသော အတွေ့အကြုံအဖြစ်အပျက်က ရဟန်းသံဃာတော်များအဖို့ အမှားနှံ့တွင်း မသက်ဆင်းနိုင်အောင် ဝိနည်းသိက္ခာပုဒ်ဖြစ်စေခဲ့သည့်အတွက်လည်း သာသနာတော်ကြီး ရေရှည်တည်တံ့ရေး၊ သန့်ရှင်းခိုင်ကြည်ရေးအတွက် ကောင်းမြတ်သည့် လိုက်နာဖွယ် စည်းကမ်းတစ်ရပ်အဖြစ် ကျေနပ်စွာလက်ခံလိုက်ပါတော့သတည်း။

◆

**(၂၀၀၃၊ ဇွန်လ၊ သီလဝမဂ္ဂဇင်း)**

ကျမ်းကိုး

❖ **မြောင်းမြမြို့ တိုက်သစ်ပဓာနတာရုံစာသင်တိုက် အရှင်ကုမာရ၏ 'ရဟန်းတော်များ အိမ်မှာ မတည်းခိုသင့်'စာစုအား မှီငြမ်းပါသည်။**

## လိပ်ပြာအတောင် ညောင်းခဲ့ပြီ

"ဘာ… သူ့နာမည်က စိတ္တဟဋ္ဌ ဟုတ်လား"

"ဟုတ်တယ်လေကွယ်။ စိတ်အလိုကို ချက်ချင်းလိုက်တတ်ပြီး ခုရဟန်းဝတ်လိုက်၊ တော်ကြာ လူဝတ်ပြန်လဲလိုက်နဲ့ တစ်ကြိမ်တစ်ခါ တင်မကဘူး။ ခြောက်ကြိမ်ခြောက်ခါတိတိတောင်မှ ဝတ်လိုက် ထွက်လိုက် လုပ်တာကြောင့် အဲဒီစိတ္တဟဋ္ဌဆိုတဲ့ အမည်သညာတွင်ခဲ့တာပ"

"ဩော်… တော်တော်လည်း စိတ်အာရုံနောက် ကောက်ကောက်ပါအောင် လိုက်တတ်သူပါကလား"

ပတ်ဝန်းကျင်က မည်သို့ဆိုဆို၊ မည်သို့ပြောပြော သူကတော့ မှုနေလိမ့်မည်မဟုတ်။ သည်သာဝတ္ထိမှာတော့ သူသည် အများတကာ နှင့် 'ဝင်စို့ ထွက်စို့'ကြီးသဖွယ် စံထားပြောဆိုခြင်းခံနေရတာ သေချာသည်။ သည့်အတွက်တော့ သူ့ဘက်က ဒေါသထွက်လိမ့်မည်တော့

မဟုတ်။ ဘာကြောင့်ဆို သူတို့ သူတို့၏ ပြောဆိုသောစကားတွေက မှုသားတွေမှ မဟုတ်ပါဘဲကလား။

ခြောက်ကြိမ်မြောက်ရောက်ရှိလာဖို့အတွက် မြစ်ဖျားခံရာဖြစ်သော ပထမအကြိမ်ကို သူပြန်လည် တိမ်းငဲ့ကြည့်လိုက်သည်။ အရာရာသည် ထင်ထင်ရှားရှား။

❋

ပျောက်ဆုံးနေသော နွားကို ရှာဖို့ သူမနက်ခင်းကတည်းကသည်တောစပ်သို့ ရောက်ခဲ့သည်။ ပြီးတော့ တောအုပ်အတွင်းဝင်တိုးကာ သူ့နွား နားလည်နိုင်သည့် အသံသင်္ကေတကိုပြုရင်း…

"ဝပ်ထရိန်း…"

ဟော… ပျောက်လေသော နွားက သူ့သခင်၏ အသံကို မှတ်မိ၍ထင့်။ အသံပြန်လည်ပေးရှာသည်။ နွား၏ လည်သိုင်းကြိုးသည် ငုတ်ကောက်စတစ်ခုဖြင့်ငြိနေ၍ ဘယ်လိုမှ အိမ်မပြန်နိုင်ခြင်းဖြစ်သည်။ သူရောက်လာမှ ငြိနေသည်တို့ကို ရှင်းပေးနိုင်တော့သည်။

"ကဲ… သွားသွား… တောစပ်မှာ မင်းအဖော်တွေရှိတယ်"

သခင့်စကားကို နားလည်သော နွားသည် သွက်လက်မြူးကြွစွာဖြင့်ပင် အမြီးကို ခါယမ်းလျှက် တောလမ်းကလေးအတိုင်း ကဆုန်ပေါက်ထွက်သွားလေသည်။

ကောင်းကင်ကို မော့ကြည့်တော့ နေလုံးသည် ရူးရူးရဲရဲ။

နေပင် မွန်းတည့်ချေပြီ။

"အင်း... ဗိုက်တောင် ဆာလာပြီ။ အတော်ပဲ။ ရှေ့မှာ တောကျောင်းလေး တစ်ကျောင်း။ ဝင်ပြီး ဝတ်ဖြည့်ရင် ဆွမ်းကျန် ကွမ်းကျန်လေးတော့ စားရမှာပလေ"

သည်သို့သော ရည်ရွယ်ချက်ဖြင့် သူ တောကျောင်းကလေးသို့ ဝင်လိုက်ပါချေသည်။

သူရောက်ရှိသွားချိန်ဝယ် ရဟန်းတို့အားလုံး ဆွမ်းကိစ္စ ပြီးချေပြီ။

သူသည် ရဟန်းတို့အား ထိခြင်းငါးပါးဖြင့် ရှိခိုးပြီးနောက် သင့်ရာအရပ်တွင် ခေတ္တအမောဖြေလိုက်သည်။

"ဟဲ့ ဒကာ... မနက်စာကော စားပြီးခဲ့ရဲ့လား"

"နွားပျောက်ရှာနေရတာ စောစောကမှ တွေ့တာမို့ ဘာဆိုဘာမှ မစားရ မသောက်ရသေးပါဘူး"

"ဟာ... ဒါဆို ဆာနေရောပေါ့။ နေတောင် မြင့်မှပဲ။ ကဲ... ကပ္ပိယရေ။ ဆွမ်းတောင်းထဲက ဆွမ်းကျန် ဟင်းကျန်လေးတွေကို ချကျွေးလိုက်ပါကွယ်"

ဆွမ်းကျန် ဟင်းကျန်သာ ဆိုသည်။ အကျန်တွေက တကယ့်ကို အများသား။ ပြီးတော့ ဖြစ်ကတတ်ဆန်းဟင်းလျာတွေ မဟုတ်။ တကယ့်ဟင်းကောင်းကျွေးကောင်းများ။ သည်တော့လည်း ဆာလောင်နေသူပီပီ ခေါင်းမဖော်တမ်းပင် တစ်ပန်းကန်ပြီး တစ်ပန်းကန် စားသောက်နေမိတော့သည်။ ထမင်းဝပြီဆိုတော့ ဆေးစရာရှိသည်တို့ကို ဆေးကြောကာ ရဟန်းတို့အား ရှိခိုးရင်း...

"အရှင်ဘုရားတို့။ ဆွမ်းတွေ ဆွမ်းဟင်းတွေ ဒီလောက်ကောင်းကောင်းမွန်မွန်နဲ့ ဒီလောက်ပေါပေါများများရှိလှတာ ဒီကနေ့ ဆွမ်းကျွေးအလှူများ ရှိလို့လားဘုရား"

ဟူ၍ လျှောက်ထားလိုက်သည်။ အမှန်တကယ်လည်း ဤကိစ္စကို သူသိလိုလှသည်။

ဤကဲ့သို့ ရွာခြေဇနပုဒ်နှင့် ခပ်လှမ်းလှမ်းရှိ တောကျောင်းကလေးအနေဖြင့် ဤသို့ဤပုံ ဆွမ်းကွမ်းပြည့်စုံလှသည်မှာ အလှူအတန်းရှိ၍သာ ဖြစ်နိုင်သည်ဟု သူမှတ်ယူထားခဲ့သည်။ သို့ပါသော်ငြား…

"ဒကာ… ဒီကနေ့ ဆွမ်းကျွေးအလှူ မရှိပါ။ ဆွမ်းကျွေးအလှူမရှိသော်လည်း ဤကျောင်း၌ ဆွမ်း၊ ဆွမ်းဟင်းတို့မည်သည်ယခု ဒကာ စားသောက်ရသည့်အတိုင်း ပြည့်စုံမြဲ ပြည့်စုံသည်သာဖြစ်ပေ၏ ဒကာ"

ဟူ၍ ဆိုလေသော် သူစဉ်းစားခန်း ဝင်မိလေတော့သည်။

'ကြည့်စမ်း။ ငါဟာ အလုပ်ကို လက်နဲ့ ပြတ်တယ်လို့ မရှိအောင် နေ့နေ့ညည လုပ်နေကိုင်နေရပေမဲ့ စားရသောက်ရတော့ ဟောဒီကိုယ်တော်တွေလောက်တောင်မှ ကောင်းကောင်းမွန်မွန် မစားသောက်ရပါကလား။ ဒီကိုယ်တော်တွေဟာ ငါ့လောက် ဘာမှ မပင်ပန်းကြပေမဲ့ ငါ့ထက် ကောင်းကောင်းမွန်မွန် စားရသောက်ရတယ်။ ငါလူအဖြစ်ဆက်နေရင် ဆက်ပြီး ပင်ပန်းရုံရှိမှာပဲ။ ဒီလိုမျိုး ကောင်းကောင်းမွန်မွန် စားသောက်ရမှာ မဟုတ်ဘူး။ အကယ်တန္တု ဒီကျောင်း

မှာပဲ ရဟန်းပြုလိုက်ရရင် ပင်ပင်ပန်းပန်းအလုပ်တွေလည်း လုပ်စရာ မလိုတော့ဘူး။ အရသာရှိတာတွေ နေ့တိုင်း စားရသောက်ရတော့မယ်။ ဒီတော့ ငါ့အဖို့ ရဟန်းဝတ်လိုက်တာ အကောင်းဆုံးပဲ"

သည်အတွေး ပေါ်ပေါက်လာလေသော် ခဏကလေးပင် ဆိုင်းမနေတော့။ ကျောင်းရှိ ရဟန်းသံဃာတို့ကို နားငင်အောင် လျှောက်တင်၍ ရဟန်းအဖြစ်ကို တောင်းပန်လေတော့သည်။ ရဟန်းတွေကလည်း သူ့အပေါ် သနားကရုဏာသက်ကြသည်နှင့်အညီ သူ ဖြစ်လိုသော ရဟန်းဘဝသို့ရောက်အောင် ပို့ဆောင်ပေးလိုက်ကြချေသည်။ ကျောင်း၌ ဝါအငယ်ဆုံးဖြစ်သဖြင့် သူ့ထက်ဝါကြီးသော ရဟန်းသံဃာတို့၏ ဝတ်ကြီးဝတ်ငယ်တို့ကို ပြုစုပေးရလေသည်။ ဒါ လူ့ဘဝတုန်းက လုပ်ရသည့် အလုပ်တွေနှင့် နှိုင်းစာသော် အသေးအမွှားကလေးရယ်သာ။

ထို့နောက် ဆွမ်းစားချိန်ရောက်တော့ သူဆန္ဒအာသာရှိသော ဆွမ်း၊ ဆွမ်းဟင်းတို့ကို သူသည် လျှာကြောဆိမ့်မျှ စားရင်းသောက်ရင်း ကျေနပ်နေတော့သည်။ နှစ်ရက် သုံးရက်မြောက်လေသော် သူ၏ ကျသော ဝမ်းသည် အဆီပြင် အဆီခဲများစုလျက် ရွှဲကျဆူဖြိုးလာလေတော့သည်။ ထိုအခါဝယ် သူ့စိတ်သည် အိမ်တွင်ကျန်ရစ်ခဲ့သည့် အိမ်သူကို သတိရသလို ဖြစ်လာပြန်လေသည်။

"အင်း... ခုဆို ရှင်မတစ်ယောက် ငါမရှိတဲ့အခိုက် ငါ့အလုပ်တွေနဲ့ ဒေါင်ချာစိုင်းနေရှာမယ်။ ရွာက ကစော်သမားတွေကလည်း အိမ်ကို အဝင်အထွက်ရှိပါဘိ။ ဟယ်... ရှင်မကို စိတ်မချနိုင်ပါဘူး။ ဒီတော့ ငါ လူပြန်ထွက်ဦးမှ ဖြစ်မှာပါ"

လည်သွားသော စိတ်ကို သူ မဖမ်းနိုင်ပါ။ သည်တော့လည်း ကျောင်းရှိဥပဇ္ဈာယ်ဆရာများထံတွင် သိက္ခာချ လူဝတ်လဲ၍ လာရာလမ်းအဟောင်းကိုပဲ သူပြန်လည်လှမ်းလျှောက်သွားခဲ့ပါပြီကော။

✲

'ဟား… မလွယ်ပါလား။ လုပ်လိုက်ရတဲ့ အလုပ်တွေကလည်း တစ်ခုက မပြီးသေးဘူး။ နောက်တစ်ခုက ပေါ်လာပြီ။ စားရသောက်ရတာတွေကလည်း ငါးပိရယ်၊ ပဲဟင်းရယ်၊ တို့စရာရယ်။ ဒါကကို မတက်တော့ဘူး။ ဆီပြန်ဟင်းဆို ဝေလာဝေးရော'

လူ့အဖြစ်ကို ပြန်ပြောင်းတော့လည်း သူ့စိတ်မှာ ဘဝင်မကျစရာတွေက အပြည့်။ သင်္ကန်းဝတ်ခဲ့စဉ်က ဆူဆူဖြိုးဖြိုးရှိခဲ့သော သူ့ခန္ဓာကိုယ်မှာ ယခုတော့လည်း အအိပ်မမှန်၊ အစားမမှန်နှင့် ပိန်ပိန်ချုံးချုံး၊ ညှိုးညှိုးနွမ်းနွမ်း။

'ဒီလိုသာ ရှေ့ဆက်စခန်းသွားနေရရင် ငါတော့ လုံးပါးပါးမှာသေချာတယ်။ ဒီတော့ အရင်လို ရဟန်းပြန်ပြုတာပဲ ကောင်းတယ်'

သို့စဉ်းစားပြီးသည့်နောက် ချက်ချင်းလိုပင် သူ သံယောဇဉ်တွယ်ခဲ့သောတောကျောင်းကလေးရှိရာသို့ သုတ်ခြေတင်တော့သည်။ ရောက်သွားတော့လည်း ကျောင်းနေရဟန်း သံဃာများက သူဆန္ဒရှိသည့်အတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးလိုက်ကြသည်သာပင်။

သို့သော် သူ့စိတ်က ဆန်းကြယ်လှပါဘိတောင်း။

သင်္ကန်းဝတ်ပြီး သုံးရက်သာ ရပါသေး။ စိတ်က မတည်ငြိမ်တော့။ လူဝတ်လဲချင်စိတ်တွေ တဖွားဖွားပေါ်ပေါက်လာပြန်တော့

သည်။ သူသည် သူ့စိတ်ကို သူမနိုင်ချေ။ ထို့ကြောင့်လည်း လေးရက်မြောက်ပင် အရောက်မခံတော့ဘဲ လူဝတ်လဲခဲ့ပြန်လေသည်။

သည်သို့ ရဟန်းဝတ်လိုက်၊ လူပြန်ထွက်လိုက်နှင့် ဝိစိကိစ္စာတွေများနေခဲ့သည်မှာ အရေအတွက်အားဖြင့် ခြောက်ကြိမ်မြောက်ခဲ့ပြီဖြစ်၍ သူ့အား သာဝတ္ထိပြည်သူပြည်သားတွေက 'ခြောက်ကြိမ်မြောက်ကြီး' ဟူ၍ ကွယ်ရာ၌ ဝိသေသပြုထားလိုက်ကြပေသည်။

သည်လိုမျိုး ရဟန်းဝတ်သို့ ကူးသွားလိုက်၊ မယားဖြစ်သူကို စိတ်လည်လာ၍ လူထွက်လာလိုက်နှင့် ကာလတာရှည်တော့ လူ့ဘဝ၌ သူအားထုတ်ခဲ့သော သံယောဇဉ်က ဇနီးဖြစ်သူကို ကိုယ်လေးလက်ဝန်ဖြစ်စေခဲ့လေသည်။ မကြာခင် သူသည် ကလေးချီရပေတော့မည်။ မယားသံယောဇဉ်သာမက သားသမီးသံယောဇဉ်ပါ တိုးပွားလေပေဦးတော့မည်။

တစ်နေ့…

ဘယ်ကဘယ်လို အတွေးဝင်လာသည်မသိ။ ခုနစ်ကြိမ်မြောက်ရဟန်းဝတ်ဖို့ သူစိတ်ကူးရလိုက်လေသည်။ ထိုစိတ်ကူးကို ပီပြင်အောင် အကောင်အထည်ဖော်မည်ဟု ဆုံးဖြတ်လိုက်ပြီးသည့်သမယ တောမှ ထွန်တုံး၊ ဘဏ္ဍာတို့ကို ယူငင်ကာ အိမ်၌ သင့်တော်ရာနေရာ၌ ထားလိုက်သည်။ ပြီးတော့ သူဆင်မြန်းမည့် သင်္ကန်းကိုရှာသည်။ သင်္ကန်းကား အပြင်မှာ မရှိ။ သူတို့လင်မယား အတူယှဉ်တွဲ အိပ်စက်ရာ အခန်းထဲမှာဖြစ်သည်။ ဘယ်မှာပဲဖြစ်ဖြစ် အိမ်ခန်းအတွင်း သူလှမ်းဝင်လိုက်သည်။

"ဟင်..."

ဇနီးဖြစ်သူသည် ဘယ်အချိန် ဘယ်ကာလက အိပ်ရေးပျက်လေသည်မသိ။ အိပ်ခန်းအတွင်း၌ လွတ်လပ်စွာ တုံးလုံးပက်လက်အိပ်ပျော်နေရှာ၏။ အင်္ကျီကြယ်သီးတို့က ပြုတ်ထွက်နေသလို ခါးအောက်ရှိ ထဘီမှာလည်း ခြေရင်းတွင် အထွေးသား။ အာခံတွင်းမှ အာပုပ်ရည်တို့သည် ပါးချောင်းရိုးတစ်လျှောက် စီးဆင်းကျလာသည်။ နှာခေါင်းသည် ပါးစပ်နှင့် အပြိုင် ကုန်းပေါ်ရောက် ငါးများ၏ ပါးဟက်အလား ပွစိပွစိနှင့် 'ခေါ... ခေါ... ခလူး... ခလူး' ဆိုသည့် အသံကလည်း နားကြားပြင်းကတ်ဖွယ်ရာအတိ။

ညလည်း မဟုတ်။ နေ့လယ်နေ့ခင်းမှာပင် သည်လိုမျိုး ပုံပျက်ပန်းပျက်အိပ်စက်နေခြင်းက သူ့အတွက်တော့ သူ့မိန်းမကို ဖူးဖူးယောင်သော အကောင်ပုပ်၏ ကိုယ်ကဲ့သို့ ရွံရှာစက်ဆုပ်ဖွယ်အဖြစ် မြင်နေမိလေသည်။

'ငါဟာ မြင့်မြတ်တဲ့ ရဟန်းဘ၀ကနေ လူ ခဏခဏ ထွက်ဖြစ်အောင် ဟောဒီမိန်းမရဲ့ခန္ဓာကိုယ်က စွဲဆောင်ခဲ့တယ်။ ခု အဲဒီခန္ဓာကိုယ်ဟာ မက်မောစရာတဲ့လား။ ထွီ... ပြောရင်းဆိုရင်း အော့နလုံးနာလာတယ်။ ငါ ဒီတစ်ခါတော့ မဘက်လိုက်ပြီး မိုက်ဘက်ပါလို့ မဖြစ်တော့ဘူး'

သည်ဆုံးဖြတ်ချက်ကို မြဲနိုင်အောင် တည်ဆောက်ပြီးလေသော အခါ သူသည် သင်္ကန်းစကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း သူ့မြေ၊ သူ့အိမ်၊ သူ့ယာတို့ကို ကျောခိုင်းထွက်ခွာခဲ့လေသည်။

"ဟော့… အမယ်ကြီး။ ဟောဟို မင်းသမက် သက်နိုးဆွဲပြီး ထွက်သွားပြန်ပြီ"

"ဒါဆို သူလူ့ဘောင်ကို ငြီးငွေ့လို့ နေမှာပေါ့တော်။ ကိစ္စ မရှိပါဘူး။ သင်းစိတ်က မျောက်လိုပဲဟာ။ ဘယ်တုန်းက တည်တည် ငြိမ်ငြိမ် ရှိလို့လဲ။ မကြာပါဘူး။ သုံးလေးရက်လောက်ကြာရင် လူ ပြန်ထွက်လာမှာ။ မယုံရင် စောင့်သာကြည့်နေ"

"ဟော့… ခါတိုင်းဆို ဟုတ်ချင်ဟုတ်မယ်။ ဒီကနေ့ ကြည့်ရ တာ ခါတိုင်းလိုမျိုး မဟုတ်ဘူး။ ကေန္တ မင်းရဲ့သမီးနဲ့ တစ်ခုခုဖြစ်လို့ စိတ်နာစရာများ ဖြစ်သွားလေသလား။ သွားကြည့်စမ်းပါဦး အမယ်ကြီး ရယ်"

"အေးပါတော်။ အေးပါ။ ခုပဲ သွားကြည့်ပါမယ်"

ပြောပြောဆိုဆိုနှင့်·ယောက္ခမနှစ်ဦးလည်း သမီး၏အိပ်ခန်းသို့ တန်းဝင်သွားလေသည်။ မြင်ကွင်းကား စိတ်မသတီစရာ။

"ဟဲ့… ကောင်မ။ ဘယ်လိုအိပ်နေတာလဲဟဲ့။ ပက်စက်လှ ချေလား။ ဟင်… အနေအထိုင်က ဗိုင်းကောင်းကျောက်ဖိကို မရှိ ဘူး။ နင့်ပုံကို မြင်လိုက်ရလို့ နင့်ယောကျ်ားတော့ သွားပြီ သိလား။ နင်တော့ လင်ပစ်မ ဖြစ်တော့မှာပဲ"

သို့ဆိုသော်ငြား သမီး၏ အမူအရာသည် တစ်စက်ကလေးမျှ ပင် ပျက်မသွားခဲ့။ ရှုပ်ထွေးပွေလိမ်နေသော ဆံပင်ဖားလျားကို လက် ချောင်းများနှစ်လျက် တဗျင်းဗျင်းမြည်အောင်ကုတ်ဖွရင်း…

"အို… အမေရယ်။ ဒီအတွက်နဲ့ ခေါင်းထဲထည့်ပြီး စဉ်းစား မနေစမ်းပါနဲ့။ အမေ့သမက်ဟာ ဘယ်လိုလူမျိုးဆိုတာ အမေလည်း

သိရဲ့သားနဲ့။ သူ ကျောင်းမှာ ဘယ်နှရက်လောက်များ နေနိုင်မတဲ့လဲ အမေရယ်။ စောင့်သာကြည့်ပါ။ သုံးလေးရက်မကြာပါဘူး"

"အေး... ငါလည်း ထင်တော့ အထင်သား"

သူနောက်ချန်ထားရစ်ခဲ့လေသော နေရာဒေသဌ် ဤသို့ဤပုံ စကားသံများ မွှန်နှစ်နေချိန်ဝယ် သူကတော့ ခါတိုင်းလိုပင် သူ့သဘော သူ့ဆန္ဒအတိုင်းကို အလိုလိုက်တော်မူခဲ့ရာ တောကျောင်းပရိဝုဏ်လေး အတွင်းသို့ ရောက်ရှိသွားပြီတကား။

✵

ကျောင်းကလေးရှိရာသို့ တစ်လှမ်းချင်းဝင်ရောက်လာသော သူ၏ခြေလှမ်းများသည် ဟိုးအခေါက်တွေနှင့် မတူ။ အချီအချတွေက ညီမျှနေကြသည်။ ခြေလှမ်းအကွာအဝေးတွေက စရွေးကိုက်နေကြ သည်။ သူသည် အပုပ်ကောင် ရုပ်ဆောင်သောအဖြစ်ကို သတိသံဝေဂ ယူရင်း လမ်းတစ်လျှောက် အနိစ္စ-အမြဲမရှိခြင်း၊ ဒုက္ခ- ဆင်းရဲခြင်း၊ အနတ္တ-အစိုးမရခြင်းတို့ကို အဖန်တလဲလဲရွတ်ဆိုရင်း သောတာပတ္တိ ဖိုလ် ဆိုက်ရောက်နေသည်ကိုပင် မသိတော့။

ရဟန်းတို့သည် ၄င်းတို့အား ဝတ်ဖြည့်နေသည့် စိတ္တဟတ္ထမည် သောသူအား ထူးဆန်းခြင်းမရှိသလို ကြည့်နေကြလေသည်။

"ဘာကိစ္စလဲ စိတ္တဟတ္ထ"

"တပည့်တော်ကို ရဟန်းပြုပေးတော်မူပါဘုရား"

"ဟာ… လာပြန်ပြီကောကွယ်။ ဒီရဟန်းပြုပေးဖို့ကိစ္စ တို့များ မင်းရဲ့အလိုဆန္ဒအတိုင်း လုပ်ပေးခဲ့တာ မှတ်မှတ်ရရ ခြောက်ခါတိတိ ရှိပြီးခဲ့ပြီ"

"မှန်ပါတယ်ဘုရား"

"မင်း ဘယ်မှာများ သက်န်းဝတ်ရဲ့ မြဲလို့လဲကွယ်။ သုံးရက်လောက် ရရင်ပဲ လူပြန်ထွက်မယ် လုပ်ဦးမယ်။ ငါတို့လည်း မင်းအတွက် အလုပ်သိပ်ရှုပ်ရတယ် စိတ္တဟတ္ထ။ ရဟန်းအဖြစ်ရဲ့ အနှစ်သာရကို မင်းသဘောမပေါက်ပါဘူး။ မင်းရဲ့ ဦးခေါင်းဟာ ဓားသွေးကျောက်လိုပါပဲလား။ မဖြစ်ဘူး စိတ္တဟတ္ထရယ်။ ပြန်ပါတော့ကွယ်နော်… နော်"

"မပြန်ပါရစေနဲ့ဘုရား။ ခု သတ္တမကြိမ်မြောက် တပည့်တော်ရောက်ရှိလာခဲ့ခြင်းဟာ လူ့ဘဝ၊ လူ့အဖြစ်ကို တကယ်စက်ဆုပ်လွန်းလို့ ရောက်ခဲ့ရတာပါဘုရား။ နောက်ဆုံးအကြိမ်အဖြစ် တပည့်တော်အပေါ် သနားငဲ့ညှာထောက်ထားပြီး ရဟန်းပြုပေးတော်မူကြပါဘုရား"

မျက်နှာကလေးက ခပ်ငယ်ငယ်။ အသံက ကရုဏာလွှမ်းနေသည်။ တောင်းပန်တိုးလျှိုးသည်မှာလည်း ခခယယ။ သည်တော့လည်း ရဟန်းတော်များအားလုံး တစ်ပါးမျက်နှာ တစ်ပါးကြည့်လျက် မေးဆတ်မိကြသည်။

မကြာပါချေ။ စိတ္တဟတ္ထတစ်ယောက် ရဟန်းဘဝသို့ ရောက်ခဲ့ပြန်လေသတည်း။ သည်တစ်ခေါက် ဤနေရာ ရောက်ခဲ့ရခြင်းသည်

သူ့အတွက်တော့ သံသရာကို နိဂုံးကမ္ပတ်အဆုံးသတ်ဖို့ ဖြစ်ရမည်ဟု ရည်ရွယ်ထားသည်။ ထို့ကြောင့်လည်း ရဟန်းဖြစ်သည့်နေ့မှစတင်၍ ခါတိုင်းလို သူမနေတော့။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ကို အခြေပြုလျက် ရဟန်းတရားကို ဖွဲဖွဲမြဲမြဲအားထုတ်လေသော် နှစ်ရက်လွန်၍ သုံးရက်မြောက်မှပင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ဆိုက်လေသည်။

ဒါကို အတူနေရဟန်းတွေက မသိကြ။

မသိကြ၍လည်း ခါတိုင်းဆိုလျှင် သုံးရက်မြောက်လောက် ရှိပါက စိတ္တဟတ္ထတစ်ယောက် လူပြန်ထွက်ဖို့ စကား စ,စမြဲ။ ခုကျတော့ သုံးရက်မက သီတင်းပတ်များစွာ ကုန်လွန်သည့်တိုင် ခေါက်ရိုးကျိုးခဲ့သော စကားတို့ ထွက်မလာ၍ အံ့အားတသင့်ဖြစ်ကြရသည်။

"ဘယ်လိုလဲ ငါ့ရှင်။ ဒီတစ်ခါတော့ အိမ်ပြန်မယ်၊ လူဝတ်လဲမယ် မပြောတော့ပါလား"

"ဘယ်တော့မှလည်း ပြောမှာ မဟုတ်တော့ပါဘူးဘုရား။ တပည့်တော်အဖို့ သံသရာနဲ့ ပြတ်စဲခဲ့ပါပြီ။ အာသဝေါတရားတွေဆိုတာ မရှိတော့ပါဘူးဘုရား"

သည်ရွေ့သည်မျှနှင့် စကားဖြတ်ပြီး သူ့တရားနှင့်သူ မွေ့လျော်ရန် သင့်လျော်ရာအရပ်သို့ ဖဲကြဉ်သွားချိန်ဝယ် ကျောင်းကလေး၌ ကျန်ရစ်ခဲ့ကြသော ရဟန်းအချင်းချင်း ခေါင်းချင်းရိုက်ကုန်ကြလေတော့သည်။

"ထူးတယ်။ ဆန်းတယ်ကွယ့်။ သူ့စကားတွေက ရဟန္တာဖြစ်မှ ပြောရမယ့်စကားမျိုး။ ကိုင်း… တို့များ စိတ္တဟတ္ထ အမှန်တိုင်း ဆိုမဆို သိရအောင် ဘုရားရှင်ဆီသွားလျှောက်ကြရင် မကောင်းဘူးလား"

"ကောင်းတယ်ဘုရား။ ကောင်းတယ်။ အခုပဲ သွားကြရင် ကောင်းမယ်"

အားလုံးပင် ညီညာတက်ကြွသော ခြေလှမ်းများဖြင့် ဇေတဝန်ကျောင်းတော်ရှိရာသို့ ညီညာရုံးစုသွားခဲ့ကြတော့သည်။

❋

ဂေါတမဘုရားရှင်ကား ရဟန်းတွေ လာမည့်အရေးကို ကြိုတင်သိနေခဲ့သည်မို့ အဆင်သင့်ပင် တရားပလ္လင်မှနေ၍ စောင့်စားနေခဲ့လေသည်။

ရဟန်းတို့ ရောက်လေသော် လာရင်းကိစ္စကို လျှောက်ထားကြလေသည်။ ဤတွင် ဘုရားရှင်မှ…

"ချစ်သားရဟန်းတို့။ ငါ၏ သားတော်ဖြစ်သော စိတ္တဟတ္ထ မထေရ်သည် မှန်သည့်အတိုင်း ဆိုလိုက်ခြင်းသာဖြစ်၏။ သူသည် စိတ်ဓာတ်မငြိမ်သက်သေးသောအခါ၌လည်းကောင်း၊ သူတော်ကောင်းတရားကို မသိသေးသောအခါ၌လည်းကောင်း အိမ်နှင့် ကျောင်း၊ ကျောင်းနှင့် အိမ်သို့ လူးလာခေါက်တုံ့လာခြင်းရှိခဲ့ပေ၏။ ယခုသော် သူသည် သူတော်ကောင်းတရားကို ရရှိခဲ့ပေပြီ။ အာသဝေါလည်း ကင်းလွတ်ခဲ့ပြီတကား"

ဟုဆိုလျက် အောက်ပါဂါထာကို မြွက်ဟာရင့်ကျူးလိုက်လေသည်။

အနဝဋ္ဌိတစိတ္တဿ၊ သဒ္ဓမ္မံ အဝိဇာနတော။
ပရိပ္လဝ ပသာဒဿ၊ ပညာ န ပရိပူရတိ။
အနဝဿုတ စိတ္တဿ၊ အနန္ဝာဟ တစေတသော။
ပုညပါပပဟီနဿ၊ နတ္ထိဇာဂရတော ဘယံ။

'တည်တံ့စိတ်မရှိသော၊ သူတော်ကောင်းတရားကို မသိတတ်သော၊ သဒ္ဓါယုံကြည်ခြင်းမရှိသော ပုဂ္ဂိုလ်အား လောကီလောကုတ္တရာပညာသည် မပြည့်စုံ'

ရာဂဖြင့် မစွတ်စိုသည့် စိတ်ရှိထသော၊ ဒေါသဖြင့် မထိပါးသည့်စိတ် ရှိထသော၊ ကောင်းမှု မကောင်းမှုကို ပယ်ပြီးထသော၊ သဒ္ဓါစသော ငါးပါးသောနိုးကြားခြင်းဂုဏ်နှင့်ပြည့်စုံထသော ရဟန္တာပုဂ္ဂိုလ်အား ကိလေသာဟူသော ဘေးရန်သည်မရှိ'

ထိုဒေသနာတော်ကို နာကြားခဲ့ရသည်အဆုံး၌ နာကြားရသောပုဂ္ဂိုလ်အပေါင်းလည်း သောတာပန်တည်ကြလေရာ သူတို့ သူတို့သည် စိတ္တဟင္ဝအား ကျေးဇူးတင်မဆုံး ရှိကြပါကုန်သတည်း။

◆

(ပင်းတယမြို့နယ်၊ နှစ်ငါးဆယ်ပြည့်ရွှေရတုမဂ္ဂဇင်း၊
၂၀၀၃ ခုနှစ်၊ မေလ)

ကျမ်းကိုး

❖ ဓမ္မပဒဝတ္ထုတော်ကြီး (ပ-တွဲ) စိတ္တဝဂ်။

## လင်းအရုဏ်လျှောက်လမ်း

သပိတ်လည်း အဆင်သင့်။

သင်္ကန်းကလည်း အဆင်သင့်။

အဆင်သင့်ဆို ဒါတွေကို သူနဂိုကတည်းက ကြိုတင်စီမံခဲ့သည် မဟုတ်ပါလား။

ခါတိုင်း ခါတိုင်းလို ဘဝတစ်ခုကို ကျေနပ်ခြင်းကြီးစွာဖြင့် သူ အလိုက်သင့်မျှောသမ်းဖို့ရာ မဖြစ်တော့ပြီ။ အလိုက်သင့် မျှောသမ်းနေ၍ကမူ တပည့်တပန်းတွေကြား ဘာမျှပူပင်စရာ မရှိသော်ငြား၊ ဂေါတမဘုရားရှင်၏ 'အချည်းနှီး ပေါင်ဖွလ' 'ပေါင်ဖွလ သင်သည် ဘာမျှ အနှစ်မရှိ။ အချည်းနှီးသာတည်း' ဆိုသည့် ကဲ့ရဲ့ ရှုတ်ချစကားက လှိုင်လှိုင်ကလေး ပျံ့ပေဦးတော့မည်။ သည့်အတွက်တော့ သူ့ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲခံစားနေခဲ့ရသည်။

ယမင်းစာပေ

သည်ဇေတဝန်ကျောင်းတော်၏ အပြင်ဘက် သာဝတ္ထိပြည် တစ်လွှားမှာတော့ သူသည်လည်း ခေသူတစ်ယောက်တော့ မဟုတ်။ သူသည် ဘုရားခုနစ်ဆူတိုင်တိုင် ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်ခဲ့သူ ဖြစ်သည်။ အာဂုံဆောင်နိုင်သည်နှင့်အမျှ ငါးရာသော ရဟန်းတို့အား တရားတော်တို့ကို ပို့ချပေးနေသည့် ဆရာအရှင်မထေရ်တစ်ပါးလည်း ဖြစ်နေသည်။ သည်လိုမျိုး ပညာရဲရင့်ပွဲလယ်တင့်မှုကြောင့် မြားမြောင် လှစွာသော တပည့်အရေအတွက်တို့ကိုကြည့်လျက် သူပီတိတွေ ဝေခဲ့ရ သည်။ သာယာကြည်နူးမှုတွေ ကဲလျှံခဲ့ရသည်။ သို့ဖြစ်၍လည်း သူ့ အတွက် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်ဖို့ရာ အင်အားလုံ့လ တွေ လျော့ပါးခဲ့ရလေသလား။

"ငါဟာ အဋ္ဌကထာနဲ့တကွ ပိဋကတ်သုံးပုံကို အာဂုံဆောင် နိုင်တဲ့သူ ဖြစ်ပါတယ်။ ဒါ့အပြင် တစ်နေ့တစ်နေ့ တပည့်တပန်း ရဟန်းငါးရာလောက်ရဲ့ တစ်ဆယ့်ရှစ်ရပ်ရှိတဲ့ ဂိုဏ်းကြီးတွေကို သင် ပေးပို့ချပေးနေတဲ့ သူ။ အဲဒီလို အရေးပါအရာရောက်နေပါလျက်နဲ့ ဘာကြောင့်များ ဘုရားရှင်က ငါနဲ့တွေ့တိုင်း 'အချည်းနှီး၊ ပေါဋ္ဌိလ' ရယ်လို့ စကားချီ မိန့်တော်မူရပါလိမ့်။ စဉ်းစားစမ်း ပေါဋ္ဌိလ။ စဉ်းစား စမ်း"

သူ့အား 'အချည်းနှီး'ဟူ၍ ယိုးစွပ်မှုအတွက် သူအနလုံပဋိလုံ ပြန်လည်စဉ်းစားကြည့်ပါ၏။ တွေးတောကြည့်ပါ၏။ သုံးသပ်ကြည့် ပါ၏။ စဉ်းစားကြည့်၊ တွေးတောကြည့်၊ သုံးသပ်ကြည့်တော့လည်း တိမ်တိမ်ကလေးမဟုတ်သော သူ၏ ဉာဏ်ရေပြင်မှာ အဖြေပုံရိပ်တွေ ဟပ်ထင်လာကြကုန်သည်။

"တကယ်တော့ ငါ့မှာ ဘာရျာန်မှ မရှိပေလို့ကိုး၊ ဒါ့ကြောင့် ဘုရားရှင်က ငါ့ကို ကဲ့ရဲ့ရှုတ်ချတာဖြစ်မယ်။ ဒီတော့ ငါ ဘာလုပ်ရရင် ကောင်းမလဲ"

သူ အဖန်ဖန်တလဲလဲ စဉ်းစားခဲ့ပါသည်။ စဉ်းစားခဲ့သမျှ ရလာသည့်အဖြေက တောသို့ဝင်၍ ရဟန်းတရား အားထုတ်ဖို့ပဲ ထွက်လာခဲ့သည်။ သည့်နောက်ပိုင်း သူ သပိတ်၊ သင်္ကန်းတို့ကို တင်ကြိုစီမံထားရှိကာ အခွင့်သာသည့် နေ့တစ်နေ့အား စောင့်စားနေခဲ့လေတော့သည်။

သို့ဖြင့် တစ်ခုသော ရက်သို့ ရောက်လာခဲ့သည်။

ကနဦး လုပ်ရိုးလုပ်စဉ်အတိုင်း သူ့ထံရောက်ရှိလာကြကုန်သော တပည့်သံဃာတို့အား စာပေများ သင်ကြားပို့ချခဲ့သေးသည်။ အချိန်စေ့၍ တပည့်ရဟန်းများ စာသင်ခန်းမှ ပြန်ထွက်လာကြလေသော အခါ သူသည် နောက်ဆုံးကျန်ရစ်သော ရဟန်းတစ်ပါးနှင့်ကပ်လျက် ထွက်လာခဲ့တော့သည်။ ပရိဝုဏ်အတွင်း၌ နေကြကုန်သော ရဟန်းတို့သည် သင်္ကန်းရောင်များဖြင့် အရောရောအထွေးထွေးဖြစ်နေသည့် ရဟန်းတွေကြား ၎င်းတို့၏ ဆရာသခင်ဖြစ်တော်မူသော ပေါဋ္ဌိလ မထေရ်မည်သည့်သူ့အား ဂရုထားမိကြဟန်မတူ။ မှတ်မိကြဟန်မတူ။

သို့ဖြစ်၍လည်း သူသည် ယူဇနာတစ်ရာ့နှစ်ဆယ်မျှရှိသော ခရီးသို့ ရောက်သွားခဲ့ရခြင်းဖြစ်လေသည်တကား။

❋

တောကျောင်းကလေး။

အဲသည်တောကျောင်းကလေးမှာတော့ အာသဝေါကုန်ခန်းပြီး၍ ရဟန္တာဖြစ်တော်မူကြသည့် ရဟန်းအရေအတွက် သုံးကျိပ်သည် သီတင်းသုံးနေထိုင်လျက် ရှိကြသည်။ သည်ရဟန္တာတွေက လာခြင်းကောင်းသော ပေါင္ဌိလမည်သည့် သူ၏ နှလုံးသားစာမျက်နှာကို ဖတ်ရှုနားလည်နိုင်ခဲ့သော်ငြား မည်သည့်အဆင့်မှ မတက်လှမ်းနိုင်သေးသည့် သူ့အနေနှင့်ကတော့သူတွေ့မြင်ရသော ရဟန်းတို့အား သူ၏ စာသင်သားတပည့်တွေအဖြစ်သာ မြင်ခဲ့ပါချေ၏။

"ဒီ ရဟန်းတွေဟာ ငါ့လို ပိဋကတ်သုံးပုံ၊ အဋ္ဌကထာတွေကို ထုံးလိုချေ၊ ရေလိုနှောက်နိုင်မှာ မဟုတ်ပါဘူး"

သည်သို့ စိတ်အာရုံမှာ ထင်မိသော်ငြား ယခုလာခဲ့သည့် ကိစ္စအရင်း အမှန်ကို တွေးမိသည်။ တဒင်္ဂမှာတော့ ထိုအမြင်၊ ထိုအတွေးတို့ကို ပြာချပစ်လိုက်မိတော့သည်။ အစွဲမဖြုတ်နိုင်သမျှ ဘယ်အဆင့်ကိုမှ တက်လှမ်းနိုင်လိမ့်မည်မဟုတ်။ ဒါကို သူ သိနေခဲ့သည်။ သည့်အတွက် ဦးစွာ ရဟန်းသုံးကျိပ်အနက်မှ ထေရ်ကြီးဝါကြီးဖြစ်သည့် သံဃာ့မထေရ်ကြီးထံ ရောက်သွားခဲ့သည်။

"အရှင်ဘုရား။ အရှင်ဘုရားသည် တပည့်တော်၏ မှီခိုရာ ကိုးကွယ်ရာ ဖြစ်လိုပါသည်ဘုရား"

သည်သို့ လျှောက်ထားတော့ သံဃာ့မထေရ်ကြီးသည် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"ငါ့ရှင် သင်သည် နှယ်နှယ်ရရ ပုဂ္ဂိုလ်မဟုတ်။ အဋ္ဌကထာနှင့် တကွ ပိဋကတ်သုံးပုံအား နှုတ်တက်ရွရွအာဂုံဆောင်နိုင်သူဖြစ်ချေ

၏။ ထိုသို့သော အစွမ်းမျိုး ငါတို့၌ မရှိပါချေ။ ငါတို့သည်ပင် သင့်ထံမှ သိလိုသော ကိစ္စရပ်များကို အားကိုးတကြီးမေးမြန်းရမည် ဖြစ်ပေရာ ယခုလို သင့်နှုတ်မှ ထွက်ကျလာသော စကားအတွက် များစွာမှပင် အံ့အားသင့်ရပါသည် ငါ့ရှင်"

"အို… မဟုတ်ဘဲ အရှင်ဘုရား။ အဲဒါတွေကို မေ့ထားရစ် လိုက်ပါတော့ အရှင်ဘုရား။ အခု တပည့်တော်အနေနဲ့ အရှင်ဘုရားကို ဆည်းကပ်ကိုးကွယ်ပါရစေ။ မှီခိုပါရစေ။ ခွင့်ပေးသနားတော်မူပါ အရှင်ဘုရား"

"မဟုတ်သေးပါဘူး ငါ့ရှင်။ ငါ့ရှင်ကတော့ မတော်မတည့် တာတွေ လျှောက်ထားနေပြန်ပါပြီ။ အင်းလေ… ဒီလောက်တောင်မှ စိတ်ဆန္ဒတွေ ပြင်းပြနေတယ်ဆိုရင်ဖြင့် တစ်ပါးစီ ညွှန်လိုက်ပါ ဦးမယ်။ ကဲ… ဟောဟိုမှာ သီတင်းသုံးနေတဲ့ မထေရ်ဆီကို သွားသာ လျှောက်ကြည့်ပေတော့"

"တင်ပါ့ဘုရား"

သံဃာ့မထေရ်မြတ်ကြီးက သူ့အောက်ငယ်သော မထေရ်ဆီသို့ ညွှန်လိုက်သည်။ ထိုမထေရ်ဆီရောက်တော့လည်း ဘာမျှမထူး။ ထိုမထေရ်လည်း သံဃာမထေရ်ကြီးအတိုင်း သိမ်မွေ့လှပသော ငြင်း ဆန်မှုနှင့်အတူ ၄င်းအောက်ငယ်သော မထေရ်တစ်ပါးဆီသို့သာ ညွှန် လိုက်ပြန်သည်။ သို့ဖြင့် သံဃာနှစ်ဆယ့်ကိုးပါးလုံး တစ်ပါးပြီးတစ်ပါး ငယ်သော သူတွေဆီ ညွှန်ခဲ့သည်။ သို့တိုင် ပေါင်္ဂိလမည်သော သူ့ အတွက် မှီခိုရာ ကိုးကွယ်ရာ မတွေ့သေး။

သူလျှောက်ထားခဲ့ရာ ရဟန်းတွေဆိုသည်က အာသဝေါကုန်စင်ပြီးသော ရဟန္တာတွေချည်း။ ယုတ်စွအဆုံး အပါး ၃၀ မြောက် အသက်ခုနစ်နှစ်ရှိ သာမဏေငယ်ကလေးပင် ရဟန္တာဖြစ်နေသည်ဆိုတော့ သုံးကျိပ်သော အစုအဝေးသည် ပေါင်္ဂလ ဘာဆိုသည်ကို သိနေခဲ့ကြသည်။ သည့်အတွက် ပေါင်္ဂလ၌ စူးစိုက်နစ်ဝင်လျက်ရှိသော မာန်မာနဆူးကို နုတ်ပယ်နေခြင်းပင် ဖြစ်လေသည်တကား။

✲

သူ… သူ့တွင် စူးစိုက်နစ်ဝင်လျက်ရှိသည့် မာန်စွယ်တွေကို နုတ်ဖယ်ရှင်းလင်းခဲ့ပါပြီ။

ဤ၌ ဘာကိုမှ သူ အမှတ်မထားနိုင်တော့။

သံဃာအဆင့်ဆင့်ညွှန်ကြားမှုဖြင့် နောက်ဆုံးကျန်ရစ်သော သာမဏေလေးကိုပင် လက်အုပ်ကြာမုံကို ငုံငုံကလေးဖူးလိုက်ရင်း။

"အို… သူတော်ကောင်း သူတော်မြတ် သာမဏေ အသင်သည် ကျွန်ုပ်၏ ကိုးကွယ်ရာ မှီခိုရာ ဖြစ်ပါလော့"

ဟူ၍ တောင်းပန်လျှောက်ထားလိုက်ချေသည်။

"ဘယ့်နှယ်စကား ဆိုလိုက်တာပါလဲ ဆရာမြတ်။ ဆရာမြတ်၏ နှုတ်မှထွက်လာကျသော စကားတို့အား အံ့ဩဖွယ် ကောင်းလေစွတကား။ စင်စစ် ဆရာသည် တပည့်တော်ထက် အသက်အရွယ်အားဖြင့်လည်း ကြီးမား၏။ ဗဟုသုတအရာအားဖြင့်လည်း ပွားများသူဖြစ်၏။ အမှန်တကယ်တမ်းအားဖြင့်မူ ဆရာ့ထံ၌သာ တပည့်တော်က

မိန့်ခိုအားထားရမှာပါ ဆရာမြတ်။ တပည့်တော်တို့ မသိတာမှန်သမျှ ဆရာကသာလျှင် ရှင်းပြပေးနိုင်သည် မဟုတ်ပါလား"

"အို... သူတော်ကောင်း သူတော်မြတ် သာမဏေ။ ဤစကားကို မဆိုပါနှင့်။ ပြန်လည်ရုပ်သိမ်းတော်မူပါ။ တပည့်တော်ကို သနားငဲ့ညှာ ကရုဏာတော်ရှေ့ထားလို့ ကိုးကွယ်ရာဖြစ်တော်မူပါဘုရား"

မည်သို့ဆိုဆို ပေါဋ္ဌိလ၏ ဆန္ဒရေစီးအားကို ကျူပင်နှင့် တားသကဲ့သို့ ဖြစ်နေတော့သည်မို့ မာန်စွယ်အားလုံး ကျိုးခဲ့ပြီဖြစ်သော ပေါဋ္ဌိလအတွက် သာမဏေငယ်လေးခမျာ စဉ်းစားပေးရချေတော့သည်။

"ဆရာ... ဆရာသည် အကယ်၍ တပည့်တော်၏ အဆုံးအမကို နာခံနိုင်းပါက နာခံပါမည်လား။ နာခံမည်ဆိုပါမူ ဆရာ၏ ကိုးကွယ်ရာ ဖြစ်စေရပါမည်"

သည်စကားကြားလိုက်ရတော့ သူ့မျက်နှာတစ်ပြင်လုံးသည် လင်းလက်ဝင်းပြက်သွားတော့သည်။

"အို... သူတော်ကောင်း သူတော်မြတ် သာမဏေငဲ့။ အသင်ဆုံးမသည်ကို မြေဝယ်မကျ နာခံပါမည်။ မီးပုံထဲ ဝင်နိုင်းမည်လား မတွန့်မဆုတ်ပင် ဝင်ပြပါမည်ဘုရား"

"ကိုင်း... ကောင်းပေပြီဆရာ။ ဒါထက် ဟောဟိုမှာ တွေ့ရတဲ့အရာဟာ ဘာပါလိမ့်"

"အဲဒီအရာဟာ ရွှံ့ညွန်တွေ ထူထပ်တဲ့ ရေအိုင်ပါဘုရား"

"ရေအိုင်ဖြစ်ပါက ဆရာသည် ယခုဝတ်ရုံထားသည့် သင်္ကန်း အနေအထားအတိုင်း ငင်းနေရာသို့သွားကာ ရေအိုင်တွင်း သက်ဆင်း ပါလော့"

"တင်ပါ့ဘုရား"

သူသည် လေးပင်တုံ့ဆိုင်းခြင်းမရှိ။ တုံ့ဏှိဘာဝေလည်း ဖြစ် မနေ။ သူဝတ်ရုံထားသော သင်္ကန်းကား အဘိုးများစွာ ထိုက်တန်လှ သည့် နှစ်ထပ်သင်္ကန်းဖြစ်ချေ၏။ သို့ရာတွင် သူသည် ဘာမျှ စဉ်းစား မနေတော့။ သူကိုးကွယ်ရာ၊ မှီခိုရာ အရှင်သခင်၏ စေစားချက်အတိုင်း ဘာမျှ စဉ်းစားနေခြင်းအလျဉ်းမရှိဘဲ ရေအိုင်အပါးသွားလျက် တစ်လှမ်းချင်း ဆင်းသက်လိုက်သည်။ ရေတို့သည် ဖဝါး၊ ဖဝါးမှ ခြေဖမိုး၊ ပြီးတော့ ခြေမျက်စိ၊ နောက်··· သင်္ကန်းအနားစွန်း။

"ဆရာ ပြန်လာခဲ့ပါတော့။ ပြန်လာခဲ့ပါ"

သာမဏေငယ်ထံမှ အသံ ထွက်ပေါ်လာသည်။ ထို့ကြောင့် ရှေ့ဆက်မဆင်းဖြစ်တော့ဘဲ သာမဏေငယ်ထံ ရောက်သွားခဲ့ပြန် တော့သည်။

"ဆရာ ဟောဒီတောင်ပို့ကို တွေ့တယ် မဟုတ်လား။ အပေါက်က တစ်ပေါက်၊ နှစ်ပေါက်၊ သုံးပေါက်၊ လေးပေါက်၊ ငါးပေါက်။ ဟော··· ခြောက်ပေါက်တိတိတောင်။ အဲဒီခြောက်ပေါက် ရှိတဲ့အနက် အပေါက်တစ်ပေါက်ကနေပြီး ဖွတ်တစ်ကောင် ဝင်သွား တယ်။

ဒီတော့ အဲဒီဖွတ်ကို အလိုရှိတဲ့ သူဟာ ဘယ်လိုလုပ်ရမလဲ ဆရာ"

"မှန်လှပါ သာမဏေငယ်။ အဲဒီဖွတ်ကို အလိုရှိတဲ့ သူဟာ ဝင်ပေါက်တစ်ပေါက်မှတစ်ပါး ကျန်အပေါက်ငါးပေါက်ကို ပိတ်ဆို့ရပါမယ်။ ကျန်တဲ့ တစ်ပေါက်ကို ဖွင့်ပြီး ဖမ်းယူရပါမယ်ဘုရား"

"မှန်ပါတယ်ဆရာ။ ဒီတော့ ဆရာဟာ ခြောက်ပါးသော ဒွါရတွေဖြစ်ကြတဲ့ မနော၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယတို့အနက် မနောဒွါရကို ချန်လိုက်ပါ။ ကျန်တဲ့ ဒွါရငါးပေါက်ကို ပိတ်ပြီး ချန်ထားတဲ့ မနောဒွါရကနေ ကမ္မဋ္ဌာန်းစီးဖြန်းပါလော့ဆရာ"

"ဟာ"

မထင်မှတ်သည့် အဖြစ်။ သာမဏေငယ်လေး ထွန်းညှိလိုက်သည့် အလင်းက တိမ်သလ္လာထူထပ်နေသော သူ့အာရုံတစ်ပြင်လုံးကို လက်ခနဲ လင်းသွားစေသကဲ့သို့ ပြက်ခနဲ ဝင်းသွားစေခဲ့သည်။ ဤသို့ ကရဇကာယဌ် ဉာဏ်ကိုသက်စေပြီးသကာလ ရဟန်းတရားကို သူ အာရုံနှစ်လိုက်ချေတော့သည်။

❋

"ဘာဝနာအားထုတ်ခြင်းကြောင့် ပညာသည် မြေကြီးပမာ ကျယ်ပြန့်၏။ အားမထုတ်ခြင်းကြောင့် ပညာသည် ကုန်ခန်းပျက်စီးလေ၏။ တိုးပွားခြင်း၊ မတိုးပွားခြင်းဟူသော လမ်းနှစ်ဖြာကို သိ၍ ဤသို့ကျင့်လျှင် ပညာတိုး၏။ ထိုကဲ့သို့ပင် မိမိကိုယ်ကို သိမ်းသွင်းရာ၏"

ဟူသော အနက်ရှိသည့် ဂါထာတော်ကို ဂေါတမမြတ်စွာဘုရားရှင်သည် အောက်ပါအတိုင်း ဟောတော်မူလေ၏။

ယမင်းစာပေ

ယောဂါဝေ ဇာယတီ ဘူရိ၊
အယောဂါ ဘူရိ သင်္ခယော။
ဧတံ ဒွေဓာပထံ ဉတွာ၊
ဘဝါယ ဝိဘဝါယ စ။
တထတ္တာနံ နိဝေသေယျ။
ယထာ ဘူရိ ပဝဍ္ဎတိ။

ထိုဂါထာဟောကြားစဉ် ဂေါတမဘုရားရှင်၏ ကိုယ်ရောင်တော်တို့သည် ပြိုးပြိုးပြက်ပြက်။

သည်ရောင်ခြည်တော်တို့သည် လည်းကောင်း၊ သည်ဂါထာတော်သည် လည်းကောင်း ပေါဋ္ဌိလမထေရ်ထံ ဆိုက်ရောက်သွားကြကုန်၏။

သူသည် ဂါထာတော်ကို စေ့ငုသေချာစွာ နာကြားရင်း အဖန်ဖန်သုံးသပ်ဆင်ခြင်လိုက်သည့် တဒင်္ဂ ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးသွားချေတော့သည်။ သူကား အရဟတ္တဖိုလ်သို့ ဆိုက်လေပြီဖြစ်ရာ သည်တစ်ခါ ဘုရားရှင်ထံ ဝင်ရောက်ဖူးမြော်ဖြစ်လျှင်ဖြင့် ဘုရားရှင်၏နှုတ်မှ 'အချည်းနှီး' ဆိုသော စကားသည် တိမ်သားမီးခိုးလို လွင့်ပါးပျောက်ပျယ်သွားမည်ကတော့ သေချာသလောက် ရှိလေသည်။

◆

(၂၀၀၃၊ ဇူလိုင်၊ ငွေတာရီမဂ္ဂဇင်း)

**ကျမ်းကိုး**

❖ **ဓမ္မပဒ၊ မဂ္ဂဝဂ်မှ ပေါဋ္ဌိလမထေရ်ကို မှီးသည်။**

## ပဲ့တင်ပုံရိပ်

"အူး… အစ်… အစ်… အစ်…"

မချိမဆန့်ဖြင့် သေကောင်ပေါင်းလဲ အော်ဟစ်သံ။

သည်အသံသည် လူတစ်ယောက်၏ အော်ဟစ်သံမျိုးနှင့် မတူတာတော့ သေချာသည်။ ဒါ ဘယ်အိမ်က ပေါ်ထွက်လာသော အသံပါတဲ့နည်း။

"ဟော့… သေသေချာချာ နားထောင်စမ်း။ ဒါ ဘာသံဖြစ်မလဲ"

"မှန်း… မဟုတ်မှလွဲရော့ဘဲ။ စုန္ဒရဲ့ အိမ်က အသံဆိုတော့ ဝက်အော်သံပဲ ဖြစ်ရမယ်"

"အေးကွ။ ဖြစ်နိုင်တယ်။ စုန္ဒ ဝက်သတ်နေပြန်ပြီထင်တယ်"

"ဝက်သတ်သမားပဲကွာ။ ဝက်သတ်တဲ့ အလုပ် လုပ်တာ ဘာဆန်းမှာတဲ့လဲ"

"အရင်တုန်းက မဆန်းပေမဲ့ အခုတော့ ဆန်းတယ်ကွ။ ဆန်းတယ်။ ဘယ့်နှယ် ခါတိုင်း ဝက်သတ်ရင် ဝက်အော်သံက ဒီလောက် မကြာပါဘူး။ ခုကျတော့ မင်းတို့လည်း အကြားသားပဲ မဟုတ်လား။ အဆက်မပြတ်ကို အော်ဟစ်နေလိုက်တာ ဘယ်မှာ ရပ်သွားတယ် ရှိလို့လဲ"

"ဒါတော့ မှန်တယ်"

သူတို့ သူတို့တစ်တွေ ပြောဆိုနေကြသကဲ့သို့ပင် အမှန်တကယ်လည်း ဝက်သတ်သမားစုန္ဒ၏ အိမ်ခြံဝင်းအတွင်းမှ မချိမဆန့် အော်ဟစ်သံတို့သည် အဆက်မပြတ်ဆိုသလိုပင် ပေါ်ထွက်လျက် ရှိကုန်၏။ သို့ဆိုလျှင် ပတ်ဝန်းကျင်မှ ကောက်ချက်ချသလိုပင် စုန္ဒတစ်ယောက် သူ၏ စားဝတ်နေရေးစီးပွားရေးအတွက် ပါဏာတိပါတာကံကို ကျူးလွန်နေရှာ့သလား။

✲

စုန္ဒအတွက်တော့ အဆိုပါကံသည် အဆန်းတကြယ်ဟု မဆိုသာပေ။

သို့ဖြစ်၍လည်း သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်းတည်းဟူသည့် အကုသိုလ်ကံကို ငါးဆယ့်ငါးနှစ်တာကာလပတ်လုံး ကျူးလွန်ခဲ့၏။ ဝက်တို့ကို မွေးလည်း မွေးမြူ၏။ အခြားမှလည်း ဈေးနှုန်းသင့်လျှင် ဝယ်ယူ၏။ ဝယ်ယူပုံဝယ်ယူနည်းကလည်း ပညာသားပါလှပါဘိ။ သူနေထိုင်သော အရပ်က ဆန်၊ ရေ၊ စပါး၊ ပေါကြွယ်ဝ

သည်။ သည့်အတွက် စပါးပေါ်ပြီဆိုလျှင် သူ၏ စပါးကျီထဲသို့ သူတတ်နိုင်သလောက် ဝယ်ယူစုဆောင်းသိုမှီးထားတတ်လေ၏။ သည့်နောက် စပါးထွက်ညံ့ဖျင်းသော၊ ငတ်မွတ်ရှားပါးသော နယ်မြေတို့ကိုစုံစမ်းလျက် လှည်းတို့ဖြင့် ထိုထိုသော အရပ်တို့သို့ သွားရောက်ကာ ရောင်းလည်း ရောင်း၏။ အထူးသဖြင့် ရွာသူရွာသားတို့ မွေးမြူထားသော ဝက်များအား ဆန်စပါးဖြင့် လဲလှယ်၏။ ကိုယ့်အိမ်ကိုယ့်ယာသို့ ပြန်ရောက်သော် ပါလာသော ဝက်တို့အား ခြံကျယ်ကျယ်အတွင်း လှောင်သွင်းထားလိုက်တော့သည်။

စုန္ဒဖန်တီးထားသော ဝက်ခြံက ကျယ်ကျယ်ဝန်းဝန်းရှိသည်။ ဝက်ခြံကို နွားခြံနှင့်မခြား ခိုင်ခိုင်မာမာ ကာရံထားသည်မို့ ခြံအတွင်းရောက်သွားသော ဝက်အဖို့ ပြင်ပသည် ငှင်းနှင့် မည်သို့မျှ ပတ်သက်တော့မည်မဟုတ်ချေ။

ခြံအတွင်းမှာတော့ ဝက်တို့ ကြိုက်တတ်သည့် အထူးထူးသော အပင်ငယ်တို့ ရှိ၏။ ဝက်ခြံ၏ အစပ်တွင် စုန္ဒသည် ၎င်း၏ မိသားစုအသုံးပြုရန် အိမ်သာကို ခြေတံမြင့်မြင့်ဖြင့် အခိုင်အမာဆောက်လုပ်ထား၏။ သည့်အတွက် ဝက်သတ္တဝါတို့အဖို့ အကြိုက်တွေ့ကြရကုန်သည်။ ဝက်တို့သည် ခြံအတွင်းရှိ အထူးထူးသော အပင်တို့ကို စားသောက်ကြကုန်၏။ ရေစပ်စပ်ရှိသော မြေပြင်တို့ကို နှုတ်သီးဖြင့် ထိုးဆွကာ မြေသားအတွင်းမှ ထွက်ပေါ်လာသော တီကောင် ပိုးမွှားတို့ကို မြိန်ရည်ယှက်ရည် စားသောက်ကြကုန်၏။ ထို့နောက် အိမ်သာအောက်ဘက်သို့သွားကာ စုန္ဒတို့မိသားစု စွန့်ပစ်ထားခဲ့ကြသော အစာ

ဟောင်းတို့ကို မြိန်ရည်ယှက်ရည်ပင် သုံးဆောင်ကြကုန်၏။ ပြီးလေသော် ရွံ့နွံတို့ဖြင့် ဖွက်ထနေသော အပင်အရိပ်အောက်သို့ သွားကာ နွံလူးလျက် ဝက်ကျင့်ဝက်ကြံ ရှိနေကြလေသတည်း။

စုန္ဒကား သူပိတ်လှောင်ထားသော ခြံအတွင်းရှိ ဝက်သတ္တဝါတို့၏ ဆူဖြိုးထွားကျိုင်းခြင်းကို ကြည့်ရှုလျက် သူ၏ စီးပွားလာဘ်လာဘကို တွေးဆကာ ကြည်နူးမဆုံး ပီတိဝေနေတော့သည်။ ရာဇဂြိုဟ်ပြည်သူပြည်သားတွေ ဝက်သားတောင့်တလာပြီ။ အမှာရှိလာပြီဆိုလျှင် လိုအပ်သရွေ့သော အလေးချိန်အတိုင်းအတာရရှိအောင် သူ့ဘက်က တာဝန်ယူ ဖန်တီးပေးဖို့ရာအသင့်။

သည်နေရာ၌ စုန္ဒအဖို့ အခြားအခြားသော ဝက်သတ်သမားတွေနှင့် မတူ။ သူ့ဝက်ရှိ မူလအလေးချိန်ကို တိုးပွားအောင် ဉာဏ်ကစားတတ်သည်။ သို့ဆိုလျှင် သတ်တော့မည့် ဝက်အား အလေးချိန်တိုးပွားအောင် မည်သို့ စီစဉ်ဖန်တီးပါသနည်း။

ပထမသတ်ရတော့မည့်ဝက်အား လူသူလေးပါး မမြင်နိုင်သောနေရာသို့ ဆွဲခေါ်ခဲ့သည်။ အဲသည်နေရာနှင့် မနီးမဝေးမှာ ထင်းသားကောင်းကောင်းဖြင့် မီးထိုးကာ ရေနွေးကို ပွက်ပွက်ဆူအောင် တည်ထားခဲ့၏။

"ဟော့ကောင်တွေ ဝက်ကို ခြေလေးဘက်လေးတန် ကြိုးနဲ့ ချည်ကြစမ်းကွာ"

သည်လိုနေရာမျိုးတွေမှာ သွက်လက်ရဲရင့်သော တပည့်တွေကို မသုံး၍မဖြစ်။ သူတို့၏ အကူအညီလိုအပ်သည်။ ခြေလက် လေး

ဘက်လေးတန်အား သေချာစွာ တုပ်နှောင်ပြီးပြီဆိုတော့ ငုတ်လေး ငုတ်တွင် ကြိုးတစ်စီကို တင်းတင်းကြီးဆွဲကာ တုပ်နှောင်ရစ်ပတ်လိုက် သည်။ ထိုရောကာလဝယ် ဘဝကူးရတော့မည့် ဝက်သတ္တဝါခမျာ ပက်လက်ကြီးဖြစ်လျက် အော်ဟစ်သံပေးရုံမှတစ်ပါး မည်သို့မျှ မလှုပ် ရှားနိုင်တော့။

"အူး… အစ်… အစ်… အစ်"

"ကဲကွာ… ကဲကွာ"

"ဘုံး… ဘုတ်… ဘုတ်"

စုန္ဒသည် ထောင့်လေးထောင့်ဖြစ်အောင် သပ်ထားသော ဆောက်ရိုက်တင်းပုတ်ဖြင့် လူးလွန့်လှုပ်ရှားခြင်းငှာ မတတ်သာသည့် ဝက်၏ ပခုံး၊ လက်ပြင်၊ ပေါင်တံ၊ တင်သားတို့အား လွဲ၍လွဲ၍ ရိုက်လေ၏။ ဝက်မှာတော့ အသက်နှင့်ခန္ဓာ အိုးစားမကွဲမီ ကာလကြား ခံစားရသည့် ဝေဒနာတွေက အပြင်းအထန်။

"ကဲ …"

"ဘုံး… ဘုတ်… ဘုတ်"

"အူး… အစ်… အစ်… အစ်"

တစ်ခါတည်း လက်စတုံးမှာဖြင့်လည်း တုံးလိုက်သည် မဟုတ်။ ခုတော့ လက်စမတုံးဘဲ မချိမဆန့်ဝေဒနာ ခံစားရလေ အောင် ဘာကြောင့်များ ထိုသို့ ရက်စက်နေရပါသနည်း။ စင်စစ် စုန္ဒ ထိုသို့ပြုလုပ်ခြင်းသည် အကြောင်းမဲ့သက်သက်မဟုတ်။ ထိုသို့ ပြင်းထန်စွာ ရိုက်ပုတ်ထုထောင်းခြင်းဖြင့် အထုအထောင်း အရိုက်

အပုတ်ခံရသော အသားစိုင်တို့သည် ဖူးဖူးရောင်ကြကုန်၏။ ထိုသို့ ဖူးဖူးရောင်ခြင်းဖြင့် စုန္ဒအတွက်တော့ အသားတွေ အလေးချိန်တိုးရ ပါချေပြီ။

စိတ်တိုင်းကျ အသားတွေတိုးပွားအောင် ထုထောင်းရိုက်ပုတ်၍ ပြီးလေသော် ပွက်ပွက်ဆူနေသော ရေနွေးအား ခွက်ဖြင့် သွားခပ်နိုင်း ၏။ ဝက်ကား နာကျင်စူးရှစွာဖြင့် အော်ဟစ်မဆုံး။ သူ့ကံကြမ္မာကို သူသိနေရှာသလား။ မျက်လုံးတို့သည် အစွမ်းကုန်ပင် ပြူးတူးပြဲတဲ။

သည်ခဏ စုန္ဒသည် ဆတ်ခဲနဲဆိုသလို ဝက်၏ အထက် နှုတ်ခမ်း၊ အောက်နှုတ်ခမ်းတို့ကို ဆွဲဖြဲလိုက်သည်။ ထိုရောအခါ ဝက်၏ ပါးစပ်သည် ပြဲလာတော့၏။ ဤဦအပါးတွင် အဆင်သင့် ချထားသော တုတ်တံကို ကောက်ယူကာ ဝက်အာခေါင်တွင်း ထိုးထည့် ထောက်ကန်ထားလိုက်သည်။ ဝက်ခမျာ ပါးစပ်စေ့၍ မရရှာတော့။ ထို့အတူ လည်ချောင်းကို အစ်၍လည်း စူးရှသောအသံ တို့အား မပေးစွမ်းနိုင်တော့။ နှာရည်များကျနေသည့် နှာခေါင်းမှပင် အသံတို့ကို ပေးနိုင်ရှာတော့သည်။

"ခလူး… ခလူး… ခလူး"

"အာစရိ ရေနွေးရပြီ"

"အေး… ပေးစမ်း။ ပေးစမ်း"

စုန္ဒသည် ရေနွေးခွက်ကို လှမ်းယူလိုက်ရင်း ပြဲဟနေသော ဝက်၏ အာခံတွင်းထဲသို့ လောင်းချလိုက်လေ၏။ ဝက်ခမျာ အဆုံးစွန် သော ဝေဒနာကို ခံစားရ၍လားမသိ။ တလူးလူးတလွန့်လွန့်။

ကျိုက်ကျိုက်ဆူသော ရေနွေးသည် လည်ချောင်းမှတစ်ဆင့် ဝမ်းအတွင်းသို့ စီးဝင်သွားကာ အစာဟောင်းတို့ကို တိုက်မျောသွားလေ၏။ ဒွါရပေါက်တို့မှ မစင်အချို့ ထွက်ကျလာကုန်၏။ စုန္ဒလည်း ကျိုက်ကျိုက်ဆူသော ရေနွေးတို့အား အဆက်မပြတ် လောင်းလတ်သည်ရှိသော် ဝက်ခမျာ ကံ ကုန်ဆုံးခြင်းသို့ ဆိုက်ရောက်၍ အသက်နှင့်ခန္ဓာ အိုးစားကွဲပြီးသည့်သကာလ အာခေါင်တွင်းမှ စီးဝင်သွားသော ရေနွေးတို့သည်လည်း ဒွါရပေါက်မှန်သမျှ စီးထွက်ကျကုန်လေတော့တကား။

❋

မချိမဆန့်သော ခံစားရမှုဖြင့် ဝက်သတ္တဝါလည်း ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့ရပါပြီ။ သည်တော့လည်း နောက်ပိုင်းဘာဖြစ်မည်ကို သိရှာဟန်မတူတော့။ ရက်စက်မှုအပေါင်း သရဖူဆောင်းသည့် လူသားတစ်ဦး၏ လက်ထဲ၌ မကြာခင်ကာလအတွင်း အပိုင်းပိုင်းအတစ်တစ်ဖြစ်ရှာရဦးမည်။

"ကဲဟေ့… ရေနွေးယူလာပေးစမ်း"

"ဟုတ်ကဲ့ အာစရိ"

"အေး… ဟုတ်ပြီ။ ကျောကုန်းကို လောင်းကွာ။ ပြီးတော့မှ အမွေးခြစ်မယ်"

တပည့်လုပ်သူက ခပ်ယူလာသော ရေနွေးပူပူအား သက်မဲ့ခန္ဓာရှင် ဝက်၏ ကျောကုန်းပေါ်သို့ လောင်းချလိုက်လေသည်။ သည်

အပူက ဝက်၏ မည်းနက်သော အမွေးအမှင်တို့အား ကျွတ်ထွက်သွားစေခဲ့သည်လား။ စုန္ဒသည် မြက်မီးရှူးများကို ယူငင်ကာ လုံးထွေးလိုက်သည်။ ထို့နောက် မြက်မီးရှူးဖြင့် ဝက်၏ ကျောကုန်းမှ ပွတ်ချလိုက်သည်။ ဝက်မွေးတို့ကား အထွေးလိုက် အထွေးလိုက်နှင့် ကျွတ်သွားကြကုန်၏။ ရေနွေးတွေ လောင်းချလိုက်၊ မြက်မီးရှူးများဖြင့် ပွတ်တိုက်လိုက် သည်လိုမျိုး အကြိမ်ရေ အတော်များများ လုပ်အပြီးမှာတော့ နဂိုမူလ အမည်းရောင်ဝက်သည် ဖွေးဖွေးဖြူဖြူဝက်အဖြစ်သို့ အသွင်ပြောင်းလေတော့သည်။ ထိုအချိန်ဝယ် စုန္ဒ၏ တပည့်တစ်ဦးသည် ဓား၊ သန်လျက်တို့ကို ကျောက်ကြမ်း၊ ကျောက်နုတို့၏ မျက်နှာပြင်ပေါ်၌ တရှပ်ရှပ်မြည်အောင် အချက်ကျကျ သွေးနေလေသည်။

"ကဲ… ပေးစမ်းဟေ့ သန်လျက်။ ခွက်ကို အဆင်သင့်ခံထားနော်"

"စိတ်ချပါ အာစရိ"

စုန္ဒသည် လက်ထဲရောက်လာသော သန်လျက်အသွားကို လက်မဖြင့် စမ်းကြည့်လိုက်သည်။ ဒါနှင့်တင် အားရဟန် မတူသေး။ ၎င်း၏ ဆံတစ်မျှင်အား ဆတ်ခနဲ နုတ်လျက် သန်လျက်သွားပေါ် ကန့်လန့်ဖြတ်တင်ကာ ဖူးခနဲ မှုတ်ထည့်လိုက်သည်။ သည်လေအဟုန်ကြောင့် ဆံမျှင်စသည် တိခနဲဆိုသလို ပြတ်တောက်သွားလေသည်။ သည်လိုထက်ရှမှုကြောင့် စုန္ဒလည်း အားရကျေနပ်ခြင်းကြီးစွာဖြင့် အပြုံးတစ်ပွင့်ကို ဖွင့်လှပ်လိုက်သည်။

"ကဲ… လာလေရော့"

"နုပ်"

ဝက်၏ ဇက်ပိုးနှင့် သန်လျက်သွား၏ ထိရှသံက စုန္ဒအတွက် တော့လှပသော ဂီတသံစဉ်တစ်ခု ဖြစ်လိမ့်မည်ထင်သည်။ အားမာန် အပြည့်ဖြင့် လွှဲခုတ်မှု၊ သန်လျက်သွား၏ ထိရှမှုတို့က ဝက်၏ ခေါင်းနှင့် ခန္ဓာကိုယ်အား အိုးစားကွဲသွားစေခဲ့သည်။ ထိုသို့ဖြစ်လျှင်ဖြစ်ခြင်း မှာပင် သွေးတို့သည် အဟုန်ပြင်းစွာဖြင့် တပွပ်ပွပ်ကန်ထွက်ကြကုန် သည်။ သည်သွေးတို့ကို တပည့်ဖြစ်သူက အင်တုံခွက်ဖြင့် ခံထား လိုက်သည်။

"ပြီးရင် ရင်ခွဲမယ်ဟေ့။ ခွဲပြီး ကလီစာတွေ ထုတ်မယ်။ ကလီစာနဲ့ ဝက်သွေးကို နယ်ပြီး မိန်းမကို ကြော်တန် ကြော်၊ ချက်တန် ချက်ခိုင်းရမယ်။ ပြီးရင် ဦးရေမီးတောက်နဲ့ ဆက်ရက်မင်းစည်းစိမ် ခံကြတာပေါ့ကွယ်"

"သိပ်ကောင်းတာပေါ့ အာစရိရယ်"

အိမ်ရှင်မက ဝက်သွေးနှင့် ကလီစာတို့အား ကြော်တန်ကြော်၊ ချက်တန်ချက် လုပ်နေသည့်အခိုက်ဝယ် စုန္ဒတို့ ဆရာတပည့်သည် လည်း ဝက်သားကို ရောင်းချရန်အတွက် သွက်လက်ကျွမ်းကျင်စွာဖြင့် ခုတ်တန်သည် ခုတ်၊ ထစ်တန်သည် ထစ်၊ ချိန်တန်သည် ချိန်၊ တွဲတန် သည် တွဲ လုပ်ကိုင်နေကြလေသည်။

သည်လိုမျိုး ဝက်သတ်သည့်အလုပ်၌ မျောနစ်နေခဲ့သော ကာလသည် နှစ်ကာလ အရေအတွက်အားဖြင့် ငါးဆယ့်ငါးနှစ်တိုင်ခဲ့ ပြီ ဖြစ်သည်။ သူနေထိုင်ရာ အိမ်ဂေဟာသည် ဂေါတမဘုရားရှင်

သီတင်းသုံးတော်မူသော ကျောင်းနှင့် ဘာမျှအဝေးကြီးမဟုတ်။ သို့ဖြစ်လင့်ကစား သူ့မှာ သီလစောင့်ဖို့ ဝေလာဝေး၊ ဒါနဆို၍လည်း နှမ်းတစ်စေ့မျှပင် စိတ်ကူးမပေါ်ခဲ့။ သူ့သက်တမ်းတစ်လျှောက် ပန်းကလေးတစ်ဆုပ်မျှပင် မလှူခဲ့ဖူးသလို ဆွမ်းတစ်ယောက်မျှလည်း လှူရန် စိတ်မကူးခဲ့။ ကုသိုလ်ကောင်းမှုဟူသည် သူနှင့် လုံးဝဖီလာ ဆန့်ကျင်ကာ ပြဒါးတစ်လမ်း၊ သံတစ်လမ်း။

ခု စုန္ဒအိမ်မှ သွေးရူးသွေးတန်းဖြင့် ဝက်အော်သံကို ကြား လိုက်ရတော့ အားလုံး၏ စိတ်ထဲ ကနဦး၌ မထူးသလိုမျိုး ခံစားကြရ သည်။ ထိုအော်သံသည် အသက်ခန္ဓာစဲမည်ဆိုပါက တန့်ရပ်ငြိမ်သက် သွားမည် မုန့်သော်ငြား ခုကျတော့ မရပ်မနားဆိုသလို တရစပ် ထွက်ပေါ်နေခဲ့လေရာ ဆန်းပြီဟု အတွေးဝင်သွားခဲ့ကြတော့သည်။

စုန္ဒအိမ်မှာ ဘာတွေ ဘယ်လို ဖြစ်နေခဲ့ပါသနည်း။

✲

"အိ… အိ… အစ်… အစ်… အား… ပူတယ် ပူတယ်"

စုန္ဒကား ဆောက်တည်မရ။ သူ့တစ်ကိုယ်လုံးသည် အနာတွေ ပရပွဖြစ်နေသည်။ သည်အနာတွေကား ဘယ်က ဘယ်လိုဖြစ်ပေါ် ပေါက်ဖွားလာမှန်းမသိရသည့် အနာများ။

သည်အနာတွေ၏ ကိုက်ခဲမှုဝေဒနာကို ခံစားရင်း ဝမ်းတွင်း ကလီစာအားလုံး အစီစီငရဲမီးနှင့် လောင်မြိုက်သည့်အလား ပူလောင် ပြင်းပြနေလေသည်။ သည်ဝေဒနာကြောင့် ညည်းတွားအော်ဟစ်နေ

သော အသံသည် လူအသံမျိုး မဟုတ်ခဲ့။ တိရစ္ဆာန်အသံ။ တိရစ္ဆာန် အသံမှ သူနှစ်ပေါင်းများစွာ သတ်ဖြတ်ခဲ့သော ဝက်အသံ။ အနာရောဂါ ဝေဒနာ၏ နှိပ်စက်မှုဖြင့်သူသည် ရပ်တည်၍မရ။ ခြေဖဝါးနှစ်ဖက်မှာ လည်း အနာတွေ ပွစိတက်လျက်။ သို့ဖြစ်၍ ဖဝါးခြေချလမ်းလျှောက် ခြင်းငှာ မတတ်နိုင်သည့်အတွက် ဒူးနှစ်ဖက်၊ လက်ဖဝါးနှစ်ဖက် တို့ကို အသုံးပြုကာ လေးဖက်တွားနေရသည်။ ပြီးတော့ များများကြီး လည်း မသွားနိုင်။ အိမ်ရှေ့နံရံမှ အိမ်နောက်နံရံအထိ။ သည်လောက် သွားလိုက်လျှင်ပင် အမောကြီးမောသွားကာ ဟပ်ထိုးလဲကျသွားလေ့ ရှိစမြဲ။

"ဘယ်လိုလုပ်ကြရင် ကောင်းမလဲ"

အိမ်သားတို့သည် အိမ်ဦးရှင်ဖြစ်သော စုန္ဒကို ကြည့်၍ မျက်ရည်ဝဲကြသည်။ အနာတွေ စတင်ပေါက်စဉ်က ဆေးအမျိုးမျိုး လိမ်းကျံစေပါ၏။ မပျောက်ကင်း။ အနာပေါက်ကုသော ဆရာတွေကို ပင့်ဖိတ်ပြသကြည့်၏။ မသက်သာ။ ကံနာဝဋ်နာဟု ဆိုသဖြင့် ဘာလုပ် လို့ ဘာကိုင်ရမှန်း မသိကြကုန်။

"စိတ်ညစ်စရာကွယ်။ သူ့အသံကလည်း ကမ္ဘာပျက်မလား အောက်မေ့ရတယ်"

"ဟိုလျှောက်ဒီလျှောက်နဲ့ မမြင်မစမ်းသလို သွားနေရင် အိမ် အောက် ပြုတ်ကျမှာလည်း စိုးရတယ်"

"ဒီတော့ အော်သံမထွက်အောင် ပါးစပ်ကို အဝတ်နဲ့စည်းရ မယ်။ နောက် သူမပြုတ်ကျအောင် အိမ်တံခါးတွေကို အလုံပိတ်ထား ရမယ်"

အိမ်သားတွေ အားလုံးပင် တိုင်ပင်သည့်အတိုင်း ပါးစပ်ကို ပိတ်၏။ အိမ်တံခါးတွေကို ပိတ်၏။ ထိုရောအခါဝယ် စုန္ဒသည် သူ့ရှိသမျှ အင်အားဖြင့် အဝတ်ကို ဆွဲဖြုတ်၏။ မချိမဆန့် အော်ဟစ်၏။ သည့်အတွက် အသံတွေက ထွက်ပေါ်စမြဲ။

"အီး… အစ်… အစ်… အူး… အူး"

ရင်ခေါင်းထဲမှ လှိုက်၍တက်လာသော အသံတွေက ကြားရသူ အပေါင်း နားအာရုံ ကြမ်းရှသည်က အမှန်။ သည်လိုမျိုး အော်လည်း အော် အိမ်ရှေ့နံရံသို့ လေးဘက်တွားသွားလိုက်၊ နောက်ဘက်သွား လိုက်၊ ပစ်လဲကျသွားနှင့် စုန္ဒ၏ အိမ်တစ်အိမ်လုံးသည် ပြောင်းဆန် နေတော့သည်။ သည်ကာလအတွင်း စုန္ဒသည် အစာလည်း မစားနိုင်။ ယုတ်စွအဆုံး ရေတောင်မှ သောက်၍မရ။ ချွေးသီးချွေးပေါက်တို့သည် သူ့ခန္ဓာကိုယ်အနှံ့ တွဲခိုလျက် ရှိကုန်သည်။

တစ်ရက်။

နှစ်ရက်။

သုံးရက်။

ထိုရက်တွေမှသည် ခုနစ်ရက်မြောက်သော သမယဝယ် စုန္ဒ အိမ်မှ ဝက်အော်သံသည် အုံ့ဩဖွယ်ကောင်းလောက်အောင် တိတ် ဆိတ်ငြိမ်သက်သွားလေသတည်း။

❋

ဆိုခဲ့ပြီးသလိုပင် ကျောင်းတော်နှင့် စုန္ဒအိမ်ဆိုသည်မှာ သိပ်ကွာလှမ်းလှသည်မဟုတ်။

သည်တော့ ဆွမ်းခံကိုယ်တော်တွေအဖို့ အဆိုပါကျက်သရေကင်းမဲ့လှသော အသံကြီးကို ခုနစ်ရက်တာ ကာလပတ်လုံး တောက်လျှောက်စိတ်မချမ်းမြေ့ဖွယ် ကြားနေရလေသည်။ သည့်အတွက် တစ်စုံတစ်ခုတော့ ထူးခြားမှုရှိနေပြီဟု တွေးဆကာ အချင်းချင်း စုဝေးတိုင်ပင်ကြလျက် ဂေါတမဘုရားရှင်ထံတော်မှောက်သို့ ရောက်သွားကြလေသည်။

"ဘုန်းတော်ကြီးလှစွာသော မြတ်စွာဘုရား။ စုန္ဒမည်သော ဝက်သတ်သမားသည် ၎င်းအိမ်တံခါးကို ပိတ်လျက် ဝက်တို့ကို သတ်ဖြတ်နေသည်မှာ ယနေ့ဆိုလျှင် ခုနစ်ရက်မြောက်ဖြစ်ပြီး ဤနေ့မှပင် စိတ်မချမ်းမြေ့ဖွယ်အသံတို့ နိဂုံးကမ္ပတ် အဆုံးသတ်ပါသည်ဘုရား။ တပည့်တော်တို့၏ စိတ်၌ စုန္ဒသည် ၎င်း၏အိမ်တွင် ဝက်တို့သတ်ဖြတ်ကာ ဧည့်ပရိသတ်အပေါင်းအား ကျွေးမွေးရန် မင်္ဂလာအမှုပြုနေသည်ဟု မှတ်ယူပါသည် ဘုရား။

ဘုန်းတော်ကြီးလှစွာသော မြတ်စွာဘုရား။

စုန္ဒသည် အရေအတွက် မြောက်မြားစွာသော ဝက်တို့ကို သတ်ဖြတ်ခဲ့သူဖြစ်ပါ၏။ သူသည် ချစ်ခင်တတ်သော မေတ္တာမရှိ၊ သနားတတ်သော ကရုဏာမရှိသူကဲ့သို့ ကြမ်းတမ်းရက်စက်လှသူမျိုး ဤလောက၌ ရှိလိမ့်မည်မထင်ပါဘုရား"

ရဟန်းတို့သည် သူတို့ ထင်မှတ်ယူဆထားချက်တို့ကို လျှောက်ထားကြကုန်၏။ ဝေခွဲ၍မရသော အဖြစ်သနစ်တို့ကို တင်ပြကြကုန်၏။ ၎င်းတို့ လျှောက်ထားတင်ပြချက် ကုန်စင်ပြီဆိုမှ ဂေါတမဘုရားရှင်က…

"ချစ်သား ရဟန်းတို့။

ထိုစုန္ဒ ဝက်သတ်သမားသည် ချစ်သားတို့ ကြားခဲ့ရသည့်အတိုင်း ခုနစ်ရက်တာကာလပတ်လုံး ဝက်တို့ကို သတ်ဖြတ်နေသည်မဟုတ်။ သူပြုခဲ့သော အကုသိုလ်ကံများနှင့် အတိုင်းအဆတူသောဝဋ်ကြွေးကို ပေးဆပ်နေရခြင်းသာ ဖြစ်သည်။ သူသည် ဤခုနစ်ရက်တာ ကာလပတ်လုံး၌ ငရဲမီးအလား ပြင်းလှစွာသော အပူဒဏ်တို့ကို ခံစားရ၏။ ထိုအပူသည် ဝက်တို့၏ အာခံတွင်းထဲသို့ လောင်းထည့်သော ကျောကုန်းထက်သို့ သွန်းလောင်းသော ရေနွေး၏ အပူဒဏ်ထက်လွန်ကဲ၏။ ၎င်းအပူကား အဝီစိငရဲအပူမည်၏။ ၎င်း၏ ရက်စက်မှုကြောင့် မချိမဆန့်ခံစားရကာ အော်ဟစ်မြည်တမ်းကြကုန်သော ဝက်တို့အလား ၎င်းလည်း ဝဋ်ကြွေးပေးဆပ်ရသည့်အနေဖြင့် ဝက်ကဲ့သို့သော အသံကို အော်ဟစ်မြည်တမ်းကာ ပိတ်လှောင်ထားသော အိမ်အတွင်း၌ လှည့်ပတ်ပြေးနေရလေ၏။ ထိုကာလသည် ခုနစ်ရက်တိုင်တိုင်ဖြစ်ကာ အသံချုပ်ငြိမ်းသွားသည့်အချိန် ဤနေ့တွင်ပင် ၎င်းသည် ကံကုန်ကာ အဝီစိငရဲသို့ ကျသွားပေပြီ။ သို့ဖြစ်၍ ချစ်သားတို့အား ဤဂါထာကို ငါ ဟောတော်မူအံ့။

"ဣဓ သောစတိ ပေစ္စ သောစတိ၊
ပါပကာရီ ဥဘယတ္ထ သောစတိ။
သော သောစတိ သော ဝိဟညတိ
ဒိသွာ ကမ္မကိလိဋ္ဌ မတ္တနော။

ချစ်သားတို့။ ယခု ပစ္စက္ခ ဤဘဝ၌ ဤသို့ စိုးရိမ်ပင်ပန်းပြီး လျှင် တမလွန်လောက နောင်ဘဝ၌လည်း စိုးရိမ်ပင်ပန်းရာ အရပ်မှာ ပင် ဖြစ်ရရှာသည်မှာ သေချာ၏။ ကုသိုလ်အမှု၌ မေ့လျော့ပေါ့ဆ သူသည် ရဟန်းဖြစ်စေ၊ လူဖြစ်စေ၊ တမလွန် နှစ်တန်သော ဘဝတို့၌ စိုးရိမ်ရလေသတည်း"

ဟူ၍ မိန့်ကြားတော်မူလိုက်သည့်အဆုံးဝယ်…

"သာဓု… သာဓု… သာဓု…"

မည်သော အသံတို့သည် ဘဝဂ်လျှံလျက် တရားနာသူများစွာ ပင် သောတာပန်၌ တည်ကြကုန်ချေ၏။

ကုသိုလ်အမှု၌ မေ့လျော့ပေါ့ဆမှု၊ မမေ့မလျော့သတိရှိမှုတို့က လူတို့ ရဟန်းတို့၏ လားရာကို ပြောင်းလဲစေခဲ့ပါတကား။

◆

(၂၀၀၃၊ မေ၊ အတွဲ ၁၊ အမှတ် ၅၊ ပို့ဆောင်ရေးမဂ္ဂဇင်း)

**ကျမ်းကိုး**

❖ **ဓမ္မပဒဝတ္ထုတော်ကြီး ယမကဝဂ်။**

## လာရာလမ်းသို့ ပြန်သည့်အခါ

စင်စစ် သူအုပ်ချုပ်ရသော ရွာသည် နာဋနွမြို့နှင့် ဆိုလျှင် ဝေးသည်လည်း မဟုတ်။ နီးသည်ဟူ၍လည်း မဆိုသာပြန်။

သူ့ကို အုပ်ချုပ်သော ရွာမှ ရွာသူရွာသားများက နာမည်ရင်းထက် 'ရွာသူကြီး' ဆိုသည့် ဂုဏ်ပုဒ္ဒွန်းဆိုသော နာမ်စားကိုသာ လက်ကိုင်ပြုခဲ့လေရာ ကာလကြာလာတော့ သူကိုယ်တိုင်ပင် သူ့အမည်ရင်းကို မေ့လျော့လျက် 'ရွာသူကြီး' ဆိုသည် အမည်နာမကိုပဲ ပျော်ဝင်နစ်မျောသလို ဖြစ်ခဲ့လေတော့သည်။

ခု သူသည် ရွာကလေးမှနေ၍ နာဋနွမြို့သို့ ရောက်ရှိလာခဲ့ချေပြီ။

ရည်ရွယ်ရင်းအတိုင်းပင် နာဋနွမြို့ရှိ ပါဝါရှိကမည်သော သူဌေး၏ သရက်ဥယျာဉ်ရှိရာသို့ ခြေလှမ်းတွေက ဦးတည်လိုက်သည်။

အဲသည်မှာ သရက်ဥယျာဉ်မှာ သူ အလွန်မတန် တွေ့လိုလှစွာသော ဖူးမြော်လိုလှစွာသော ဂေါတမဘုရားရှင် ရှိနေ၊ သီတင်းသုံးနေခဲ့သည် မဟုတ်ပါလား။ လာရင်း ရည်ရွယ်ချက်က ဂေါတမဘုရားရှင်ကို ဖူးမြော်ရုံသက်သက်တင် မဟုတ်။ ဘုရားရှင်သည် ဘယ်လိုမျိုး အရည်အသွေးတွေ ရှိသည့် ဘုရားရှင် ဖြစ်ပါသနည်း။ သူနှင့်တကွသော သတ္တဝါဝေနေယျတို့အား အဘယ်မျှလောက်သော အတိုင်းအတာထိ ဖေးမကူညီလမ်းပြနိုင်ပါသနည်း။ ဒါတွေကိုလည်း သိချင်နေ၍ ဖြစ်သည်။

ထိုသို့သိပါမှလည်း သူ့စိတ်အာရုံအတွင်း တနုံ့နုံ့ဖြစ်နေသော စေတသိက်ကို မြမြကလေး ငြိမ်းစေမည် မဟုတ်ပါလား။

❉

သူ၏ လာခြင်းကိစ္စကို ဂေါတမဘုရားရှင်သည် တင်ကြို သိတော်မူခဲ့သည်။

သိတော်မူ၍လည်း တစ်ဖက်သား၏ အာရုံ၌ တအုံနွေးနွေး ဖြစ်နေသည့် ပြဿနာရပ်များကို အမြစ်ပြတ်အောင် ရှင်းလင်းပစ်ဖို့ အဖြေတွေက ရှိနေခဲ့ပြီးသား။

သူသည် ဘုရားရှင် သီတင်းသုံးတော်မူရာအပါး သိမ်သိမ်မွေ့မွေ့ကလေး တိုးကပ်၍ ဦးစွာ ထိခြင်းငါးပါးနှင့် ဖူးမြော် ပူဇော်လိုက်သည်။ ပြီးတော့မှ သူသိလိုသော ပြဿနာတို့ကို စတင်ခွင့်ပန် လျှောက်ထားလေတော့သည်။

"အရှင်ဘုရား။

မဇ္ဈိမဒေသမှာ ရှိနေကြတဲ့ ပုဏ္ဏားတွေက သူတို့ဟာ သေလွန်တဲ့ သူ မှန်သမျှကို နတ်ပြည်ရောက်အောင် ပို့ဆောင်ပေးနိုင်တယ်လို့ ဗျာရိုးကိုးပေါက် သတင်းဖြန့်နေကြပါတယ်ဘုရား။ အဲဒီစကားကြောင့် လူတော်များများ ပုဏ္ဏားတွေကို လာဘ်လာဘတွေ လှူဒါန်းပြီး အားကိုးတကြီးနဲ့ ပူဇော်သမှု ပြုနေကြပါတယ်ဘုရား။

တပည့်တော်သိလိုတာက ပူဇော်အထူးကို ခံယူတော်မူထိုက်တဲ့ အရှင်ဘုရားသည်လည်း ပုဏ္ဏားတွေနဲ့မခြား လူတွေ သေလွန်ရင် နတ်ပြည်ရောက်အောင် ပို့ဆောင်ပေးနိုင်စွမ်းရှိပါသလားဘုရား။ တပည့်တော်ဟာ အဲဒီကိစ္စသိချင်တဲ့အတွက် အရှင်ဘုရားရှေ့တော်မှောက် ရောက်လာခဲ့ရတာပါဘုရား"

သည်အမေးစကား ဆုံးသွားတော့ ဘုရားရှင်အဖို့ တစ်ဖက်သား၏ အမေးစကားကို တန်ပြန်အမေးစကားဖြင့် အဓိပ္ပာယ်ရှင်းသွားစေဖို့ ဖန်တီးလိုက်သည်။ သည်အမေးစကားက အင်မတန်မှ ပုထုဇဉ်တွေ စိတ်ဝင်စားလောက်သည့် အမေးစကား ဖြစ်သည်။ ဟုတ်မည်။ ဒါကြောင့်လည်း ဤတရားသဘင်အတွင်း ရှိနေကြကုန်သော ရဟန်းရှင်လူများ ငြိမ်သက်တိတ်ဆိတ်စွာဖြင့် အကြားအာရုံကို စွင့်ထားနေကြသည်ပဲ မဟုတ်ပါလား။

"ဒကာတော် ရှာသူကြီး။

ဒီလိုဆိုရင် အဲဒီအချက်နဲ့ ပတ်သက်ပြီး သင့်ကိုပဲ ပြန်မေးရပါလိမ့်မယ်။ ဖြတတ်သလောက်၊ သင်ကျေနပ်သလောက်၊ ဖြေချင်သလောက် ဖြေပါ ရှာသူကြီး"

"တင်ပါ့ဘုရား။ မေးတော်မူပါ။ အရှင်ဘုရားမေးသမျှ တပည့်တော် ဉာဏ်မီသလောက် ဖြေဆိုတော်မူပါမည်ဘုရား"

"သာဓု... သာဓု... သာဓု...ရှာသူကြီး။ လူတစ်ယောက်ဟာ ကျောက်တုံးကြီးတစ်တုံးကို မပြီး အလွန်မတန်နက်တဲ့ ရေတွင်းထဲ ပစ်ချလိုက်တယ်ဆိုပါစို့။ အဲဒီလိုချပြီးတဲ့နောက် 'ဟော့... ကျောက်တုံး၊ ထပါတော့လား။ ဟော့... ကျောက်တုံး။ ရေထဲကနေ ဘွားခနဲပေါ်လာပါတော့လား။ ဟော့... ကျောက်တုံး ကုန်းပေါ်ကို တက်ခဲ့ပါတော့လား' ဆိုပြီး လူအများကြီးက ဝိုင်းပြီး တောင်းပန်ကြမယ်။ ပြီးတော့ လက်အုပ်ကလေးတချီချီနဲ့ အကြိမ်ကြိမ်ဆုတောင်းမယ်ဆိုကြပါစို့။

အဲသလို ဝိုင်းတောင်းပန်ကြတဲ့အတွက် ဝိုင်းပြီး လက်အုပ်ကလေး တချီချီနဲ့ ဆုတောင်းကြတဲ့အတွက် အဲဒီကျောက်တုံးကြီးဟာ ရေထဲက ဘွားခနဲပေါ်လာပါ့မလား။ ကုန်းပေါ်ကို တက်ခဲ့ပါ့မလား။ ဖြေကြည့်ပါဦး ရှာသူကြီး"

ဘုရားရှင်ထံမှ ပွင့်အံတော်မူလာသည့် မေးခွန်းက ကွေ့ကွေ့ ကောက်ကောက်မဟုတ်။ ဝက်ႏွမဆန်။ အဖြေပေးရန်လည်း ခက်ခက်ခဲခဲ မဟုတ်။ သည်တော့...

"ပူဇော်အထူးကို ခံယူတော်မူထိုက်တဲ့ အရှင်မြတ်ဘုရား။ အဲဒီကျောက်တုံးကြီးဟာ ဘယ်လိုမှ ရေထဲက ပေါ်လာနိုင်မှာ မဟုတ်သလို ကုန်းပေါ်ကိုလည်း ဘယ်လိုမှ တက်လာနိုင်မှာ မဟုတ်ပါဘူး ဘုရား"

ဟူသည့် ပြန်လည်လျှောက်ထားသံကြားတော့ ဘုရားရှင်မှ ကျေနပ်အားရစွာဖြင့် ညင်သာသိမ်မွေ့စွာ ဦးခေါင်းတော်ကို ညိတ်ပြလိုက်သည်။

"ရွာသူကြီး။ သင့်ကို ဥပမာတစ်ခုလောက် ထပ်ဆောင်ပြချင်ပါသေးတယ်။

ဆိုကြပါစို့။ လူတစ်ယောက်ဟာ ထောပတ်အိုးကို ဖြစ်ဖြစ်၊ ဆီအိုးကိုဖြစ်ဖြစ် ရေကန်ထဲမှာ နစ်မြုပ်ပြီး ရိုက်ခွဲလိုက်တယ် ဆိုပါတော့။ အဲဒီလို ရိုက်ခွဲလိုက်တဲ့အခါ အိုးခြမ်းကွဲတွေက အောက်ကို ကျပြီး ထောပတ်တွေ ဆီတွေက ရေပေါ်တက်လာကြမယ် မဟုတ်လား"

"မှန်ပါတယ် ဘုရား"

"အဲဒီအခါ လူတွေစုဝေးကြပြီး 'ဒီ ထောပတ်တွေ၊ ဆီတွေ ရေအောက်ကို ကျသွားပါစေ။ နစ်မြုပ်သွားပါစေ'လို့ လက်အုပ်ချီပြီး အကြိမ်ကြိမ်ဆုတောင်းကြတယ်ဆိုပါတော့။ သူတို့ အဲသည်လို ဝိုင်းပြီး ဆုတောင်းကြတဲ့အတွက် ဒီထောပတ်တွေ၊ ဆီတွေဟာ ရေအောက်ကို ကျသွားမလား။ နစ်မြုပ်သွားမလား။ ကဲ... ဖြေပါ ရွာသူကြီး"

"တင်ပါ့ဘုရား။ ဘယ်လိုမျိုးမှ အဲဒီထောပတ်တွေက ရေအောက်ကို ကျသွားမှာ မဟုတ်သလို၊ ရေအောက်ကို နစ်မြုပ်သွားခြင်းလည်း မဖြစ်နိုင်ပါဘူးဘုရား"

အမေးနှင့် အဖြေကား ညီညွတ်နေသည်။ မျှတနေသည်။ နရီစည်းဝါးကိုက်ညီနေသည်။ သည်လို အနေအထားမျိုးကို ရောက်လေ

တော့ ဂေါတမဘုရားရှင်လည်း ရှာသူကြီးနှင့်တကွ တရားနာ ပရိသတ် အပေါင်းအား ထူးမြတ်သော အသိတရားများ ရစေလိုသည်သာမက ဘုရားရှင်တို့၏ စွမ်းပကားကို သိစွမ်းနိုင်ရန် ပွဲသိမ်းဟု ဆိုထိုက်လှစွာ သော စကားတို့ကို မြွက်ကြားလေတော့သည်။

"ရှာသူကြီး။

အဲဒီ ဥပမာတွေလိုပဲ လူတစ်ယောက်မှာ ဒါနကုသိုလ်၊ သီလ ကုသိုလ်၊ ဘာဝနာကုသိုလ်တွေ မရှိဘဲ ဒုစရိုက်တွေကိုသာ ကျူးလွန် နေမယ်ဆိုရင် အဲဒီလူ သေလွန်တဲ့အခါ အဲဒီလူ နတ်ပြည်ရောက်ပါ စေလို့ ဘယ်သူတွေက ဘယ်လောက်ပဲဆုတောင်း၊ ဆုတောင်း အဲဒီလူက ငရဲကိုကျမှာ ကျိန်းသေပဲ။

လူတစ်ယောက်မှာ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာ ကုသိုလ်တွေ ရှိနေမယ်ဆိုရင် အဲဒီလူ ငရဲကျပါစေလို့ ဘယ်သူတွေက ဘယ်လောက်ပဲ ဝိုင်းပြီး လက်အုပ်ချီ ဆုတောင်းနေပေဦးတော့ အဲဒီလူ ဟာ နတ်ပြည်ရောက်မှာပဲ ရှာသူကြီး။

ရှာသူကြီး။

လောကမှာ မိမိသည် မကောင်းမှုကို ပြုခဲ့လျှင် မိမိပင် ညစ် နွမ်းရပါတယ်။ မကောင်းမှုကို မိမိသည် မပြုခဲ့လျှင် မိမိပင် စင်ကြယ် ပါတယ်။ ညစ်နွမ်းခြင်းဟာ ဆင်းရဲခြင်းဖြစ်ပြီး၊ စင်ကြယ်ခြင်းဟာ ချမ်းသာခြင်းဖြစ်ပါတယ် ဒကာ"

"တင်ပါ့ဘုရား"

"ရှာသူကြီး။

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့သာမက ဘုရားရှင်ပင်လျှင် လူတစ်ယောက်ကို ကောင်းမွန်တဲ့နည်းလမ်း ပြနိုင်ရုံကလွဲလို့ စင်ကြယ်အောင်၊ ကောင်းစားချမ်းသာအောင် မသုတ်သင်နိုင်၊ မပြုလုပ်နိုင်ပါဘူး ဒကာတော်။

လောကမှာ 'အတ္တာဟိ အတ္တော နာထော' ဆိုသကဲ့သို့ မိမိသည်သာလျှင် ကိုးစားရာဖြစ်ပါတယ်။ တစ်ပါးသူဆိုတာ မိမိရဲ့ ကိုးစားရာလုံးဝမဖြစ်နိုင်ပါဘူး ဒကာ။

'ငါ့မှာ ငါလုပ်ခဲ့တဲ့ ကံသာလျှင် ငါ့ဥစ္စာအဖြစ်နဲ့ ရှိပါတယ်။ ငါ့ကံကို ငါအမွေခံရမယ်။ ငါတွေ့ရသမျှ အကောင်းအဆိုးတွေရဲ့ အကြောင်းရင်းအစစ်ဟာ ငါလုပ်ခဲ့တဲ့ ကံတွေပဲ ဖြစ်တယ်။ ငါ့မှာ ငါလုပ်ခဲ့တဲ့ ကံသာလျှင် ငါ့အဆွေအမျိုး အဖြစ်နဲ့ ရှိတယ်။ ငါလုပ်ခဲ့တဲ့ ကံသာလျှင် ငါ့ရဲ့ ကိုးကွယ်ရာ လဲလျောင်းရာ ဖြစ်တယ်။ ငါလုပ်ခဲ့သမျှ ကောင်းတဲ့ကံတွေနဲ့ မကောင်းတဲ့ကံတွေ အားလုံးကို ငါအမွေခံရမယ်' ဆိုတဲ့အသိကို နေ့ညမပြတ် ဆင်ခြင်ရပါလိမ့်မယ် ဒကာ"

"တင်ပါ့ဘုရား။

ခုချိန်မှာ တပည့်တော်အဖို့ ဦးနှောက်တွင်း ကျပ်ခဲပိတ်ဆို့နေတဲ့ ဆီးနှင်းမြူတိမ်သူရိန်မီးခိုးတို့ ကင်းစင်ပြီး ကြည်ကြည်လင်လင် ဖြစ်သွားပါပြီ ဘုရား"

ရွာသူကြီး၏ စကားကို ဘုရားရှင်မှ ကျေနပ်အားရမိလေသလားမသိ။ သိမ်မွေ့နူးညံ့စွာ ပြုံးလိုက်သော အနုမောဒနာသံက ကြားရသူ၏ ဖရဏာပီတိအား ဥမ်းဆီထိသည့်အလား ရှန်းအိသွားရပါလေတော့သည်။

※

နငွနှမြို့ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်မှ သူထွက်ခွာလာတော့ သူ၏ ခြေလှမ်းများသည် ရွာမှ ထွက်လာကာစနှင့် မတူ။ ပေါ့ပါးလန်းဆတ်နေခဲ့သည်။

သူ၌ ပစ္စဘူမိပုဏ္ဏားတို့၏ ဆင်ခြင်ကင်းမဲ့လှစွာသော စကားတို့ကို ယုံကြည်ဖို့ရာ ဘယ်အကန့်မျှ မရှိတော့။ လူတစ်ယောက်အဖို့ ကိုယ်စိုက်ပျိုးသော ကောက်နှံကို ကိုယ်သာလျှင် ရိတ်သိမ်းရတတ်သည် ဆိုသော သဘောကိုလည်း ပြက်ပြက်ထင်ထင် နားလည်သဘောပေါက်လိုက်သည်။ ဒါတင်မက ဘုရားရှင်ဟူသည် လူ့ပြည်ကို ရောက်စေနိုင်သော တရားတော်တွေကို သိသူ၊ အပါယ်လေးဘုံသို့ ရောက်စေနိုင်သော တရားတွေကို သိသူ၊ နတ်ပြည်ခြောက်ထပ်သို့ ရောက်စေနိုင်သော တရားတော်တွေကို သိသူ၊ ဗြဟ္မာဘုံ (၂၀)သို့ ရောက်စေနိုင်သည့် တရားတော်တွေကိုလည်း သိသူ၊ နိဗ္ဗာန်ကို ရောက်စေနိုင်သည့် တရားတော်တွေကိုလည်း သိသူ၊ ထိုမျှသာမက 'သမ္မာသမ္ဗုဒ္ဓ' အဖြစ် အလုံးစုံကို မခြွင်းမချန်သိတော်မူသည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်အဖြစ် လက်ခံလိုက်ပြီ ဖြစ်လေရာ…

•

•

ယမင်းခါပေ

သူ၏ လာခြင်းသည် ကောင်းမွန်သော လာခြင်းဖြစ်၍ သူ၏ ပြန်ခြင်းမှာလည်း ကောင်းမွန်သော ပြန်ခြင်းဖြစ်သည်ကား သေချာ လွန်းလှပေတော့သတည်း။

◆

(၂၀၀၃၊ စက်တင်ဘာလ၊ မြရည်သီတာမဂ္ဂဇင်း)

ကျမ်းကိုး

- ❖ ဓမ္မပဒ၊ ဂါထာ (၁၆၅)
- ❖ အရှင် ဓမ္မဓန၏ အမြွက်ဆုံးသုံးဆူ။

ယမင်းစာပေ

## မြင်တတ်သူ

ဝစ္စပရဗိုဇ်အဖို့ ဂေါတမထံမှ ကြားလိုက်ရသော စကားကြောင့် သူ့ရင်တစ်ခုလုံး လှုပ်ခတ်သွားသလို ခံစားရလေသည်။ သူကြားရမည်ဟု ထင်ထားလေသော စကားနှင့် ကြားလိုက်ရသော စကားတွေက ဆန့်ကျင်ဘက်အသွင် ဆောင်နေကြသည်။

သူသည် ပရဗိုဇ်အနွယ်စစ်စစ်တစ်ဦးဖြစ်သည်မှာ မှန်၏။

သို့သော်ငြား သူ့အနွယ် ပရဗိုဇ်တို့ကဲ့သို့ အယူဝါဒမှန်သမျှကို တရားသေဆုပ်ကိုင်ခြင်းအလုပ်ကို သူ မလုပ်။ တရားစစ်တရားမှန်ဟူသည် အဘယ်နည်း။ တရားအစစ်အမှန်ကို ဟောကြားနိုင်သည့် ပုဂ္ဂိုလ်အစစ်အမှန်ကား မည်သူဖြစ်မည်နည်း။ ဒါကို သူအမြဲပင် လှေ့လာတွေးဆနေသည်မှာ ကာလတွေ ဆံပင်ဖြူခဲ့ပါပကော။ တရားတော် အစစ်အမှန်၊ ပြီးတော့ စစ်မှန်သော တရားတော်တို့အား

ယမင်းဓာ၆ပ

ကွင်းကွင်းကွက်ကွက် ပြက်ပြက်ထင်ထင် ပေါ်ကြွားနိုင်သော ပုဂ္ဂိုလ်။ ဒါတွေကို သူသေချာတိကျ ယုံမှားကင်းစွာ သိရပြီဆိုလျှင်ဖြင့် ထိုပုဂ္ဂိုလ် သည် မည်သည့်အမျိုးဇာတိ၌ ဖြစ်နေပါစေ။ ထိုပုဂ္ဂိုလ်ထံ၌ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးဆိုသကဲ့သို့ ဝပ်တွားဆည်းကပ်တော့မှာ သေချာသည်။

ဝစ္ဆအဖို့ သူတို့အနွယ် ပရိဗိုဇ်တွေကို ငဲ့စောင်းကြည့်လိုက်သည်။

သူတို့သူတို့သည် ဂေါတမဟူသော အမည်နာမ ယခုကဲ့သို့ ဟိန်းထွက်မလာခဲ့ခင်ကပင် သူ့ဂိုဏ်းနှင့်သူ ရှိခဲ့ကြပြီးသား။ သူတို့ ရှေ့ဆရာနှင့် သူတို့၊ သူတို့ကျင့်စဉ်နှင့် သူတို့ဆိုတော့ သူတို့သည် ဂေါတမ ပွင့်ပြူလာခြင်းအပေါ် အလိုမရှိခဲ့ကြ။ ဂေါတမအပေါ်၌လည်း အယုံအကြည်မရှိခဲ့ကြ။ ထို့ကြောင့်ပင်လျှင် ဂေါတမအပေါ်၌ ဂုဏ်တုဖက်ပြိုင်ချင်ကြသည့် လုပ်ရပ်တွေထဲ၌ အနတ္တဂမဆိုသလို အများကြီးဖြစ်နေခဲ့သည်။ ထိုအထဲ၌ သစ္စက မည်သော ပရိဗိုဇ်ဆိုလျှင် စိတ်ဓာတ်အပြင်းအထန်ဆုံး။

ဝစ္ဆအနေနှင့်ကတော့ ဂေါတမအား ဂုဏ်တုဂုဏ်ပြိုင်လုပ်ဖို့လည်း မရည်ရွယ်ခဲ့ရိုး အမှန်ပါ။ သူ့စိတ်၌ ရှုပ်ထွေးနွယ်ခက်သော အကြောင်းတရားတို့အား လင်းသွား၊ ထင်းသွားစေချင်သည်။ တရားစစ် တရားမှန်ဆိုတာ ဘာလဲဟူ၍ သိချင်ခဲ့သည်။ တရားစစ် တရားမှန်ဟုတ်မဟုတ်ကိုလည်း ကျင့်လိုခဲ့သည်။ ပြီးတော့ တရားစစ်တရားအမှန်ကို လမ်းပြနိုင်သော ပုဂ္ဂိုလ်ထူးအား ဆည်းကပ်ကိုးကွယ်ချင်ခဲ့သည်။

သည့်အတွက်ပင် ဂေါတမ မည်သော ပုဂ္ဂိုလ်ထံ သူ ရဲဝံ့စွာ ထွက်လာခဲ့သည်မဟုတ်ပါလား။

*

ဂေါတမဘုရားရှင်ကား သူ့ထံ တရွေ့ရွေ့လှမ်းလာနေသည့် ဝစ္ဆပရဗိုဇ်ကို လှမ်းကြည့်လိုက်ရင်း ဝစ္ဆပရဗိုဇ်၏ အနာဂတ်ကို ဆင်ခြင်ကြည့်တော်မူလိုက်သည်။

ဝစ္ဆကား ပါရမီမျိုးစေ့ ရှိနေသူတစ်ဦးပါကလား။ သည့်အတွက် ဝစ္ဆနှင့် အချိုးညီမျှသည့် နည်းလမ်းအသွယ်သွယ်တို့အား ရွေးချယ်တော်မူလိုက်ပါချေသည်။ တရားသဘင်အတွင်းသို့ ရောက်တော့ ဝစ္ဆသည် သူ့ကိုယ်သူ ပရဗိုဇ်တစ်ဦးဆိုသည့် ဝတ်ရုံလွှာကို ခွာချလျက် တရားနာ ပရိသတ်နည်းတူပင် ဂေါတမဘုရားရှင်ထံမှ တရားတော်တို့ကို နာယူပါချေ၏။ တရားတော်ဆုံးလေတော့ ဝစ္ဆသည် တရားနာပရိသတ် အကြားမှာပင် သူသိလိုသမျှတို့ကို လေးဖင့်တုံ့ဆိုင်းခြင်းမရှိဘဲ မေးမြန်းလျှောက်ထားပါတော့၏။

"ဂေါတမ။ အရှင်ဂေါတမရဲ့ သာသနာတော်မှာ အရှင်ဂေါတမကို ချန်ထားပြီး အရှင်ဂေါတမမှတစ်ပါး ရဟန္တာဖြစ်သွားတဲ့ တပည့်တွေ ရှိပါသေးသလား။ အနာဂါမ်ဖြစ်သွားတဲ့ တပည့်တွေ ရှိပါသေးသလား။ သကဒါဂါမ်ဖြစ်သွားတဲ့ တပည့်တွေ ရှိပါသေးသလား။ သောတာပန်ဖြစ်သွားတဲ့ တပည့်တွေ ရှိပါသေးသလား။ ထင်လင်းမြတ်သားစွာ သိလိုပါတယ် အရှင်ဂေါတမ"

ပစ္စအဖို့ တရားကိုမမြင်သေး၍လား မသိ။ သူ့မျက်မှောက် ရှေ့တူရူတွင် သီတင်းသုံးနေသော ဘုရားရှင်အား ဘုရားရှင်အဖြစ် မမြင်ခဲ့မိသေး။ သည်တော့လည်း သူ့နှုတ်ဖျားမှ ဘုရားဆိုသည့်စကား ကို ဆွံ့အနေခဲ့တာ သေချာသည်။

"ဝစ္စပရဗိုဇ် သင့်အမေးအား မခြွင်းမချန် ငါဖြေကြားပါအံ့။ ငါ့သာသနာတော်မှာ ငါမှတစ်ပါး ရဟန္တာ ဖြစ်သွားသော တပည့်များ၊ အနာဂါမ်ဖြစ်သွားသော တပည့်များ၊ သကဒါဂါမ် ဖြစ်သွားသော တပည့်များ၊ သောတာပန်ဖြစ်သွားသော တပည့်များကား အရေအတွက် အားဖြင့် တစ်ရာ၊ နှစ်ရာ၊ သုံးလေးရာမက များစွာရှိကြပါပေ၏။ သည်စကားကို ငါရဲရဲဝံ့ဝံ့ပြတ်သားစွာ ဆိုပေ၏"

သည်စကားကြားရတော့ ဝစ္စ၏ ကျောပြင်၊ လက်မောင်းပြင် တို့၌ ဖြန့်းခနဲဆိုသလို ကြက်သီးမွေးညင်းများ ထသွားကြချေတော့ သည်။ တည်ကြည်သော သမာဓိ၊ ပြတ်သားရဲဝံ့သော စကားတွေက သို့လော သို့လောဆိုသည့် သံသယမြူမှုန်တို့အား လွင့်စဉ်စီးမျော သွားစေခဲ့သည်။ သူ မနေသာတော့။ သူ ကြားလိုသော စကားတို့ကို လစ်ကွက်ဟာကွက်မရှိအောင် ချေစပ်သေချာစွာ ဟောကြားနိုင်ခဲ့သော ပုဂ္ဂိုလ်မြတ်အား ဘုရားရှင်အစစ်အမှန်ဆိုသည်ကို လက်ခံယုံကြည် လိုက်ပေပြီ။ သူ တရားကိုလည်း မြင်ခဲ့ပြီ။ ဘုရားကိုလည်း မြင်ခဲ့ပြီ။

"အရှင်ဘုရား။ အရှင်ဘုရားရဲ့ တရားဟာ အရှင်တစ်ပါး တည်း အတွက်သာ ပြည့်စုံတယ်လို့ဆိုရင်ဖြင့် ဘုရားရှင်ရဲ့ မြတ်တဲ့ အကျင့်ဟာ မပြည့်စုံဘူး။ တခြားသူတွေအတွက် အားကိုးစရာ မရှိဘူး

ဆိုပြီး တပည့်တော် သတ်မှတ်လို့ ဒီနေရာကပဲ တပည့်တော် ထထွက်သွားတော့မယ်လို့ ဆုံးဖြတ်ခဲ့ပါတယ် ဘုရား"

"အခုတော့ဖြင့် အရှင်ဘုရားရဲ့ တရားဟာ အရှင်တစ်ပါးတည်းအတွက် သက်သက်မဟုတ်ဘဲ ရဟန်းတွေရော၊ ရဟန်းအမတွေရော၊ လူဝတ်ကြောင်တွေအတွက်ပါ အစစအရာရာ ပြည့်စုံနေတယ်ဆိုတော့ အရှင်ဘုရားရဲ့ မြတ်တဲ့ကျင့်စဉ်ကို တပည့်တော် နှလုံးမိုက်မိပါပြီဘုရား။ အစစအရာရာ လိုလေသေးမရှိအောင် ပြည့်စုံနေတဲ့တရားပိုင်ရှင် အစစ်၊ အရှင့်ထံပါးမှ ကျင့်ကြံအားထုတ်လိုတဲ့အတွက် တပည့်တော်အပေါ် သနားသဖြင့် ရဟန်းပြုခွင့် ပေးတော်မူပါဘုရား"

"ကောင်းပြီ။ ချစ်သော ဝစ္ဆ။ သင့်အား ငါ၏ သာသနာတော်၌ ရဟန်းအဖြစ် ပေးသနားတော်မူပါမယ်"

"သာဓု… သာဓု… သာဓုပါဘုရား"

ဝစ္ဆအား ပရိဗိုဇ်အရေခွံခွာလျက် ရဟန်းအဖြစ်ပြောင်းလဲပြီးခဲ့သည့် တဒဂ်မှာပင် ဘုရားရှင်သည် ဉာဏ်တော်ဖြင့် ကြည့်လိုက်သည်။ ဝစ္ဆ၌ ထူးခြားသည့် အသိဉာဏ်တွေနှင့် ပြည့်စုံနေသည်ကိုလည်း တွေ့မြင်နေရသည်။ သည့်အတွက် အထွေထွေအမျိုးမျိုး တန်ခိုးဖန်ဆင်းနိုင်သည့် ဣဒ္ဓိဝိဓအဘိညာဉ်၊ အသံဟူသမျှကို ကြားနိုင်သည့်ဒိဗ္ဗသောတအဘိညာဉ်၊ သူတစ်ထူး၏ စိတ်ကို သိစေနိုင်သည့် စေတောပရိယအဘိညာဉ်၊ ရှေးရှေးဘဝဟောင်းတို့အား အောက်မေ့ ဆင်ခြင်သိမြင်နိုင်သည့် ပုဗ္ဗေနိဝါသအဘိညာဉ်၊ အဆင်းဟူသမျှ မြင်နိုင်သည့်ဒိဗ္ဗစက္ခုအဘိညာဉ်တို့သာမက အာသဝက္ခယအဘိညာဉ်ဖြစ်သည့်

အရဟတ္တမဂ်ဉာဏ်တို့ကို ရရှိစေနိုင်သော တရားတော်တို့အား နည်းလမ်းညွှန်ပြတော်မူခဲ့ပါချေသည်။

❋

တစ်နေ့…

အနယ်နယ်အရပ်ရပ်တွင် ရှိကြကုန်သော ရဟန်းအပေါင်းတို့သည် မြတ်စွာဘုရားအား ဖူးမြင်ကြရန် အလို့ငှာ တောလမ်းကလေးအတိုင်း ဖြတ်သန်းသွားလာကြကုန်သည်။

သည်ခဏ ရဟန်းအိုကြီးတစ်ပါးသည် တောလမ်းကလေးအတိုင်း လျှောက်လှမ်းနေကြသော ရဟန်းတို့အား ဆီးတားလိုက်ပြီး…

"အရှင်တို့။ ဘုရားရှင်ရှိရာ ရောက်ကြတဲ့အခါ အကျွန်ုပ်ရဲ့ကိုယ်စား မြတ်စွာဘုရားကို ရှိခိုးရစ်ကြပါ။ အကျွန်ုပ်ရှိခိုးကြောင်းကိုလည်း ဘုရားရှင်အား လျှောက်ထားပေးတော်မူပါ။ အရှင်ဘုရား ဝဍ္ဍဂေါတ္တရဟန်းဟာ မြတ်စွာဘုရားရဲ့ ခြေတော်အစုံကို ဦးခိုက်ပူဇော်ပါတယ်။ ဝဍ္ဍဂေါတ္တရဟန်းဟာ ဘုန်းတော်ကြီးမားသော မြတ်စွာဘုရားအား ပူဇော်လုပ်ကျွေးပါတယ်ဆိုတဲ့အကြောင်း လျှောက်ထားပေးတော်မူကြပါ"

ဟူ၍ ဆိုသည့်အခိုက် ဝိစ္ဆပရဗိုဇ်အကြောင်း ကြားဖူးနားဝရှိပေထသော ရဟန်းတော်တွေခမျာ အံ့အားတသင့် ဖြစ်ကြရလေသည်။

သို့ဖြင့် ဘုရားရှင်ရှေ့တော်မှောက်သို့ ရောက်ကြလေသော် ရဟန်းတို့မှ လမ်းခရီးတွင် တွေ့ကြုံခဲ့ရသော အဖြစ်သနစ်တို့အား လျှောက်ထားလိုက်ကြသည်။

ယမင်းစာပေ

"ကောင်းပေစွ ချစ်သားတို့။ ဝက္ကလိတ္ထေရ်ဟာန်းရဲ့ စိတ်ကို ငါ့စိတ်နဲ့ ပိုင်းခြားသိပြီးခဲ့ပါပြီ၊ သူ့အကြောင်းခြင်းရာနှင့် ပတ်သက်၍ သူ သီတင်းသုံးလျက် အားထုတ်ရာ ဆိတ်ငြိမ်ရာအရပ်မှ နတ်တို့က လည်း ငါဘုရားရှင်အား လျှောက်ထားခဲ့ပြီးကြချေပြီ။ ချစ်သားတို့ ဝက္ကလိတ္ထေရ်ဟာ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူ၊ ကြီးသော တန်ခိုး အာနုဘော်ရှိသူဖြစ်ရုံမက ယခုဆိုလျှင် တေဝိဇ္ဇရဟန္တာအဖြစ်သို့ ကူး ပြောင်းရောက်ရှိသွားခဲ့ပြီ ဖြစ်တယ်။ သူကဲ့သို့ ပမာပုံယူ၍ တရားကို လည်း မြင်ကြလော့။ တရားကို မြင်သည့်အလျောက် ဘုရားကိုလည်း မြင်ကြလော့"

ဟူ၍ မိန့်ကြားသည့် တဒင်္ဂ ရဟန်းအပေါင်းတို့အဖို့ ပီတိ သောမနဿတို့ ကြီးစွာဖြစ်ကာ ကောင်းချီးပေးသံကိုလည်း ဘဝဂ်သို့ လျှံတက်သွားစေတော့သည်။

ဝိစ္ဆပရဗိုဓိဘဝမှ တရားကို တရားမှန်း သိမြင်ခဲ့သော ဘုရားကို တရားမှန်းသိမြင်ခဲ့သော ပုဂ္ဂိုလ်တစ်ဦးကဖြစ်၍ ဘဝတစ်ခုကို ကင်းပြတ် စွာဖြင့် မပြန်ရာလမ်းကို စိတ်ချသွားရလေတော့တကား။

◆

**(၂၀၀၃၊ စက်တင်ဘာလ၊ မဟာမြိုင်မဂ္ဂဇင်း)**

ကျမ်းကိုး

❖ **အရှင် ဓမ္မဓဇ၏ အမြတ်ဆုံးသုံးဆူ (ပ-တွဲ)**

## ယမင်းစာပေမှ ထုတ်ဝေပြီးစာအုပ်များ

၁။ သိမှတ်ဖွယ်ရာ ဆန်းဗေဒင်ပညာ
(ဆရာရဲမြတ်-သုတေသီ)

၂။ ခရစ်ရှနားမူတီး ပဒ္ဓတိရှေ့ဆောင်နက္ခတ်ဗေဒင်ပညာ-မူလဇာတာ ဟောနည်းကျမ်း
(ဆရာရန်အောင်ဟိန်း-B.Sc)

## ယမင်းစာပေမှ စီစဉ်နေသည့် စာအုပ်များ

၁။ ဟိမဝန္တာမှ ဆရာသခင်များ(ဒုတိယတွဲ)
(ဆရာရန်အောင်ဟိန်း B.Sc)

၂။ ခရစ်ရှနားမူတီး ပဒ္ဓတိရှေ့ဆောင်နက္ခတ်ဗေဒင်ပညာ-အရေးကြီးသော မြုပ်ကွက်များ
(ဆရာရန်အောင်ဟိန်း B.Sc)

၃။ အဆင့်မြင့် ဆရာဖြစ် လျှို့ဝှက်ဆန်းကျမ်းဗေဒင်ပညာ
(ဆရာရန်အောင်ဟိန်း B.Sc၊ ဆရာဦးမြတ်လင်း-ဒလ)

၄။ လာခြင်းကောင်းသည့် ခြေလှမ်းများနှင့် ဗုဒ္ဓဝင်ရုပ်သကြေးမုံဝတ္ထုတိုများ(နန္ဒာမိုးကြယ်)

၅။ မွေးရက်သချာဗေဒင် အမှတ် ၁ မှ ၉ အထိ
(ဆရာရန်အောင်ဟိန်း B.Sc)

၅။ ဓနသိဒ္ဓိ နက္ခတ် မွန်းတည့်မျဉ်းဖြတ်ချိန်တွင် ရှုတ်ဖတ်ပူဇော်ရန်နှင့် အခြားလာဘ်ဝင်ဂါထာများ(ဆရာရန်အောင်ဟိန်း B.Sc)